ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday 10 July 2018 ၉၃၇၃

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရှမ်းပြည်နယ်အတွင်းရှိ တာဝန်ရှိသူများအား တွေ့ဆုံ

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများ မှတ်ကျောက်တင်နိုင်ရန် ကြိုးပမ်းကြရမည်ဟု ပြောကြား

တောင်ကြီး ဇူလိုင် ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူနှင့် ဦးသိန်းဆွေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီတွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးလေဆိပ်သို့ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးဖွင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၉** - ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား ( MRTV )၊ MITV၊ mntv၊ SKY Net Up to Date၊ SKY Net တိုင်းရင်းသား၊ SKY Net Hluttaw၊ မြဝတီ(MWD)၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MIR(Radio) နှင့် MOI Webportal Myanmar Facebook၊ MRTV Facebook၊ Myanmar Digital News Facebook၊ President Office၊ Myanmar State Counsellor Office နှင့် Information Committee Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရာနှုန်းပြည့်မိုး

(၁၀-၇-၂၀၁၈)

**နေပြည်တော်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။



# ရာဇဝတ်အထွေထွေလျှောက်ထားမှု(စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) လေးမှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော်  ဇူလိုင်  ၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးအောင်ဇော်သိန်းတို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်း အမှတ်(၁)တွင် ရုံးထိုင်၍ ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကြေးမုံ

# တစ်မျိုးသားလုံး၏ စံပြအာဇာနည်

အာဇာနည်ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မြန်မာအဘိဓာန်တွင် အကြောင်း ဟုတ်၊ မဟုတ်ကို ကောင်းစွာ သိသောသူသည်လည်း တစ်ချက်၊ သာမန်ထက် လက်ရုံးရည် နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သူသည်လည်း တစ်ချက် အချက်နှစ်ချက် ဖော်ပြထားသည်။

ဖော်ပြပါ အာဇာနည်ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ဆင်ခြင်တုံတရား အသိဉာဏ်အားဖြင့် စဉ်းစားဆုံးဖြတ်နိုင်ပြီး သူတကာထက် သာလွန်သော လက်ရုံးရည်ရော နှလုံးရည်ပါပြည့်စုံသည့်အပြင် အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းထမ်းဆောင်သူများအား လေ့လာစေ့ငုကြည့်မည်ဆိုပါက ဤမြန်မာပြည်တွင် ထိုကဲ့သို့သော အာဇာနည်ပုဂ္ဂိုလ်များ များစွာရှိမည်ဟု ဆိုချင်ပါသည်။

မြန်မာနိုင်ငံ၏ ဖြတ်သန်းခဲ့သော သမိုင်းကြောင်းတစ်လျှောက်တွင် ရဟန်းအာဇာနည်၊ လူအာဇာနည်ပုဂ္ဂိုလ်များအား ထုတ်ဖော်ကြည့်မည်ဆိုလျှင် ကျမ်းတစ်စောင်၊ စာတစ်အုပ်မက ရှိပေလိမ့်မည်။ အာဇာနည်ဟုခေါ်ဆိုထိုက်သည့် ထင်ရှားကျော်ကြားသော ရဟန်းရှင်လူ ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်ပါသည်။ သာမန်ပြည်သူအများစုအနေဖြင့် အာဇာနည်ဆိုသည်နှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့ဝင်များကိုသာ မှတ်ယူကြမည်ဖြစ်သည်။ အမှန်တကယ်တွင် အာဇာနည်ဟူသည် မြန်မာအဘိဓာန်တွင် ဖော်ပြထားသည့် ဂုဏ်ဒြပ်များနှင့်ညီညွတ်သော သက်ရှိ၊ သက်မရှိ အားလုံးကိုလည်း အသိအမှတ်ပြုသင့်သည်။

မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းသည်ကား မြန်မာအဘိဓာန်တွင် ဖော်ပြထားသည့် အာဇာနည်ဂုဏ်အင်္ဂါတို့ထက်ပင် ထူးကဲသာလွန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်သာမက ကမ္ဘာတစ်ခွင်ကပါ စံထားအသိအမှတ်ပြုလောက်သည့် ဇမ္ဗူတလူ အာဇာနည်သူရဲကောင်းတစ်ဦးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံရေးလောကသို့ စတင်အခြေချသည်မှ ကျဆုံးချိန်အထိ ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း ထူးခြားသောအရည်အချင်းများနှင့် စွမ်းဆောင်ရည်များကို အံ့ချီးမကုန် ယနေ့ထက်တိုင် မြင်တွေ့ကြားသိနိုင်ပါသည်။

အောင်ဆန်းအာဇာနည်သည်ကား ဉာဏ်အမြော်အမြင်နှင့် တွေးတောကြံဆမှုမြင့်မားသော၊ ကိုယ်ကျင့်တရားကောင်းမွန်သော၊ တိကျခိုင်မာသော ယုံကြည်ချက်၊ ခံယူချက်နှင့် ဆုံးဖြတ်ချက် ပီပြင်သော၊ ပြည်သူနှင့် တစ်သားတည်း နေထိုင်တတ်သော၊ နိုင်ငံ့ခေါင်းဆောင်သာမက အမျိုးသားခေါင်းဆောင် ပီသသော၊ သူရဲကောင်းစိတ်ဓာတ်နှင့် အာဇာနည် စိတ်ဓာတ်တို့ရှိပြီး အရည်အချင်း အရည်အသွေးများ ဘက်ပေါင်းစုံ ပြည့်စုံကုံလုံသော ထူးခြားသည့် အာဇာနည်ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။

အမှန်စင်စစ် လွတ်လပ်ရေးဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီး၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား မှန်ကန်မြင့်မြတ်ပြီး ဆင်ခြင်တုံတရားရှိသော သူရဲကောင်းတစ်ဦးဟု မြန်မာပြည်သူများက နားလည်ထားကြပြီး ဖြစ်ပါသည်။ မိမိအကျိုး၊ မိမိ မိသားစုအကျိုးကို လုံးဝမငဲ့ကွက်ဘဲ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် အစဉ်အမြဲ ရှေးရှုသူ ဖြစ်ပါသည်။ မြန်မာနိုင်ငံ သူ့ကျွန်ဘဝမှလွတ်မြောက်ရေး၊ တစ်မျိုးသားလုံး(ပြည်နယ်၊ ပြည်မမခွဲခြားဘဲ) ကောင်းစားရေး၊ တိုင်းပြည်ပြန်လည်ထူထောင်ရေး စသည့်အရေးပေါင်းများစွာအတွက် နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးအမြင်များ ပြည့်စုံကုံလုံကြွယ်ဝသော အာဇာနည်ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

ချုပ်၍ဆိုရပါလျှင် အာဇာနည်နေ့သို့ ကျရောက်တော့မည့် ဤဇူလိုင်လတွင် သူမတူစံပြုထိုက်သည့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ထူးဝိသေသများကို ရည်မှန်း၍ ကျွန်ုပ်တို့ပြည်သူလူထုအပေါင်းတို့က နိုင်ငံအကျိုး၊ အများအကျိုးအတွက် တစ်ထောင့် တစ်နေရာမှ ပါဝင်ထမ်းဆောင်နိုင်ကြပါစေရန် တိုက်တွန်းအပ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ) လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**သထုံ  ဇူလိုင်  ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သထုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသို့ ဆွစ်ဇာလန်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မုတ္တမ ပင်လယ်ကွေ့စီမံချက်မှ တည်ဆောက်လှူဒါန်းခဲ့သည့် ငါးလုပ်ငန်းသင်တန်းကျောင်းဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက ငါးလုပ်ငန်းဦးစီးဌာန (သထုံ)ရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ တက်ရောက်ဖွင့်လှစ်သည်။



**ကြည့်ရှုစစ်ဆေး**

ဖွင့်ပွဲအခမ်းအနား၌ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ငါးလုပ်ငန်းစခန်းဝင်းအတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ သင်တန်းကျောင်းကို ယခုနှစ် ဖေဖော်ဝါရီလအတွင်းက စတင်တည်ဆောက်ခဲ့ကာ ကျပ်သိန်း ၁၁၄၀ကုန်ကျခဲ့ကြောင်း၊ မေလလယ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာ ၁၃၀၀၀ တန်ဖိုးရှိ မီးစက်တစ်လုံး၊ သင်ထောက်ကူပစ္စည်းများ လှူဒါန်းပေးခဲ့ပြီး မွန်ပြည်နယ် ငါးလုပ်ငန် ဦးစီးဌာနသို့ အမေရိကန် ဒေါ်လာ ၂၈၅၀၀ တန်ဖိုးရှိ ငါးလုပ်ငန်းသုတေသနရေယာဉ်တစ်စင်းကို ထပ်မံလှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

**အခမဲ့သင်ကြားပေးမည်**

ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် S .D. C ၏ ရန်ပုံငွေဖြင့် Helvetas Myanmar ပေါင်းစုလုပ်အားကူညီပေးရေးအဖွဲ့နှင့် IUCN တို့မှ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ငါးလုပ်ငန်းဖွံ့ဖြိုးရေးနှင့် သုတေသနပူးပေါင်းဆောင်ရွက်မှု စင်တာ သင်တန်းကျောင်းအသစ်၌ ငါးဆေးထိုးသားဖောက်သင်တန်းများကို တစ်နှစ်လျှင် သုံးကြိမ်မှ လေးကြိမ်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အမှတ်စဉ် (၁/၂၀၁၈) ကို မေ ၂၈ ရက်က သင်တန်းသား သင်တန်းသူ ၃၁ ဦးဖြင့် သင်ကြားပေးခဲ့ကြောင်း၊ ဇူလိုင် ၁၆ ရက်တွင် ထပ်မံ၍ သင်တန်းသား သင်တန်းသူများအား နေထိုင်စားသောက်မှုစရိတ်ငြိမ်းဖြင့် အခမဲ့ သင်တန်းဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ငါးလုပ်ငန်းစခန်း(သထုံ)မှ တာဝန်ခံ ဦးဝင်းဗိုလ်က ပြောသည်။

**ခွန်(ဝင်းပ)**

# ပွင့်ဖြူမြို့နယ်၌ မိုးစပါးသီးနှံ ဧက ခုနစ်သောင်းကျော် လျာထားစိုက်ပျိုးသွားမည်

**ပွင့်ဖြူ  ဇူလိုင်  ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြို့နယ်အတွင်း မိုးစပါးသီးနှံစိုက်ပျိုးဧက ၇၁၈၈၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပြီး မြို့နယ်အတွင်းရှိ မိုးစပါးသီးနှံ စိုက်ပျိုးမည့် တောင်သူများကိုလည်း မိုးစပါးသီးနှံ အချိန်မီစွာ စိုက်ပျိုးနိုင်ရေး မိုးစပါးပျိုးထောင်ရေးနှင့် သီးနှံစိုက်ပျိုးရေးများ စနစ်တကျ ဖြန့်ဝေဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

၂၀၁၈ - ၂၀၁၉ ခုနှစ် ပွင့်ဖြူမြို့နယ် တစ်မြို့နယ်လုံးအနေဖြင့် စိုက်ပျိုးမည့် မိုးစပါးသီးနှံစိုက်ဧကများမှာ မဲဇလီရေလွှဲဆည်ရေဖြင့် ၆၁၄၉၉ ဧက၊ အိုင်းမရေလွှဲဆည်ရေဖြင့် ၂၇၀၇ ဧက၊ လင်းဇင်း ရေလွှဲဆည်ရေဖြင့် ဧက ၂၁၅၀၊ လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ၈၈၂ ဧက၊ ဆည်၊ ကန်ငယ်များဖြင့် ၃၈၂ ဧက၊ ရေစုပ်စက်စနစ်ဖြင့် ၁၁၁၆ ဧက၊ မိုးကောင်းသောက်စနစ်ဖြင့် ၃၁၄၉ ဧက စုစုပေါင်း လျာထားစိုက်ဧက ၇၁၈၈၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ မိုးစပါးသီးနှံစိုက်ပျိုး တောင်သူများ သီးနှံအထွက်နှုန်း ကောင်းမွန်ပြီး တောင်သူတစ်ဦးချင်းအလိုက် သီးနှံဝင်ငွေပိုမိုရရှိရန် လိုအပ်သည့်စိုက်ပျိုးရေကို ပြတ်လပ်မှုမရှိစေရန် စနစ်တကျ ဖြန့်ဝေဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သူလင်းက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော်  ဇူလိုင်  ၉**

ရန်ကုန်(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀  မန္တလေး(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၅/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၈၅/၁၀၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၉၀ ကျပ်၊ | ၉၃၅/၉၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၅/၈၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၅/၈၉၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၁၅/၈၂၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၃. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၄၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၂၁၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၆. ၂၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၃၁၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၆၅. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၄၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၁. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၂၉. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဧပြီ ၁၈ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၁၊ ကြော်ငြာ ၀၁-၃၉၇၃၃၁၊ ဖက်စ် ၀၁-၂၀၃၃၅၁

## တစ်ဦးနှင့် တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့တော့လိုတယ်

လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ တစ်ဦးနှင့် တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့တော့လိုတယ်။ ဒီလိုမှ မဟုတ်ရင် လွတ်လပ်တဲ့ ဗမာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့်တင်းပြည့် ခံစားရမှာမဟုတ်ဘူး။

(၁၉၄၇ ခုနှစ် မတ်လအတွင်း ရေဒီယိုမှ ထုတ်လွှင့်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)







နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်နယ်အစိုးရ၊ ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံရှိ ကင်ဆာရောဂါဓာတ်ရောင်ခြည်ကုသခန်းအား ကြည့်ရှုစဉ်။

**ရှေ့ဖုံးမှ**

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် တောင်ကြီးဟိုတယ်သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်နယ်အစိုးရ၊ ပြည်နယ် တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

### အရှိန်အဟုန်ဖြင့် တိုးမြှင့်ရန်

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တိုးတက်မှုအခြေအနေများကို ပကတိအခြေအနေမှန်များနှင့် အရှိတရားအတိုင်းသိရှိနိုင်ရန်နှင့် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် တိုးမြှင့်နိုင်ရန် လာရောက်ရခြင်းဖြစ်ပါကြောင်း။

ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရန် ရှားပါးသည့် အခွင့်အရေးများကို ရရှိနေပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူ အသီးသီးက လိုက်ပါပြုပြင်ပြောင်းလဲမှသာ ပြောင်းလဲမှုအောင်မြင်မည်ဖြစ်ပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသူများသည် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများဖြစ်ပါကြောင်း၊ ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာ၊ ချီးမြှင့်ငွေနှင့် အခြားခံစားခွင့်များကို ခံစားကြရပါကြောင်း၊ အဆိုပါ ဝန်ထမ်းများတွင် အခွင့်အရေးနှင့် တာဝန်ယူမှုများရှိပါကြောင်း၊ နိုင်ငံဝန်ထမ်းများတွင် မိမိနှင့်ထိုက်တန်သည့်အခွင့်အရေးများကို မှန်မှန်ကန်ကန်မျှမျှတတ သုံးစွဲရန်ရှိသကဲ့သို့ ပြည်သူလူထု၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့်မူဝါဒများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါမူဝါဒများကို ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသူများ တာဝန်ယူဆောင်ရွက်နေကြသူများအနေဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့၏လုပ်ပိုင်ခွင့်များကို လွဲမှားစွာအသုံးချခြင်းမပြုဘဲ ပြည်သူ့တာဝန်ကိုထမ်းဆောင်ရန် လက်ရှိနေရာဌာနများသို့ ရောက်ရှိနေခြင်း၊ ဆောင်ရွက်နေရခြင်းဖြစ်သည်ကို သိမြင်ကြစေလိုပါကြောင်း၊ ပြည်သူ့တာဝန် ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကျေးဇူးသစ္စာခံယူပြီး တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာကြရမည်ဖြစ်ပါကြောင်း၊ အလားတူ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများကိုလည်း ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့၏ဆောင်ရွက်ချက်တိုင်းသည်လည်း နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားကို ဦးတည်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေများ မလေမလွင့် မဆုံးရှုံးစေရန် ဂရုပြုကြရမည်ဖြစ်ပြီး နိုင်ငံပိုင်ပစ္စည်းများ အလွဲသုံးစားမလုပ်ကြစေရန် အထူးသတိချပ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူကို ဗဟိုပြု၊ ပြည်သူကိုမျက်နှာမူ၍ တာဝန်ထမ်းဆောင်ကြစေလိုပါကြောင်း၊ ပြည်သူကို ဖိနှိပ်ချုပ်ချယ်သည့်၊ ပြည်သူကို ညှဉ်းပန်းနှိပ်စက်သည့် ယန္တရားအဖြစ် မဆောင်ရွက်စေလိုပါကြောင်း၊ ပြည်သူကို တန်ဖိုးထားလေးစား၍ တရားဥပဒေများနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံရေး တရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ လူမှုရေးတရားမျှတမှု၊ အခွင့်အလမ်းညီမျှမှု၊ အဆင့်အတန်းညီမျှတမှုနှင့် ဥပဒေအရာတွင် ညီမျှမှုများ ရှိစေလိုပါကြောင်း။

### ပြုပြင်ပြောင်းလဲလိုစိတ်

တရားစီရင်ရေးကဏ္ဍတွင် ပြည်ထောင်စုတရားသူကြီးချုပ်မှစတင်၍ တရားသူကြီးအဆင့်ဆင့်၏ ကြပ်မတ်ထိန်းသိမ်းကွပ်ကဲမှုများဖြင့် ဆောင်ရွက်နေပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့်ဆောင်ရွက်ကြရာတွင် အဂတိတရားကင်းစင်သည့် တရားစီရင်ရေးကဏ္ဍ ဖြစ်စေလိုပါကြောင်း၊ အဂတိတရားကင်းစင်သည့်တရားစီရင်ရေးနှင့် ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးဖြစ်မှသာ တရားဥပဒေစိုးမိုးရေး၊ ဥပဒေနှင့်အညီဆောင်ရွက်ရေးနှင့် ခွဲခြားဆက်ဆံမှုမရှိကြဘဲ တရားဥပဒေ၏ရှေ့မှောက်တွင် အညီအမျှဖြစ်ကြမည်ဖြစ်ပါကြောင်း၊ ထိုသို့သော အခြေအနေများရောက်ရှိရန် အားလုံးဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် လိုက်ပါပြောင်းလဲခြင်းမရှိလျှင် ပြုပြင်ပြောင်းလဲရေးသည် တုံ့ဆိုင်းနေမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုကို ကြောက်နေလျှင် ဖွံ့ဖြိုးတိုးတက်မှုမရရှိနိုင်ပါကြောင်း၊ ပြောင်းလဲနေသည့်ရေစီးကြောင်းတွင် ခေတ်နှင့်အညီ မပြောင်းလဲနိုင်၊ အကောင်အထည်မဖော်နိုင်ပါက ပြုပြင်ပြောင်းလဲရေးပန်းတိုင်သို့ မရောက်ရှိနိုင်ပါကြောင်း၊ မိမိတို့၏ ပြုပြင်ပြောင်းလဲနိုင်စွမ်းကို သုံးသပ်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏အနာဂတ်ကို ပုံဖော်တည်ဆောက်ကြရာတွင် ပြုပြင်ပြောင်းလဲမှုများကို မနှောင့်နှေးစေလိုပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်အခြေအနေအရ နိုင်ငံဝန်ထမ်းများအား ထိုက်သင့်သည့်လစာနှုန်းထားများ တိုးမြှင့်ခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းသူများကို ချီးမြှင့်ငွေများပေးနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ ပြုပြင်ပြောင်းလဲလိုသည့် စိတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

နိုင်ငံဝန်ထမ်းများအနေဖြင့် မိမိတို့၏ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ **စာမျက်နှာ ၄ သို့ »»»**

»»» စာမျက်နှာ ၃ မှ

တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းသည် မိမိတို့၏ ဂုဏ်သိက္ခာကို တိုးတက်စေပါကြောင်း၊ တာဝန်ကျေပွန်သည့်ဝန်ထမ်းများကို အခွင့်အလမ်းများက အသင့်စောင့်နေပါကြောင်း၊ တိုင်းပြည်က မိမိတို့ကို ဘာလုပ်ပေးနိုင်သလဲဟု တောင်းဆိုနေသည်ထက် မိမိတို့က တိုင်းပြည်ကို ဘာလုပ်ပေးနိုင်မလဲဟု တောင်းဆိုသည်က ပို၍နည်းလမ်းကျပါကြောင်း၊ ဒေသ၏ ပကတိအခြေအနေမှန်များနှင့် အရှိတရားများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က လွှတ်တော်ရေးရာလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က တရားလွှတ်တော် လုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**တရားဝင်လုပ်ပိုင်ခွင့်**

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေပါကြောင်း၊ အဂတိတရားကင်းရှင်းရေးကိုလည်း ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ သိမ်းဆည်းခံ လယ်ယာမြေများနှင့်စပ်လျဉ်း၍ မည်သို့စွန့်လွှတ်ရမည်ကို မူဝါဒများ ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ အဆိုပါမူဝါဒများနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မစွန့်လွှတ်သေးသည့် မြေများကို အမြန်ဆုံးစွန့်လွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စွန့်လွှတ်ပြီးသည့်မြေများကို ဥပဒေနှင့်အညီ တရားဝင်ပြန်လည်လုပ်ပိုင်ခွင့်ပေးရန် လိုအပ်ပါကြောင်း၊ တရားမျှတမှုသည် လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်း ခိုင်မာရေးအတွက် အခြေခံကျပါကြောင်း၊ တရားမျှတမှုရရှိခြင်းသည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ခြင်း ဖြစ်ပါကြောင်း၊ တင်ဒါများ ခေါ်ယူဆောင်ရွက်ရာတွင် တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့်အညီ ခေါ်ယူဆောင်ရွက်စေလိုပါကြောင်း။

နိုင်ငံသူ နိုင်ငံသားများအကျိုးသယ်ပိုးဆောင်ရွက်ရာတွင် အတ္တကိုသာ ရှေ့တန်းမတင်ကြဘဲ အများအကျိုးအတွက်၊ နိုင်ငံတော်အတွက် ဦးတည်ဆောင်ရွက်စေလိုပါကြောင်း၊ တရားမျှတမှုရှိရန် အားလုံးတွင် တာဝန်ရှိပါကြောင်း၊ တရားမျှတမှုကို အကောင်အထည် ဖော်နိုင်မှသာ စည်းလုံးညီညွတ်ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်မည်ဆိုပါက မိမိတို့ကျရာအခန်းကဏ္ဍမှ ဒီမိုကရေစီဖက်ဒရယ်အလင်းရောင်ပေးကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏အနာဂတ် ထွန်းလင်းတောက်ပပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် မှတ်ကျောက်တင်နိုင်ရန် ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံ လေးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အဆောက်အဦဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး) ဦးမြင့်ဖော်က ဆေးရုံဆောက်လုပ်ခြင်း လုပ်ငန်းစီမံချက်နှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဆေးရုံ အဆောက်အအုံအတွင်း ထည့်သွင်းတည်ဆောက်မည့် အခြေအနေများကို လည်းကောင်း၊ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သီဟက အဆောက်အအုံ၏ အရည်အသွေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ပွင့်လင်းမြင်သာစွာ**

ထို့နောက် နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပိုမိုပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားစေလိုပါကြောင်း၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားစေလိုပါကြောင်း၊ အဆောက်အအုံကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ဦးစားပေး တည်ဆောက်သွားကြရမည်ဖြစ်ပြီး အရည်အသွေး ထိန်းသိမ်းမှုကို ပြင်ပပညာရှင်များဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားစေလိုပါကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ(ခုတင်-၅၀၀ )သို့ ရောက်ရှိပြီး ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ကုသဆောင်အား လှည့်လည်ကြည့်ရှုကာ ဆေးကုသမှု ခံယူနေကြသူများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စဝ်စံထွန်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် စဝ်စံထွန်း ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံက ဆေးရုံကြီးဆိုင်ရာ အချက်အလက်များနှင့် ဆေးကုသမှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည့်ဝခိုင်မာကုမ္ပဏီလီမိတက် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းထွန်းက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ တိုးချဲ့ ငါးထပ်လူနာဆောင် တည်ဆောက်နေမှုများနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်သူများ ကျန်းမာမှသာ တိုင်းပြည်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ စေတနာမေတ္တာများဖြင့် ပြုစုကုသပေးကြစေလိုပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို အထူးဦးစားပေးရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေကြပါကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများကို အထူးအလေးထား ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ တိုးချဲ့လူနာဆောင် တည်ဆောက်ရာတွင် တည်ဆောက်မှုအရည်အသွေးကို ပြင်ပပညာရှင်များဖြင့် ကြပ်မတ်ဆောင်ရွက်သွားစေလိုပါကြောင်း၊ ပြည်သူ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် စဝ်စံထွန်းဆေးရုံ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ **သတင်းစဉ်**





**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးဆေးရုံ လေးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။**

---

**◯ ကျောဖုံးမှ**

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးစီးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီ ၁၀ ခုမှ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းတာဝန်(၄)ရပ်**

အခမ်းအနားတွင် ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ် ဇွန်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၈ ဖြင့် **"ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ"**ကို ၁၁ ဦးဖြင့် လည်းကောင်း၊ **"ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ"**ကို ၁၇ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်(၄)ရပ် ချမှတ်ပေးထားပါကြောင်း။

ဦးစီးကော်မတီ၏ လမ်းညွှန်မှာကြားချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးနှင့် ဌာနများအချင်းချင်း ပေါင်းစပ်နိုင်ရေးအတွက် ဦးစီးကော်မတီမှ ဆပ်ကော်မတီ ၁၀ ခုကို လုပ်ငန်းတာဝန်များချမှတ်ကာ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် ၂၄ ချက်ချမှတ်ကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း။

**မိုးရေခံသင်္ကန်း**

ဗုဒ္ဓဘုရားရှင်လက်ထက် ဗုဒ္ဓသာသနာတော် အစောပိုင်းကာလတွင် ဘုရားရှင်က ရဟန်းသံဃာတော်များအား သုံးထည်သော သင်္ကန်းကိုသာ ဝတ်ရုံသုံးစွဲရန် ခွင့်ပြုခဲ့ပါကြောင်း၊ ယခုကဲ့သို့ မိုးတွင်းကာလ ဝါဝင်ခါနီးအချိန်တွင် မိုးရွာထဲ မိုးမိလာသော ရဟန်းသံဃာများ ရေစိုသင်္ကန်းကို လဲဝတ်ရန် အပိုသင်္ကန်းမရှိသဖြင့် အဆင်ပြေစေရန်အတွက် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါက ဘုရားရှင်ထံ "မိုးရေခံသင်္ကန်း" ဆက်ကပ်လှူဒါန်းခွင့် လျှောက်ထားရာမှ မိုးရေခံသင်္ကန်းသုံးစွဲခွင့်ကို ဘုရားရှင်က ဝိနည်းတော်နှင့်အညီ ခွင့်ပြုပေးခဲ့သဖြင့် ဝါဆိုလတွင် ရဟန်းတော်များအား ကပ်လှူသည့် သင်္ကန်းဖြစ်သည့်အတွက် "ဝါဆိုသင်္ကန်း"ဟု အခေါ်အဝေါ် ပြောင်းလဲဆင်းသက်လာပြီး ဝါဆိုသင်္ကန်းလှူဒါန်းပွဲသည် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ဝါဆိုလပွဲတော်တစ်ခု ဖြစ်လာခဲ့ပါကြောင်း။

ဘုရားရှင်ခွင့်ပြုခဲ့ပြီး ဝိနည်းတော်နှင့်အညီ လှူဒါန်းခွင့်ရသည့် သင်္ကန်းလှူဒါန်းမှုဖြစ်သည့်အတွက် မွန်မြတ်သောအလှူဟု ခေါ်ဆိုရမည်ဖြစ်ပါကြောင်း၊ သင်္ကန်းလှူဒါန်းကြရသူများအဖို့ ထူးခြားသော အကျိုးထူးများ ခံစားရရှိနိုင်ပြီး သောတာပန်နှယ် ဂုဏ်ရည်ကြွယ်၍ အပါယ်ဘေးမှ လွတ်နိုင်ကြောင်းကို ကျမ်းဂန်အဆိုအမိန့်များအရ သိရှိရပါကြောင်း။

**စုစုပေါင်း ၆၉ ပါး ဖိတ်ကြားပင့်ဆောင်မည်**

ယခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ၄၇ ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီး ၁၀ ပါး၊ စေတိယဟိတကာရက ဆရာတော် တစ်ပါး၊ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် ၁၁ ပါး စုစုပေါင်း ၆၉ ပါးအား ဖိတ်ကြားပင့်ဆောင်သွားမည်ဖြစ်ပါကြောင်း။

အခမ်းအနားသို့ ကြွရောက်လာမည့် ဆရာတော်ကြီးများအား ကြိုဆိုပင့်ဆောင်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ သီတင်းသုံးမည့် ကျောင်းဆောင်လေးဆောင်တွင် ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာနှင့် သီတင်းသုံးနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်တင့်တယ်စေရေးတို့ကို ယခင်နှစ်များနည်းတူ စီစဉ်ပေးရန် လိုအပ်ပါကြောင်း။

**ကျန်းမာရေးနှင့် ညီညွတ်စေရေး**

ထို့အပြင် ဆရာတော်ကြီးများအတွက် ဆွမ်းနှင့် လူပုဂ္ဂိုလ်များအတွက် အစားအသောက်များ ချက်ပြုတ်ပြင်ဆင်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်စေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေး ဆပ်ကော်မတီအနေဖြင့် ဆရာတော်ကြီးများအား ကျန်းမာရေး စစ်ဆေးပေးရန်လည်း လိုအပ်ပါကြောင်း။

အခမ်းအနားကျင်းပနေပုံများကို ယခင်နှစ်များကဲ့သို့ LED Board တပ်ဆင်ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်နှင့် နှစ်စဉ်ကျင်းပနေကြဖြစ်၍ ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများပေါ်မူတည်၍ ယခုနှစ်တွင် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**လစ်ဟင်းမှုမရှိစေရေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် လုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် လစ်ဟင်းမှုမရှိစေရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို အလေးထားဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဦးစီးကော်မတီအတွင်းရေးမှူးတို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြ**

ဆက်လက်၍ အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများ ပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေး ဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနတို့ပူးပေါင်း၍ ကာတွန်းကားအစီအစဉ် စတင်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၉**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာန (GXBS) တို့ ပူးပေါင်းထုတ်လွှင့်မည့် ကာတွန်းကားအစီအစဉ် စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

**တက်ရောက်ဖွင့်လှစ်**

အဆိုပါအခမ်းအနားကို တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E.Mr. Huang Kunming၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့က တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**ဩဂုတ်လမှစတင်၍ ပြသမည်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် တရုတ်ကာတွန်းကားအစီအစဉ်တွင် "တောပျော်မျောက်ကလေး ကျွမ့်ကျွမ့်"ဇာတ်လမ်းကို ယခုနှစ် ဩဂုတ်လမှစတင်၍ တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီခွဲတွင် MRTV မှ ပြသသွားမည်ဖြစ်သည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံမီဒီယာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေပြည်တော်တွင် တည်ဆောက်မည့် ရုပ်ရှင်စတူဒီယိုများနှင့်ပတ်သက်၍ ပူးပေါင်းပါဝင်ကူညီပေးရေး စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးတို့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနတို့ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**တရုတ်နိုင်ငံရေးရာစီမံခန့်ခွဲမှု စာအုပ်မိတ်ဆက်**

မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်ရေးသားသည့် တရုတ်နိုင်ငံရေးရာစီမံခန့်ခွဲမှု စာအုပ်ကို မြန်မာဘာသာပြန်ဆိုပြီး ထုတ်ဝေဖြန့်ချိမည့် မိတ်ဆက်ပွဲအခမ်းအနားနှင့် တရုတ်-မြန်မာ နိုင်ငံရေးရာ စီမံခန့်ခွဲရေးဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်တို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဧည့်သည်တော်ဝန်ကြီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်ရေးသားသည့် တရုတ်နိုင်ငံရေးရာ စီမံခန့်ခွဲမှု(ပထမတွဲ) မြန်မာဘာသာပြန် စာအုပ်အား ဖွင့်လှစ်ပေးကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ဧည့်သည်တော်ဝန်ကြီးက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများအား တရုတ်နိုင်ငံရေးရာစီမံခန့်ခွဲမှု (ပထမတွဲ) မြန်မာဘာသာပြန်စာအုပ်ကို လက်ဆောင်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် တရုတ်-မြန်မာ နိုင်ငံရေးရာစီမံခန့်ခွဲရေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ သုတေသီ ဦးအေးမောင်ကျော်၊ နိုင်ငံတကာရေးရာသုတေသီ ဦးကိုကိုလှိုင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြန်ကြားရေးဌာန အပြည်ပြည်ဆိုင်ရာ သတင်းဓာတ်ပုံ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကျောက်ကျင့်ကွန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး ရန်းဟိုယမ်းနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြန်ကြားရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဝမ်စီးမုတို့က တရုတ်နိုင်ငံရေးရာစီမံခန့်ခွဲမှု မြန်မာဘာသာပြန်စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးပြောကြားကြသည်။ **သတင်းစဉ်**



သမ္မတ ရှီကျင့်ဖျင် ရေးသားသည့် တရုတ်နိုင်ငံရေးရာစီမံခန့်ခွဲမှု စာအုပ်မိတ်ဆက်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် နှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။



ဧည့်သည်တော်ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနတို့ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများအား လှည့်လည်ကြည့်ရှုကြစဉ်။

## သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကြေညာချက်ထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၉**

သတင်းမီဒီယာကောင်စီဝင် အသစ်ပြန်လည်ရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ စာရွက်စာတမ်းများ၊ ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများအတွက် မိမိတို့နှင့် သက်ဆိုင်ရာပုံစံများကို www.myanmarpresscouncil.org တွင်လည်းကောင်း၊ Mm.presscouncil(facebook)တွင်လည်းကောင်း ရယူပုံစံဖြည့်နိုင်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ရုံးခန်း၊ အမှတ် ၁၃၆၊ ၁၃၈(A+C)၊ ၃၅ လမ်းအလယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၄၄၈၀၂၆၃၂၆ တွင်လည်း လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများသည် မိမိတို့နှင့်သက်ဆိုင်ရာ ပုံစံများကို ရယူဖြည့်စွက်ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၀ ရက်(သောကြာနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ mmpresscouncil@gmail.com မှတစ်ဆင့်ဖြစ်စေ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးခန်းသို့လိပ်မူ၍ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ကိုယ်တိုင်လာရောက်၍ဖြစ်စေ ပေးပို့နိုင်ကြောင်း သတင်းမီဒီယာကောင်စီရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကြေညာချက်ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲ သီပေါမြို့၌ ကျင်းပ

**သီပေါ ဇူလိုင် ၉**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းခြင်းအခမ်းအနားကို ဇူလိုင်လ ပထမပတ်က ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ကျော့မွန်ဝင်းက ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ အခွန်အကောက်ဆိုင်ရာ ဥပဒေများ ပြုပြင်ပြောင်းလဲမှုနှင့် စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ ရွှေဆိုင်နှင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများကို ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ဆောင်ရွက်ရေးနှင့် စက်သုံးဆီဆိုင်များအား ကသခ ပုံစံ ၃၁ ဖြင့် ခုနှိမ်နိုင်ရေး စသည့် ဥပဒေကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးဖြေကြားကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်တို့က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေးနှင့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ဖြင့် မှုခင်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သခင်မြ (သို့မဟုတ်) တန်ဖိုးမဖြတ်နိုင်သောအမွေအနှစ်များ ချန်ထားခဲ့သူ ခေါင်းဆောင်တစ်ဦး



၁၉၂၀ တက္ကသိုလ်သပိတ်ကာလအတွင်း ထူထောင်ခဲ့သော ကြည့်မြင်တိုင်အမျိုးသား (နေရှင်နယ်) အထက်တန်းကျောင်း၏ ဆရာများအဖွဲ့ (ထိုင်နေသော အလယ်တန်းလက်ဝဲဘက် ဒုတိယလူမှာ ဆရာမြဖြစ်သည်)

■ သတင်း-သီသီမင်း၊ ဓာတ်ပုံ-အေးမင်းသူ

"သေသောသူ ကြာရင်မေ့ ဆိုတဲ့စကားပုံက မှားနေသလိုပါပဲ၊ အာဇာနည်နေ့ ရောက်ပြီဆို ပိုပြီးသတိရတယ်၊ နှစ်တိုင်းလည်း အာဇာနည်ခေါင်းဆောင်တွေအတွက် ရည်စူးပြီး ဆွမ်းကျွေးခဲ့တာ တစ်နှစ်မှမပျက်ခဲ့ဘူး" ဟု အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ မိသားစုဝင်ဖြစ်သူ ဦးရဲမြင့်အောင်က ပြောသည်။

သခင်မြသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ မသမာသူလူတစ်စု၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့ရသည်။

**တည်တည်ငြိမ်ငြိမ်ဆုံးဖြတ်**

"ဘဘမြကွယ်လွန်တော့ အသက် ၅၀ ၊ နေမယ်ဆိုနေလို့ ရသေးတာပေါ့။ အာဇာနည် ကိုးဦးထဲမှာ အသက်ရော၊ နိုင်ငံရေးရော ဝါရင့်တဲ့အတွက် ဘယ်ကိစ္စမဆို တည်တည်ငြိမ်ငြိမ်နဲ့ ဆုံးဖြတ်တယ်၊ စိတ်ထားလည်း ကောင်းတယ်"ဟု ငယ်စဉ်က ဖတ်ရှုရသည့် ဖခင်အကြောင်းရေးသားထားသော စာအုပ်များနှင့် မိခင်ဖြစ်သူ၏ ပြောပြချက်များအရ သိခဲ့ရ၍ ဖခင်ကြီးသခင်မြအကြောင်းကို သားဖြစ်သူ ဦးရဲမြင့်အောင်က ပြောပြသည်။

၁၉၂၆ ခုနှစ်တွင် ဒေါ်ခင်ညွန့်နှင့် လက်ထပ်ခဲ့ရာ သားသမီး တစ်ဦးမှ ထွန်းကားခဲ့ခြင်းမရှိသဖြင့် မိသားစု သိုက်သိုက်ဝန်းဝန်းနေလိုသည့်အတွက် သခင်မြ၏ လူယုံသခင်ခင်အောင်တို့ မိသားစုနှင့် အတူနေထိုင်ခဲ့ရာမှ သခင်ခင်အောင်၏ သားဖြစ်သူ ဦးရဲမြင့်အောင် အား သခင်မြ၏ဇနီး ဒေါ်ခင်ညွန့်က သွားလေရာခေါ်သွားလေ့ရှိသည်။

"ကျွန်တော့်အဖေ သခင်ခင်အောင်ဆိုတာကလည်း ဘဘမြရဲ့ လူယုံတစ်ယောက်ပါပဲ၊ အဖေနဲ့ အမေကို ဘဘမြတို့က လက်ထပ်ပေးခဲ့တာ၊ ကျွန်တော်က အဲဒီအိမ်မှာပဲ မွေးပြီး ကြီးပြင်းခဲ့တာ"ဟု ဦးရဲမြင့်အောင်က ပြောပြသည်။

သခင်မြသည် စကားနည်းပြီး အနေအေးသည့်အပြင် လောဘနှင့် အတ္တမရှိသူတစ်ဦးဖြစ်ကာ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကပင် တချို့ကိစ္စများတွင် သခင်မြနှင့်တိုင်ပင်ပြီးမှသာ ဆုံးဖြတ်လုပ်ဆောင်လေ့ရှိကြောင်း သိရသည်။

**ဂုဏ်ယူဝင့်ကြွား**

"ဆရာစံနောက်မှာ ဆင်းရဲသားတောင်သူလယ်သမားတွေပဲရှိတာ၊ အင်္ဂလိပ်အခေါ် သူပုန်တွေပဲရှိတာ၊ သခင်မြက အဲဒါသွားတွေ့ပြီးတော့ သူ့ရဲ့စိတ်က သနားပြီး အဖမ်းခံထိတဲ့ တောင်သူလယ်သမားတွေဘက်ကနေ အခကြေးငွေမယူဘဲ ရှေ့နေဘဝနဲ့လိုက်ပေးခဲ့တယ်တဲ့၊ အဲဒီလိုစိတ်ဓာတ်လေးတွေက အတုယူဖို့ကောင်းတာ"ဟု ဦးရဲမြင့်အောင်က သူ့ဖခင်အတွက် ဂုဏ်ယူဝင့်ကြွားစွာပြောသည်။

"ဗိုလ်ချုပ်အောင်ဆန်းနဲ့က နိုင်ငံရေးလုပ်တဲ့အခါမှာ အတော်အတွဲညီတာ၊ ဆရာလိုတစ်မျိုး ညီအစ်ကိုလို တစ်မျိုး ခင်မင်ခဲ့ကြတာတဲ့၊ သေမှပဲ လက်တွဲဖြုတ်တော့တယ်"ဟု ဦးရဲမြင့်အောင်က ပြောသည်။

အာဇာနည်ခေါင်းဆောင်များကျဆုံးသည့် ညနေပိုင်းမှာပင် သခင်မြဇနီး၏ ဖခင်သည် အဆိုပါသတင်းကြောင့် နှလုံးရောဂါဖြင့် ဆုံးပါးခဲ့ရာ တစ်ရက်တည်းတွင် ခင်ပွန်းဖြစ်သူနှင့် ဖခင် ဆုံးပါးသွားသည့်အတွက် ဒေါ်ခင်ညွန့်မှာ ဖြေမဆည်နိုင်ဖြစ်ခဲ့ရသည်ဟု ဦးရဲမြင့်အောင်က ပြောပြသည်။

"အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုဝင်တွေကို နိုင်ငံတော်က စကော့ဈေးမှာ ဆိုင်ခန်းတစ်ခန်းစီ ပေးတယ်၊ နောက် BOC ကုမ္ပဏီက ဓာတ်ဆီဆိုင် လုပ်ပိုင်ခွင့်ချပေးတယ်၊ ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်မှာ ပြည်သူပိုင်သိမ်းတော့ အကုန်ပါသွားတယ်၊ နောက်တော့ တစ်လတစ်ထောင် အမေညွန့်ရတယ်၊ အမေညွန့်လည်း ဆုံးသွားရော မရတော့ပါဘူး"ဟု ၎င်းက ပြောသည်။

ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်တွင် အာဇာနည်နေ့ အခမ်းအနားကို စစ်အခမ်းအနား၊ စစ်တီးဝိုင်းများဖြင့် ၎င်းကိုယ်တိုင် အာဇာနည် မိသားစုဝင်များနှင့်အတူ တက်ရောက်ကာ ပန်းခွေချ၊ အလေးပြုခြင်းများ လုပ်ဆောင်ခဲ့ကြောင်းနှင့် ၁၉၈၃ ခုနှစ် အာဇာနည်ဗိမာန် ဗုံးဖောက်ခွဲခံရပြီးနောက်ပိုင်း ထိုသို့ကျင်းပခြင်း မရှိတော့ကြောင်း၊ လွတ်လပ်ရေးနေ့ အခမ်းအနားများတွင်လည်း အာဇာနည် မိသားစုဝင်များ တက်ရောက်ခွင့်မရတော့ကြောင်း သိရသည်။




**မှေးမှိန်ခဲ့သော နေ့များ**

"ဗိုလ်ချုပ်ကြီးနေဝင်း ပြီးသွားတော့ နောက်တက်လာတဲ့ အစိုးရလက်ထက်မှာ တော်တော်လေးကို တင်းကျပ်ခဲ့ပါတယ်"ဟု ဦးရဲမြင့်အောင်က အာဇာနည်နေ့ အခမ်းအနားကျင်းပခွင့် မှေးမှိန်ခဲ့သောနေ့များဆီကို ပြန်ပြောင်းပြောပြသည်။

ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် အာဇာနည်နေ့ အခမ်းအနားကို နိုင်ငံတစ်ဝန်း စည်ကားစွာကျင်းပသည့်အပြင် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့က ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံတွင် တို့ဗမာအစည်းအရုံး(မျိုးဆက်သစ်) အဖွဲ့ကဦးစီး၍ တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ အမျိုးသားအာဇာနည် ခေါင်းဆောင်ကြီး သခင်မြ၏ အသက် ၁၂၀ ပြည့် အခမ်းအနားကို ကျင်းပခွင့်ပေးခဲ့သည်။

"အရင်က သခင်မြပန်းခြံဆိုတာ ဆိုင်းဘုတ်တောင် ရှာမရခဲ့ဘူး၊ အခု ပြည်သူတင်တဲ့ အစိုးရခေတ်ရောက်မှ ပန်းခြံက တော်တော်လေးကောင်းလာတယ်၊ ဂိတ်ပေါက်မှာဆိုလည်း အင်္ဂလိပ်လိုတစ်မျိုး၊ မြန်မာလိုတစ်မျိုး ဆိုင်းဘုတ်ကို တင့်တင့်တယ်တယ်လေး ထားတယ်၊ တို့ဗမာအစည်းအရုံးက ဦးစီးပြီး နှစ် ၁၂၀ ပြည့်မွေးနေ့ပွဲကိုလည်း ဒီပန်းခြံမှာ လုပ်ခွင့်ရတယ်၊ တို့ဗမာအစည်းအရုံးကို ကျေးဇူးတင်သလို အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ဦးရဲမြင့်အောင်က ပြောသည်။

ထို့ပြင် ဦးရဲမြင့်အောင်က သူ၏လက်ရှိနိုင်ငံရေးအပေါ်ထားရှိသည့် ခံယူချက်နှင့်ပတ်သက်၍ "ကိုယ်တင်ခဲ့တဲ့ အစိုးရသွားနေတဲ့လမ်းစဉ်ကို ကန့်လန့်မတိုက်ဘူး၊ ဒါဟာလည်း တိုင်းပြည်အတွက် နိုင်ငံရေးတစ်ခု လုပ်နေသလိုပဲ သဘောထားတယ်"ဟု ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဝန်ကြီးအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ပြီး တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်စွန့်ကြိုးပမ်းခဲ့သည့် အာဇာနည်ပုဂ္ဂိုလ် သခင်မြ၏ မိသားစုဝင် ဦးရဲမြင့်အောင်က "အာဇာနည်တစ်ဦးဖြစ်တဲ့ သခင်မြရဲ့ မိသားစုဝင်ဖြစ်ရတာ ဂုဏ်ယူတယ်၊ သူ့ရဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တွေ၊ ရိုးသားမှုဂုဏ်တွေက ကျွန်တော်တို့ အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်ပါပဲ" ဟု စကားဆိုခဲ့သည်။ ။



**သခင်မြ**

**(၇ အောက်တိုဘာ ၁၈၉၇ - ၁၉ ဇူလိုင် ၁၉၄၇)**

- ❖ သခင်မြသည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သောဝန်ကြီးအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။
- ❖ ၁၈၉၇ ခုနှစ် အောက်တိုဘာလ ၇ ရက် ကြာသပတေးနေ့ ည ၇ နာရီ ၃၆ မိနစ်တွင် ပြည်ခရိုင် ထုံးဘိုမြို့၌ ဖွားမြင်သည်။ အဘမှာ ဦးဘိုးချွန်၊ အမိမှာ ဒေါ်သက်လယ်ဖြစ်သည်။ ငယ်နာမည်မှာ မောင်မြရွှေဖြစ်သည်။ နှမ မမြငွေတစ်ဦးသာရှိ၍ နောင်တွင် သီလရှင် ဒေါ်ခေမာဝတီဖြစ်သည်။
- ❖ သုံးတန်းမှ ခုနစ်တန်းအထိ သာယာဝတီ အေ-ဘီ-အမ် ကျောင်းတွင်လည်းကောင်း၊ ခုနစ်တန်းမှ ၁၀ တန်းအထိ ရန်ကုန် ဘက်ပတစ်ဟိုက်စကူးကျောင်းတွင် လည်းကောင်း ပညာသင်ကြားခဲ့သည်။ ၁၉၁၆ ခုနှစ်တွင် ရန်ကုန်ကောလိပ် အိုင်၊ အက်(စ်) စီ တန်းတွင် ဆက်လက်သင်ကြားခဲ့သည်။
- ❖ ၁၉၁၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်နှင့် ကာလကတ္တား ယူနီဘာစီတီမှ အိုင်၊ အက်(စ်)စီ ဓာတုဗေဒဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။
- ❖ ၁၉၂၀-၂၁ ခုနှစ်တွင် ရန်ကုန်ကောလိပ် သပိတ်တွင် ခေါင်းဆောင်ခဲ့သည်။ အဖွဲ့ဝင် ၂၄ ဦးပါဝင်သော သပိတ်မှောက်ကောင်စီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီတွင် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။
- ❖ ၁၉၂၂-၂၃ ခုနှစ်တွင် ကြည့်မြင်တိုင် အမျိုးသားကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ သို့သော် အမျိုးသားကျောင်းများ အစိုးရအထောက်အပံ့ယူသဖြင့် အမျိုးသားပညာရေးကောင်စီမှ နုတ်ထွက်သည်။
- ❖ ၁၉၂၄ ခုနှစ်တွင် ဘီ၊ အက်(စ်)စီ ဓာတုဗေဒဂုဏ်ထူးဖြင့် အောင်သည်။ ၁၉၂၆ ခုနှစ်တွင် ဒေါ်ခင်ညွန့်နှင့် လက်ထပ်သည်။ ၁၉၂၇ ခုနှစ်တွင် ဘီ၊ အယ်(လ်)ဝတ်လုံ စာမေးပွဲ အောင်ပြီးနောက် သာယာဝတီသို့ပြန်ကာ ရှေ့နေလိုက်သည်။ ဆင်းရဲသားများအတွက် အခမဲ့ရှေ့နေလိုက်ပေးသည်။ ဆရာစံအရေးတော်ပုံမှ ပေါက်ဖွားသော အမှုများတွင် ဆင်းရဲသား တရားခံများဘက်မှ လိုက်ပါခုခံခဲ့သည်။
- ❖ ၁၉၃၆ ခုနှစ်တွင် သခင်တစ်ယောက် ဖြစ်လာသည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် တို့ဗမာအစည်းအရုံး အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်လာပြီး တို့ဗမာအစည်းအရုံး၏ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှ ဥပဒေပြုလွှတ်တော်သို့ သာယာဝတီတောင်ပိုင်းအမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။
- ❖ ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော ကျောင်းသားအရေးတော်ပုံတွင် အင်္ဂလိပ်အစိုးရလက်ချက်ကြောင့် ကျောင်းသားများ သွေးမြေကျရသည်ကို မကျေနပ်၍ အမတ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။
- ❖ ၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံးကြီးတွင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။
- ❖ ထိုနှစ်မှာပင် ဗမာ့လွတ်လပ်ရေးအတွက် တော်လှန်ရေးအဖွဲ့ကြီးဖြစ်သော ပြည်သူ့အရေးတော်ပုံပါတီဖွဲ့စည်းရာတွင် သခင်မြ ဦးဆောင်ပါဝင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက တော်လှန်ရေးတွင် ပြည်ပမှ ခေါင်းဆောင်ရန် တာဝန်ယူခဲ့ပြီး ပြည်တွင်းမှ ခေါင်းဆောင်ရန် သခင်မြက တာဝန်ယူခဲ့ရသည်။
- ❖ စစ်အတွင်း အစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။
- ❖ ၁၉၄၄ ခုနှစ်တွင် ဂျပန်ကို တော်လှန်ရာ နိုင်ငံရေးပါတီများနှင့် ဗမာ့တပ်မတော်ပါ ပူးပေါင်း၍ ဖ-ဆ-ပ-လ အဖွဲ့ ဖွဲ့စည်းဖြစ်ပေါ်လာသည်။ ပြည်သူ့အရေးတော်ပုံပါတီမှ သခင်မြ ဦးဆောင်ပါဝင်သည်။
- ❖ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက် တော်လှန်ရေးအတွက် သခင်မြ၏ တာဝန်မှာ ဂျပန်ကို အယုံသွင်း၍ အကျဉ်းချထားခြင်းခံရသော တော်လှန်ရေးရဲဘော်များအား ဂျပန်လက်မှ လွတ်မြောက်အောင် ဆောင်ရွက်ရန်ဖြစ်သည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာလတွင် ပြည်သူ့အရေးတော်ပုံပါတီကို ဗမာပြည် ဆိုရှယ်လစ်ပါတီဟု ပြောင်းလဲဖွဲ့စည်းခဲ့ရာ သခင်မြ ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ၁၉၄၆ ခုနှစ် အောက်တိုဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ပါဝင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်ကြီးများနှင့်အတူ မသမာသူတို့ လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အသက်ဆုံးရှုံးရရှာသည်။
- ❖ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်ခင်ညွန့် ကျန်ရစ်သည်။ ။



(၁၆) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဆွေးနွေးပြောကြားစဉ်။

**❃ (၁၆)ကြိမ်မြောက်မှ**

တပ်မတော် အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ UPDJC ကိုယ်စားလှယ်များ၊ အကျိုးဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အထူးပင်အရေးကြီး**

အစည်းအဝေးတွင် **ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ**က ယနေ့အစည်းအဝေးသည် UPDJC အဖွဲ့ဝင်များအနေဖြင့် လာမည့်ညီလာခံကိုတင်ပြမည့် အခြေခံမူ အဆိုပြုမူဝါဒများ ချမှတ်ပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအနာဂတ်အတွက် ယနေ့ အစည်းအဝေးသည် အရေးကြီးသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ UPDJC က ချမှတ်ပေးလိုက်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ လုပ်ငန်းလမ်းညွှန်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးတင်ပြလာသည့် စာတမ်းများကို ပြီးခဲ့သည့် (၁၅) ကြိမ်မြောက် UPDJC တွင် အတည်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများ ခေါ်ယူကျင်းပပြီး ဆွေးနွေးကြကာ ပြန်လည်တင်ပြလာသည့် အခြေခံမူအဆိုပြုချက်များကို ယခုအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးပြီး ညီလာခံကို ဆက်ပြီးတင်ပြရမည်ဖြစ်သည့်အတွက် ယနေ့ UPDJC အစည်းအဝေးသည် အထူးပင်အရေးကြီးပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ UPDJC က အဓိကတာဝန်ရှိသည့်အတိုင်း အသွင်လက္ခဏာအရနှင့် အနှစ်သာရအရပါ အောင်မြင်သည့် ညီလာခံဖြစ်အောင် UPDJC ခေါင်းဆောင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် အရေးကြီးလှပါကြောင်း၊ မူဘောင်များ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ငြင်းကြ၊ ခုံကြ၊ ဆွေးနွေးကြပြီး တစ်ခါတလေ ပြင်းပြင်းထန်ထန်၊ တစ်ခါတလေ ပြေပြေလည်လည်ဖြင့် နားလည်မှုများ၊ ယုံကြည်မှုများမှတစ်ဆင့် ရင်းနှီးမှုများ တည်ဆောက်နိုင်သည့် အခြေအနေအထိရောက်ရှိနေပြီ ဖြစ်ပါကြောင်း။

**အဆင်ပြေပြေ ဆောင်ရွက်နေ**

နိုင်ငံရေးဆွေးနွေးပွဲများ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိ၊ စာနာရိုင်းပင်းမှုများထားပြီး လျှောက်လှမ်းလာခဲ့ကြသည့် UPDJC ဖြတ်သန်းလာခဲ့သည့် ခရီးလမ်းတွင် မိမိတို့အားလုံး ပြည်သူများ လိုလားတောင့်တနေသော ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်အောင် ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်နေကြခြင်းပင် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယနေ့ မိမိတို့ ပါဝင်လုပ်ဆောင်နေသည့် UPDJC ကဲ့သို့ နိုင်ငံရေးဆွေးနွေးပွဲများကို မူဘောင်များ၊ လုပ်ငန်းလမ်းညွှန်များချမှတ်ပြီး စနစ်တကျ လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ UPDJC ခေါင်းဆောင်များအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများကို စနစ်တကျ ခိုင်ခိုင်မာမာ ကျင်းပနိုင်အောင် ချမှတ်ပေးခဲ့ကြသည့်အတွက် အဆင်ပြေပြေ ဆောင်ရွက်နေသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါကြောင်း။

**နားလည်မှုရှိရှိ ပူးပေါင်း**

နိုင်ငံရေးဆွေးနွေးပွဲများတွင် အဓိကအရေးအကြီးဆုံး အချက်သည် မိမိတို့အားလုံး ဦးတည်ကြိုးပမ်းနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်အဖြစ် ချမှတ်နိုင်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများထွက်ပေါ်လာရေးပင်ဖြစ်ပါကြောင်း၊ ထိုတာဝန်၊ ထိုရည်မှန်းချက်သည် မိမိတို့ UPDJC ၏ တာဝန်နှင့် ရည်မှန်းချက်လည်းဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် အစုအဖွဲ့များ ဘယ်လိုပင် ကွဲပြားကွဲပြား၊ UPDJC ဆိုသည့် တစ်ဖွဲ့တည်း၊ တစ်သင်းတည်းစိတ်ဓာတ်မျိုးထားရှိပြီး နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ကြရန် အင်မတန် အရေးကြီးလှပါကြောင်း၊ နောင်လာမည့် သမိုင်းစာမျက်နှာများတွင် UPDJC ၏ အခန်းကဏ္ဍ ဖြစ်တည်လာမည့်မှတ်တိုင်များကို မိမိတို့အားလုံး ပူးတွဲစိုက်ထူနေကြခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ဖန်တီးခဲ့သူများက ယခုအစည်းအဝေးတွင် ထိုင်နေသည့် ပုဂ္ဂိုလ်များ မဟုတ်ပါကြောင်း၊ မိမိတို့လက်ထက်အထိ လက်ဆင့်ကမ်းလွှဲပြောင်းပေးခဲ့သည့် ပဋိပက္ခနှင့်အတူ မိမိတို့ရင်ထဲကို အာဃာတတရားများကိုပါ လွှဲပြောင်းပေးခံရသည်မျိုးမဖြစ်အောင် အထူးသတိပြုကြရန် လိုပါကြောင်း၊ ပဋိပက္ခများ၏ အဓိကဇာစ်မြစ်ဖြစ်သည့် နိုင်ငံရေးပြဿနာများ ပြေလည်အောင် ယနေ့ မိမိတို့ ကြိုးပမ်းနေကြခြင်းဖြစ်ပါကြောင်း။

ပြစ်တင်ဝေဖန်ခြင်း၊ လက်ညှိုးထိုးခြင်းက ပဋိပက္ခများကို ပြေလည်အောင်ဆောင်ရွက်ရာတွင် အထောက်အကူ မပြုနိုင်ပါကြောင်း၊ ယနေ့အထိ မိမိတို့နိုင်ငံတွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ မချုပ်ငြိမ်းနိုင်သေးပါကြောင်း၊ ထို့ကြောင့် မိမိတို့လက်ထက်တွင် ပြဿနာများ ချုပ်ငြိမ်းစေအောင် ကြိုးပမ်းနေခြင်းဖြစ်ပါကြောင်း၊ မိမိတို့ UPDJC သည် ပြဿနာများ ဖန်တီးနေကြခြင်းမဟုတ်ဘဲ ပြဿနာများပြေလည်အောင် ကြိုးပမ်းနေသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ အတိတ်ကိုပြန်ပြီး အသက်သွင်းနေကြပါက အတိတ်၏အရိပ်အောက်တွင်ပင် ရောက်နေမည်ဖြစ်သည့်အတွက် UPDJC ခန်းမထဲ ဝင်ရောက်လာချိန်တွင် အတိတ်ကိုသင်ခန်းစာယူပြီး အနာဂတ်ကို မျက်နှာမူကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

**ဘုံတူညီချက်များချမှတ်**

ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည့် နိုင်ငံရေးစိတ်ရင်းဆန္ဒကို အခြေခံပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများကို ချဉ်းကပ်ကြရန် လိုအပ်ပါကြောင်း၊ မတူညီကွဲပြားသည့် နိုင်ငံရေးခံယူချက်များ ရှိနေသည့် မိမိတို့အားလုံး၏လိုလားချက်သည် အနာဂတ်တွင် ထွက်ပေါ်လာမည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပါကြောင်း၊ အဆိုပါပြည်ထောင်စုကို မည်သို့တည်ဆောက်မည်ဆိုခြင်းသည် မည်သို့သော ပြည်ထောင်စုမျိုးဖြစ်စေချင်သည်ဟုဆိုကာ အစုအဖွဲ့အသီးသီးက စိတ်ကူးပုံဖော်ထားကြမှုများနှင့် တစ်ထပ်တည်းကျမည် မဟုတ်ပါကြောင်း၊ ကွဲပြားမှုများထဲမှ တူညီမှုများကို ရှာဖွေပြီး ဘုံတူညီချက်များချမှတ်ရာတွင် အစုအဖွဲ့အားလုံးအနေဖြင့် မိမိမျှော်လင့်သလို ရာနှုန်းပြည့်တော့ ရရှိနိုင်မည် မဟုတ်ပါကြောင်း။

မိမိတို့အားလုံး သဘောတူထားသည့်အတိုင်း UPDJC သည် စေ့စပ်ညှိနှိုင်းမှု အဓိကလုပ်ရမည့် Negotiating Body ဖြစ်ပြီး ယင်းသို့ဖြစ်သည်နှင့်အညီ ဆွေးနွေးညှိနှိုင်းနိုင်သည့် အခင်းအကျင်းမျိုးဖန်တီးပေးရန်၊ ထိုသို့ ဖန်တီးပေးနိုင်အောင်လည်း သက်ဆိုင်ရာ ခေါင်းဆောင်များထံမှ ယတိပြတ်မူဝါဒမျိုး မဟုတ်ဘဲ ရွေးချယ်စရာနည်းလမ်းနှစ်ခု သို့မဟုတ် သုံးခုစသည်ဖြင့် ယူဆောင်လာရန် လိုအပ်ပါကြောင်း၊ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်း သဘောတရားကို နှလုံးသွင်းပြီး အပေးအယူ၊ အလျှော့အတင်းများပြုလုပ်လိုသည့် စိတ်ရင်းဆန္ဒရှိကြရန် အထူးပင်အရေးကြီးပါကြောင်း၊ သို့မှသာ နိုင်ငံရေးဆွေးနွေးပွဲမှ မိမိတို့ ညှိနှိုင်းအဖြေရှာနိုင်မည်ဖြစ်ပါကြောင်း။

**မျိုးဆက်သစ်များအတွက်**

ထို့ကြောင့် ငြိမ်းချမ်းရေးကို မျှော်လင့်နေကြသည့် ပြည်သူများ၊ တိုင်းရင်းသားများ၏ မျှော်တလင့်လင့် ညှိုးငယ်နေသည့်မျက်နှာများ၊ နှစ်ပေါင်းများစွာ နွမ်းလျနေခဲ့ရသည့် ၎င်းတို့၏ မျှော်လင့်ချက်များကို ရှေးရှုပြီး ယနေ့ မိမိတို့အတွက်မဟုတ်ဘဲ နောင်အနာဂတ်မျိုးဆက်သစ်များအတွက် မှန်းမျှော်ကြည့်ကြပြီး ယနေ့ ဆွေးနွေးပွဲကို အောင်အောင်မြင်မြင်ဖြစ်အောင် လုပ်ဆောင်ကြပါဟု တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ **ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း**က UPDJC ၏ (၁၆) ကြိမ်မြောက် အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ကိုယ်စားပြုသည့် UPDJC ဒုတိယဥက္ကဋ္ဌအနေဖြင့် အမှာစကားပြောခွင့်ရသည့်အတွက် အထူးပင်ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ UPDJC သည် NCA စာချုပ်အရ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးအကြီးဆုံးသော ကော်မတီတစ်ရပ်လည်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး အောင်မြင်ပြီး မိမိတို့တိုင်းပြည်ကြီး သာယာဝပြောအောင် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးအတွက် ပြင်ဆင်နေသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ အစည်းအဝေးတွင် လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အောင်အောင်မြင်မြင် ကျင်းပနိုင်ရန်အတွက် လုပ်ငန်းကော်မတီအသီးသီးက တင်ပြလာသည့် တင်ပြချက်များ၊ အဆိုပြုလွှာများကို စိစစ်ပြီး ညီလာခံကို တင်သွင်းနိုင်ရန်အတွက် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် လုပ်ငန်းကော်မတီက တင်ပြလာသည့် အဆိုပြုလွှာများကို အကောင်းဆုံးဖြစ်အောင် စိစစ်ပြီး သဘောတူညီချက်ရနိုင်သမျှရအောင် စုစည်း၍ ယခုအစည်းအဝေးမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအကြိမ်မြောက် အစည်းအဝေးကို တင်သွင်းသွားရမည်ဖြစ်ပါကြောင်း။

**အခြေခံမူများ ရရှိလာမည်**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးကို ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်သည် ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက်ပင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသဘောတူစာချုပ်ဆိုသည်မှာ NCA စာချုပ်တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် မိမိတို့တိုင်းပြည်တွင်ရှိသည့် ဥပဒေအားလုံးကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းများကို ဆောင်ရွက်သည့်အခါ အခြေခံရန်အတွက်လည်း ဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ ပင်လုံတွင် မျှော်မှန်းခဲ့သည့် ငြိမ်းချမ်းသာယာသည့် ပြည်ထောင်စုကြီး ထူထောင်နိုင်ရန်အတွက် အရေးကြီးသည့် အခြေခံမူများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးတွင် အားလုံးဝိုင်းဝန်းကြိုးစားအဖြေရှာပေးကြရန် လေးစားစွာတိုက်တွန်းလိုပါကြောင်း။

**ငြိမ်းချမ်းစွာအတူလက်တွဲ**

ယနေ့တွင် လုပ်ငန်းကော်မတီအသီးသီးက တင်သွင်းလာမည့် အဆိုပြုလွှာများကို မိမိတို့အနေဖြင့် အားလုံးဝိုင်းပြီး ညီလာခံကိုတင်သွင်းနိုင်ရန် ကြိုးစားသွားကြရမည် ဖြစ်ပါကြောင်း၊ လက်ရှိအနေအထားအရ လုပ်ငန်းကော်မတီအသီးသီးက သဘောတူ စုစည်းချက်များရရှိနိုင်မှု တော်တော်လေးနည်းပါးသေးသည်ဟု ကြားရပါကြောင်း၊ မိမိတို့ ရှေ့မှာရောက်ရှိလာမည့် အဆိုပြုလွှာများအားလုံးကို ပြေပြေလည်လည်ညှိနှိုင်း၍ အားလုံးသဘောတူနိုင်ပါက ဆက်လက်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသည် ရလဒ်ကောင်းထွက်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး ဖြစ်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရန်နှင့် တိုင်းရင်းသားလူမျိုးအားလုံး ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်နိုင်သော ပြည်ထောင်စုကြီး ထူထောင်နိုင်ရန်အတွက် အခြေခံမူများ ဖြစ်သွားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အားလုံးဝိုင်းပြီး တိုင်းပြည်၏ ပြဿနာကို အတူတကွ အဖြေရှာခြင်းဆိုသည့် ချဉ်းကပ်မှုမျိုးဖြင့် စိတ်ရှည်လက်ရှည် ဝိုင်းဝန်းဆွေးနွေးပြီး ငြိမ်းချမ်းရေးအတွက် အဖြေရှာကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

**သုံးပွင့်ဆိုင်စုပေါင်း**

ထို့နောက် **ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေ**က ဇူလိုင် ၁၁ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပတော့မည်ဖြစ်ပါကြောင်း၊ ညီလာခံကြီး ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား သိုက်သိုက်မြိုက်မြိုက် အောင်အောင်မြင်မြင်ဖြစ်ရန် ဝိုင်းဝန်းကြိုးစားသည့်အထဲတွင် မိမိတို့ UPDJC က အရေးပါသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ UPDJC ဆိုသည်မှာ နိုင်ငံတော်အစိုးရကို ကိုယ်စားပြုသည့် ဝန်ကြီးဌာနကိုယ်စားလှယ်ကြီးများ၊ တပ်မတော်ကိုယ်စားလှယ်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ စုပေါင်းပါဝင်သည့် အဖွဲ့အစည်း အစုအဖွဲ့တစ်ခု၊ NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စားလှယ် အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ ကိုယ်စားလှယ်အစုအဖွဲ့ သုံးပွင့်ဆိုင်စုပေါင်းထားသည့် အဖွဲ့အစည်းပင်ဖြစ်ပါကြောင်း။

အဆိုပါအဖွဲ့အစည်းက ငြိမ်းချမ်းရေးကြီးရရှိအောင် ညီညီညွတ်ညွတ် ရင်းရင်းနှီးနှီး တစ်လျှောက်လုံး ကြိုးစားခဲ့သည်မှာ လွန်စွာဝမ်းသာစရာ ကောင်းပါကြောင်း၊ UPDJC သည် ယနေ့ကြိုးပမ်းနေသည့် လုပ်ငန်းကြီးနှစ်ခု ရှိပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည့် လုပ်ငန်းနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကြီး ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းကြီးသည် အင်မတန်ကြီးကျယ် ခက်ခဲသည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်သကဲ့သို့ ရင်ဆိုင်ဖြေရှင်းရမည့် လုပ်ငန်းကြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်ရန် UPDJC တွင် ရင်းရင်းနှီးနှီး ခေါင်းချင်းဆိုင်ပြီး ဆွေးနွေးရုံဖြင့် မလုံလောက်ပါကြောင်း။

**အလျှော့အတင်း၊ အပေးအယူပြုလုပ်**

အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည့် လုပ်ငန်းကြီးတွင် စံချိန်စံညွှန်းနှင့်ညီအောင် UPDJC အဖွဲ့အစည်းများအချင်းချင်း တွေ့သည့်အချိန်တွင် လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ပျော်ပျော်ရွှင်ရွှင် လုပ်ကိုင်နေကြသည်ကို ပြည်သူလူထု တွေ့မြင်ရန် လိုအပ်ပါကြောင်း၊ UPDJC ဆိုသည်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်လမ်းညွှန်နေသည့် အဖွဲ့အစည်းပီပီ ညီညွတ်မှုကို ပြည်သူလူထုအား ပြသရန် လိုအပ်ပါကြောင်း၊ သို့မှသာ လူထုကြီးသည် အမျိုးသားပြန်လည်သင့်မြတ်ရေး အမှန်တကယ်ဖြစ်လာတော့မည်ဟု ယုံကြည်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ငြိမ်းချမ်းရေးဖော်ဆောင်မှုကို ကြိုးပမ်းသည့်နေရာတွင် UPDJC သည် တွေ့ဆုံ၊ ဆွေးနွေး၊ ညှိနှိုင်းဆောင်ရွက်ကြရာတွင် သည်းခံ၊ စိတ်ရှည်၊ နားလည်မှုများ၊ အမြော်အမြင်ရှိမှုများဖြင့် အခက်အခဲများကို အလျှော့အတင်း၊ အပေးအယူပြုလုပ်ကာ သဘောတူညီချက်ရအောင်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

**မြန်မြန်ဆန်ဆန် ရရှိမည်**

ထိုသို့သော အရည်အချင်းမျိုးကို ပြသနိုင်မှ ပြည်သူလူထုက နားလည်သဘောပေါက်ပြီး UPDJC ကြိုးစားနေသည့်ငြိမ်းချမ်းရေးသည် ရကိုရမည်ဟု ယုံကြည်စိတ်ဝင်ကာ ပြည်သူတစ်ရပ်လုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲသို့ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုကိုရရှိပြီး ငြိမ်းချမ်းရေး မြန်မြန်ဆန်ဆန် ရရှိမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကို တာဝန်အပေးခံရသည့် UPDJC သည် အင်မတန် ဂုဏ်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများကို တာဝန်ပေးခံရခြင်းသည် ကြုံခဲလှပါကြောင်း၊ ထို့ကြောင့် ကြုံတောင့်ကြုံခဲအချိန်တွင် တာဝန်အပေးခံရသည့် UPDJC သည် မိမိတို့တာဝန်ကို ကျေပွန်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ထိုသို့ ကြိုးပမ်းဆောင်ရွက်သွားပါက ပြည်သူလူထုသည် ငြိမ်းချမ်းရေးဆိုသည့် အသီးအပွင့်များနှင့် အသီးအပွင့်များ၏အရသာကို ခံစားသွားနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ပြည်သူများ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ခံစားသွားနိုင်ရန်လည်း UPDJC သည် အစွမ်းကုန်ကြိုးစားအားထုတ် ဆောင်ရွက်နေသည့်အတွက် ငြိမ်းချမ်းရေးရရှိပါက UPDJC ၏ သမိုင်းသည် အင်မတန်လှပသည့် မှတ်တမ်းဖြစ်သွားမည်ဖြစ်ပါကြောင်း၊ လာမည့်ငြိမ်းချမ်းရေးညီလာခံသည်လည်း ငြိမ်းချမ်းရေးအောင်ပွဲ၏ အဆင့်တစ်ခုတက်သွားအောင်လုပ်ရန် လိုအပ်ပါကြောင်း။

ညီညီညွတ်ညွတ်ဖြင့် အောင်မြင်အောင်၊ တာဝန်ကျေပွန်အောင် အတူတကွ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပါက ငြိမ်းချမ်းရေးအဆင့်အတန်းတစ်ခုကို ယနေ့ ဖော်ဆောင်သည့် ညီလာခံကြီးတွင် မိမိတို့ပြသရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင်၊ ပြည်သူလူထုလည်း ငြိမ်းချမ်းရေးအသီးအပွင့်များ

**စာမျက်နှာ ၈ သို့ ❖**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အဖွဲ့ Singapore Biennial Urban Sustainability Week ဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၉**
စင်ကာပူသမ္မတနိုင်ငံတွင် ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် Singapore Biennial Urban Sustainability Week သို့ တက်ရောက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းတို့ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၇ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းတွင် World Cities Summit ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများနှင့်အတူ စင်ကာပူနိုင်ငံ၌ ၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော Tampines Hub သို့ သွားရောက်လေ့လာသည်။ အဆိုပါ Tampines Hub ကို မြေနေရာ ၅ ဒသမ ၇ ဟက်တာတွင် ဆောက်လုပ်ရေးကုမ္ပဏီကြီး ၁၂ ခုက အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော် အကုန်အကျခံကာ အဆင့်မြင့်အိမ်ရာ အဆောက်အအုံအဖြစ် ဆောက်လုပ်ထားပြီး လက်ရှိတွင် လူဦးရေ ၂၂၀၀၀ ခန့် နေထိုင်လျက်ရှိသည်။

ဆက်လက်၍ ယနေ့နံနက် ၉ နာရီတွင် Sands Expo & Convention Center, Marina Bay Sands Hotel ၌ ကျင်းပသော Singapore Biennial Urban Sustainability Week (World Cities Summit, Singapore International Water Week, Clean Environment Summit) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Tharman Shanmugaratnam၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Ambassador-at-large Prof. Tommy Koh၊ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H.E. Mr. Ranil Wickremesinghe တို့က အဖွင့်အမှာစကားပြောကြားသည်။ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတကာမှ မြို့တော်ဝန်များနှင့် ဒေသဆိုင်ရာဝန်ကြီးချုပ်များ၊ အုပ်ချုပ်ရေးမှူးများ၊ ဆောက်လုပ်ရေး၊ မြို့ပြနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## တာမွေမြို့နယ်နှင့်ဆိပ်ကမ်းမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းကြေညာ

**ရန်ကုန် ဇူလိုင် ၉**
၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်သော တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) တို့အတွက် ပထမအကြိမ်မဲဆန္ဒရှင်စာရင်းကို ယနေ့ နံနက် ၇ နာရီမှစ၍ အဆိုပါမြို့နယ်တို့ရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာထားပြီး ည ၉ နာရီအထိ မဲဆန္ဒရှင်များ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

"တာမွေမြို့နယ်နဲ့ ဆိပ်ကမ်းမြို့နယ်မှာ တစ်ပြိုင်နက်တည်း ကပ်ထားကြေညာတာပါ။ ၂၀၁၅ ခုနှစ် မဲဆန္ဒရှင်စာရင်းကို အခြေခံပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေက ပြုစုပေးတဲ့လူဦးရေစာရင်းနဲ့ တိုက်ဆိုင်စိစစ်ပြီး ပြုစုထားတာဖြစ်တဲ့အတွက် အမှားအယွင်းတွေရှိနိုင်ပါတယ်။ ရပ်ကွက်နေမဲဆန္ဒရှင်တွေက လာရောက်ကြည့်ရှုပူးပေါင်းပါဝင် စိစစ်ပေးမှသာ ပြည့်စုံမှန်ကန်တဲ့ မဲဆန္ဒရှင် စာရင်းတစ်ခု ဖြစ်လာမှာပါ" ဟု တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး) အတွင်းရေးမှူး ဦးတင်မောင်အေးက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်၊ အေးမင်းသူ**

## မတ္တရာမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း ကြေညာ

**မတ္တရာ ဇူလိုင် ၉**
၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ရှမ်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် နေရာအတွက် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ဇူလိုင် ၉ ရက်မှ စတင်၍ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ကြေညာထားကြောင်း သိရသည်။

မတ္တရာမြို့နယ်မှ ရှမ်းတိုင်းရင်းသားများ နေထိုင်သည့် အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ ရေနံ့သာ၊ စလေ၊ လက္ကောင်းကြီး၊ ရေကြည်၊ ဘေးမဲ့၊ သရက်တော၊ ပိုဝနှင့် ရွှေဘောင်ကျေးရွာ အုပ်စုများရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းကို ကြေညာထားပြီး မဲဆန္ဒရှင်များက မဲစာရင်းများကို လာရောက်ကြည့်ရှုပြီး မဲစာရင်းတွင် မိမိအမည် မပါဝင်ပါက ပုံစံ(၃)ဖြင့် အမည်စာရင်း ထည့်သွင်းရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ပုံစံများကို ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးများတွင် အခမဲ့ထုတ်ယူနိုင်ပြီး ပုံစံ(၃)၊ ပုံစံ(၄)နှင့် ပုံစံ (၄-က)များကို ဇူလိုင် ၂၂ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

မတ္တရာမြို့နယ်တွင် ယနေ့ ထုတ်ပြန်ကြေညာသည့် စာရင်းအရ ရှမ်းတိုင်းရင်းသားများ နေထိုင်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ အုပ်စုတွင် မဲဆန္ဒရှင် စုစုပေါင်း ၂၁၇ ဦးရှိကြောင်း သိရပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ဆောင်ရွက်ပြီးစီးပါက ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



❖ စာမျက်နှာ ၇ မှ
စားသောက်နိုင်အောင်၊ မိမိတို့အားလုံး၏သမိုင်းလည်းလှပအောင် ညီညီညွတ်ညွတ်ဖြင့် တတ်စွမ်းသလောက် ဆောင်ရွက်ကြပါဟု ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် တက်ရောက်လာကြသူများက နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍတို့မှ မူဝါဒစာတမ်းများ တင်ပြဆွေးနွေးခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်ချမှတ်ရေးကိစ္စနှင့် အထွေထွေကိစ္စရပ်များအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသုဝေ၊ ဒေါက်တာလျန်မှုန်းဆာခေါင်းနှင့် ဒေါက်တာ တင်မျိုးဝင်းတို့က နိဂုံးချုပ်အမှာစကားပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



မွန်ပြည်နယ် မုဒုံမြို့နယ် တာပသွန်ကျေးရွာတွင် ဇူလိုင်လ ပထမပတ်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြအောင် ဦးဆောင်၍ လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား မှုခင်းအသိပညာ ပေးဟောပြောစဉ်။

**မော်လမြိုင်(ကိုယ်ပွား)**

## အာရှအားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိစေရန် ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇူလိုင် ၉**
မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၌ မြားပစ်အလုပ်အမှုဆောင်အဖွဲ့ ရွေးကောက်တင်မြှောက်ခြင်း ကြိုတင်ညှိနှိုင်းအစည်းအဝေးနှင့် အကြိမ်(၃၀)မြောက် ဆီးဂိမ်း၊ (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲနှင့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိစေရန် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံမြားပစ်ကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ရာသက်ပန် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နာယက ဒေါက်တာခင်ရွှေက မြန်မာမြားပစ်အားကစားသည် အရှေ့တောင်အာရှတွင် အောင်မြင်မှုရရှိခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၏ အောင်မြင်မှုသမိုင်းကို ပြန်လည်တောက်ပစေရေး အားလုံးပူးပေါင်းဆောင်ရွက်ကြရန်နှင့် လာမည့်ဆီးဂိမ်းတွင် ရွှေတံဆိပ်ဆုရယူနိုင်ရေး ကြိုးစားကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အလုပ်အမှုဆောင် ကော်မတီဝင်ရာထူးနေရာ ရွေးချယ်တင်မြှောက်ပွဲ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် အကြိမ်(၃၀)မြောက် ဆီးဂိမ်း၊ (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲနှင့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇေသီဟနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက အထွေထွေဆွေးနွေးမှုများတင်ပြခဲ့ကြပြီး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နာယက မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ အမှုဆောင်အဖွဲ့ဝင်များက စခန်းသွင်းလေ့ကျင့်နေသော အားကစားသမားများအား စိတ်ဓာတ်ရေးရာမြင့်တက်လာစေရန် အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း အေးသာယာမြို့ရှိ ၆၆/၃၃/၁၁ကေဗွီ အောင်သပြေဓာတ်အားခွဲရုံနှင့် အောင်ပန်းမြို့ရှိ ၆၆/၃၃ ကေဗွီဓာတ်အားခွဲရုံများသို့ ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် Switchyard အတွင်းရှိ ထရန်စဖော်မာများကို ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အားတည်ငြိမ်ပြည့်ဝစွာဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး၊ ဗို့အားစနစ်တည်ငြိမ်မှုရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားလေလွင့်ပျောက်ဆုံးမှုမရှိစေရေးတို့အတွက် အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပင်လောင်းမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံမှူးက ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ နှစ်အလိုက်ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှု၊ စက်ရုံအနီးရှိ ပတ်ဝန်းကျင်ကျေးရွာများဖွံ့ဖြိုးရေးအတွက် လူမှုရေးတာဝန်သိမှု(CSR) လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် EIA, SIA လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး အလေးထားဆောင်ရွက်ရန်နှင့် ဓာတ်အားပေးစက်များစက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှာကြားပြီး ဓာတ်အားပေးစက်ရုံအတွင်းရှိ ဓာတ်အားထိန်းချုပ်ခန်းနှင့် တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များမောင်းနှင်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး တတိယအကြိမ်မြောက် ညီလာခံကျင်းပ

**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး တတိယအကြိမ် ညီလာခံနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျောက်တန်းမြို့နယ်အသင်းခန်းမ၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးယဉ်ကျော်(ဒါရိုက်တာမောင်ယဉ်ကျော်)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အသင်း၏သုံးနှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို အလုပ်အမှုဆောင်အဖွဲ့ကိုယ်စား အသင်းဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ဖတ်ကြားတင်သွင်းပြီး အသင်းဝင်များက အတည်ပြုကြသည်။

ယင်းနောက် ဒုတိယအကြိမ် သက်တမ်းမှ အလုပ်အမှုဆောင်အဖွဲ့ နုတ်ထွက်ကြောင်း ကြေညာပြီးနောက် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး၏ တတိယအကြိမ်သက်တမ်းအတွက် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပသည်။

**သတင်းစဉ်**

# မြန်မာ့လက်ရွေးစင် လှေလှော်(ခ)အသင်းမှ ရွှေ၊ ငွေ၊ ကြေး တံဆိပ်ရရှိသူများအား လေဆိပ်၌ကြိုဆို

**ရန်ကုန် ဇူလိုင် ၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ (တလီ)မြို့၌ ဇူလိုင် ၄ ရက်မှ ၈ ရက်အထိကျင်းပခဲ့သည့် 5th ASIAN DRAGON BOAT CHAMPIONSHIPS 2018 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းဦး ဦးဆောင်သော မြန်မာ့လက်ရွေးစင်လှေလှော်(ခ)အသင်းသည် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုရရှိခဲ့ပြီး ယမန်နေ့ ည ၇ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦး သောင်းထိုက်မင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ နည်းပြဆရာများ၊ လှေလှော်အားကစားသမားများနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းသား ကျောင်းသူများ၊ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ့လှေလှော်လက်ရွေးစင်(ခ) အသင်းသွားရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ပြိုင်ပွဲ လေးမျိုးအနက် မီတာ ၅၀၀ အမျိုးသား အမျိုးသမီး(Mixed) ၁၀ တက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ မီတာ ၂၀၀ အမျိုးသား အမျိုးသမီး(Mixed) ၁၀ တက်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် မီတာ ၅၀၀ အမျိုးသား ၁၀ တက်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ထမ်လွမ်ခွန်နမ့်လိုဏ်ဂူအတွင်း ပိတ်မိနေသော လူငယ်လေးဦးအား ထပ်မံကယ်ထုတ်နိုင်

**မယ်ဆိုင် ဇူလိုင် ၉**

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ထမ့်လုံခွန်နမ့်လိုဏ်ဂူအတွင်း၌ ပိတ်မိနေသော ကျန်ရှိ လူငယ်ဘောလုံးအသင်းဝင် ရှစ်ဦးနှင့် နည်းပြတို့အား အမြန်ဆုံးခေါ်ထုတ်နိုင်ရန်အတွက် ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီမှစတင်၍ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြရာ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသော ဒုတိယမြောက်ရက်ဖြစ်သည့် ယနေ့ညပိုင်း ဒေသစံတော်ချိန် ည ၆ နာရီ ၅၉ မိနစ်အထိ လိုဏ်ဂူအတွင်းမှ လူငယ် လေးဦးအား ထပ်မံကယ်ထုတ်နိုင်ခဲ့ကြောင်း Thai Navy SEAL က အတည်ပြုထုတ်ပြန်လိုက်သည်။ ၎င်းတို့အား ရဟတ်ယာဉ်ဖြင့် တင်ဆောင်ကာ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် ချင်းရိုင်ပြည်သူ့ဆေးရုံကြီးသို့ တိုက်ရိုက်ပို့ဆောင်ခဲ့ကြောင်း ထိုင်းနိုင်ငံ ရုပ်/သံသတင်း ဌာနအသီးသီးက ဖော်ပြခဲ့ကြသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ယနေ့ညနေပိုင်းမှစတင်၍ ကယ်ဆယ်ရေးစခန်းဝန်းကျင်၌ လူနာတင်ယာဉ်များနှင့် ရဟတ်ယာဉ်များ အသင့်စောင့်ဆိုင်းခဲ့ကြပြီး ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်သည့် ဇူလိုင် ၈ ရက် တွင်လည်းကယ်ထုတ်လာသည့်လူငယ်လေးဦးအတွက် လူနာတင်ယာဉ်မှ ရဟတ်ယာဉ်သို့ ပို့ဆောင်ချိန်မှာ သုံးမိနစ်ခန့်သာ ကြာမြင့်သဖြင့် ဇာတ်တိုက်လေ့ကျင့်စဉ်ကထက် ငါးဆပို၍ မြန်ဆန်သည်ဟု ယနေ့နေ့လယ်ပိုင်းက ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ချင်းရိုင်ခရိုင်အုပ်ချုပ်ရေးမှူး နလုန်းဆတ်အိုစထာနကွန်းဦးဆောင်သော တပ်မတော်အရာရှိများက ပြောသည်။



ထိုင်းနိုင်ငံရှိ သတင်းဌာနမှဖော်ပြထားသော ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

"ရာသီဥတုဆိုးရွားနေလို့ လိုဏ်ဂူအတွင်းဝင်ရောက်လာမယ့် ရေကိုထိန်းနေရပါတယ်၊ မနေ့ကလည်း ကယ်ဆယ်ရေး ရဟတ်ယာဉ်ပျံသန်းတဲ့ လမ်းကြောင်းလွှဲခဲ့လို့ ဆေးရုံကိုပို့ဆောင်မယ့်ကလေးတစ်ဦးကို သူနာပြုယာဉ်နဲ့ သယ်ဆောင်လာခဲ့ရတာပါ၊ မနေ့က ချင်းရိုင်ဆေးရုံမှာရောက်နေတဲ့ကလေး လေးဦးနဲ့မိဘတွေကို ပေးမတွေ့တာကတော့ ဂူအတွင်းမှာကျန်ရှိနေသေးတဲ့ ကလေးတွေရဲ့ မိသားစုဝင်တွေ စိတ်မကောင်းဖြစ်မှာကြောင့် ဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ သင့်တော်တဲ့အချိန်မှာ ကလေးတွေနဲ့ မိသားစုဝင်တွေကို ပေးတွေ့ပါမယ်"ဟု ချင်းရိုင်ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။

ထမ့်လုံခွန်နမ့်လိုဏ်ဂူအနီးရှိ ကယ်ဆယ်ရေးစခန်းဝန်းကျင်၌ နိုင်ငံတကာမှ သတင်းရယူနေကြသော မီဒီယာများကို ဒရုန်းပျံသန်းအသုံးပြု၍ သတင်းရယူခြင်းမပြုရန် တာဝန်ရှိသူများက ယနေ့တွင် တားမြစ်လိုက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ရဟတ်ယာဉ်ပျံသန်းရန် အဆင်သင့်ပြင်ဆင်ထားရသောကြောင့် အနှောင့်အယှက်ဖြစ်စေနိုင်သဖြင့် ဒရုန်းပျံသန်းအသုံးပြု၍ သတင်းရယူလုပ်ဆောင်ခြင်းမပြုရန် အသိပေးပြောကြားကြောင်း သိရသည်။ ကယ်ဆယ်ရေးလုပ်ငန်းလုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ ကယ်ဆယ်ရေးစခန်းအနီး၌ ဇူလိုင် ၇ ရက်အထိ မီဒီယာစင်တာထားရှိပေးထားပြီး သတင်းရယူခွင့်ပြုခဲ့သော်လည်း လူငယ်ဘောလုံးအသင်းဝင်များအား လိုဏ်ဂူအတွင်းမှ စတင်ခေါ်ထုတ်မည့် ဇူလိုင် ၈ ရက်မှစတင်၍ သတင်းမီဒီယာများနှင့် လူမှုကူညီရေးအဖွဲ့များအား ပုံဖာကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ပြောင်းရွှေ့နေရာချထားရာ သတင်းရယူကြသူများမှာ မီဒီယာစင်တာအနီးမှ ကယ်ဆယ်ရေးစခန်းဘက် မြင်သာသည့်နေရာများတွင် သတင်းစောင့်ဆိုင်းရယူနေကြရကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေရာတွင် ပထမဆုံးတွေ့ရှိသည့် လူငယ်ဘောလုံး အသင်းဝင်တစ်ဦးကို ထိုင်းနိုင်ငံဒေသစံတော်ချိန် ညနေ ၄ နာရီခွဲနှင့် ၄ နာရီ ၄၅ မိနစ်ကြားတွင် လည်းကောင်း၊ ဒုတိယမြောက်လူငယ်ကို ညနေ ၆ နာရီဝန်းကျင်တွင်လည်းကောင်း၊ တတိယမြောက်လူငယ်ကို ညနေ ၆ နာရီခွဲတွင် လည်းကောင်း၊ စတုတ္ထမြောက်လူငယ်ကို ညနေ ၆ နာရီ ၅၉ မိနစ်တွင် လည်းကောင်း ခေါ်ထုတ်လာနိုင်ခြင်းဖြစ်ကြောင်း သိရပြီး ယခုလက်ရှိနှစ်ရက်အတွင်း လူငယ်ဘောလုံးအသင်းဝင် စုစုပေါင်းရှစ်ဦးအား ကယ်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၅ ရက် ညပိုင်းက လိုဏ်ဂူအတွင်းမှရေငုပ်ပြီး ပြန်လာရာဂူလမ်းကြောင်းအတွင်း လမ်းခုလတ်နေရာတွင် ရုတ်တရက် သတိလစ်မေ့မြောသေဆုံးခဲ့သော ထိုင်းနိုင်ငံရေတပ်မှ ကျွမ်းကျင်ရေငုပ်သမားဖြစ်သူ တပ်ကြပ်ကြီးဟောင်း မစ္စတာ စမန်း ဘွန်အမ်း (၃၇)နှစ်၏ သေဆုံးရုပ်အလောင်းအား ၎င်းနေထိုင်ရာဇာတိနေရပ်သို့ ယနေ့နေ့လယ်ပိုင်းက သယ်ဆောင်ခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဇီဝဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ-၂

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

## SAMPLE QUESTION

**2019**

**MATRICULATION EXAMINATION**

**DEPARTMENT OF MYANMAR EXAMINATION**

**BIOLOGY** **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN YOUR ANSWER BOOKLET.**

**DO NOT COPY THE QUESTIONS.**

1. State **TRUE** or **FALSE** to the following statements. Do not copy the statements. (10 marks)

   i. Plants which have soft stems are all termed as herbs.
   ii. Reproduction is the function of the androecium only.
   iii. In the ripe indehiscent fruits the pericarp can be split open.
   iv. Sacral region of the rabbit's vertebral column consists of twelve vertebrae.
   v. The glucose which is formed during photosynthesis is stored temporarily as starch in the leaves.
   vi. The rate of respiration depends mainly on the carbon dioxide concentration of the blood.
   vii. All serum globulins are antibodies.
   viii. A reflex arc involves only two neurons called the sensory and intermediate neurones.
   ix. Scrotum is a sac in which a testis is located.
   x. The roots of the orchids obtain nutrients and water from the air.

2. Choose the correct answer for the following statements. Do not copy the statements. (10 marks)

   i. The following diagrams show modified stems. Which diagram shows the runner?



(A) (B) (C) (D)

   ii. Which part of the flower contains numerous pollen grains?




   A. Stigma B. Ovule C. Anther D. Filament

   iii. The type of germination shown by plants of Maize grain is (A. hypogeal B. epigeal C. hypogyny D. epigyny).
   iv. Bile duct is formed by the (A. hepatic ducts B. pancreatic ducts C. cystic ducts D. lymphatic ducts).
   v. What is the mode of nutrition in *Paramecium*? A. autotrophic B. heterotrophic C. autotrophic and heterotrophic D. none of these
   vi. The muscles of the ribs and diaphragm relax during (A. expiration B. inspiration C. digestion D. excretion).
   vii. Osmosis may be defined as the diffusion of water through a (A. permeable B. semipermeable C. impermeable D. thin) membrane from a weak to a strong solution.
   viii. (A. Associative neurons B. Motor neurons C. Sensory neurons D. Neuroglia) conduct impulses from the sense organs to the central nervous system.
   ix. Mature sperms are stored temporarily in the (A. testes B. scrotal sacs C. epididymis D. ovaries).
   x. A gene may be changed into two or more alternative forms called (A. allelomorphs B. gene loci C. chromosomes D. traits).

3. Complete the following statements with appropriate words. Do not copy the statements. (10 marks)

   i. Plants which live for many years are termed as --------------.
   ii. Inflorescence may be classified into -------------- and cymose.
   iii. A small pore at one of the -------------- of bean seed is the micropyle.
   iv. Each -------------- nerve consists of sensory and motor nerve fibres.
   v. Food rolled into a -------------- by the tongue is forced into the back of the pharynx.
   vi. In a mammal inspiration and -------------- occur during the process of gaseous exchange.
   vii. Molecules are constantly in motion because of their -------------- energy.
   viii. Rhizomes and runners grow at right angles to --------------.
   ix. Breast-feeding ensures close contact between mother and baby, and -------------- care.
   x. The presence of the Y chromosome may determine a tendency to --------------.

4. Answer **ALL** questions. (10 marks)

   a. Provide the labels to the given diagram. **(Do not copy the diagram.)**




   b. Give a brief account of cranial nerves.
   c. State the role of carbohydrates and fats and water.
   d. Explain what happen at the end of inspiration.

   **OR**

   Write a short note on cooling effect of leaf.

   e. List the four stages of cell division and state what occur during interphase.

   **OR**

   State what is meant by the term pollution.

5. Answer **ANY FOUR** questions. (20 marks)

   a. State the modified leaves and categorize the functions of the leaves.
   b. Provide labels and caption to the given diagram and mention the name of minute air sacs in the lungs of rabbit.




   c. How do you think about the role of chlorophyll and chloroplast in photosynthesis?
   d. With suitable illustration, demonstrate the process of osmosis.

   **OR**

   Mention any five types of limb muscles associated with their respective functions.

စာမျက်နှာ ၁၁ သို့ ❖

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ ပခုက္ကူမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေး

**ပခုက္ကူ ဇူလိုင် ၉**
လူ့အခွင့်အရေးချိုးဖောက်မှုများမရှိစေရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ယနေ့တွင် ပခုက္ကူမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း အဆိုပါကော်မရှင်ထံမှသိရသည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သောအဖွဲ့သည် ပခုက္ကူမြို့ရှိ မြို့မရဲစခန်းအချုပ်ခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အကျဉ်းဦးစီးဌာန ပခုက္ကူအကျဉ်းထောင်သို့ သွားရောက်ကာ အကျဉ်းသား အကျဉ်းသူများအား အိပ်ဆောင်များတွင် အုပ်စုလေးစုခွဲပြီး တွေ့ဆုံ၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ရှိ၊ မရှိ တို့ကို စစ်ဆေးမေးမြန်းကာ အကျဉ်းသား အကျဉ်းသူ အိပ်ဆောင်များ၊ စားဖိုကြီး၊ စာကြည့်တိုက်များနှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းထောင်ရှိ အကျဉ်းသားများထဲမှ သီးခြားတွေ့ဆုံတင်ပြလိုသူ အကျဉ်းသား နှစ်ဦးတို့ကို တစ်ဦးချင်းတွေ့ဆုံကာ အခက်အခဲများကို မေးမြန်းကြသည်။

ယင်းနောက် အကျဉ်းဦးစီးဌာန ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းအခက်အခဲများ ရှိ၊ မရှိ မေးမြန်းပြီး အကျဉ်းသား အကျဉ်းသူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ မပြုလုပ်မိစေရေး၊ အကျဉ်းသားများ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တတိုးတက်ပြောင်းလဲစေရေးနှင့် လုပ်ဆောင်ရမည့်နည်းလမ်းများ စသည်ဖြင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး အကျဉ်းထောင်ဧရိယာအတွင်းရှိ ဝန်ထမ်းလိုင်းခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့ရှိ မြို့နယ်တရားရုံး၊ မြို့နယ်ဆေးရုံရှိ အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



အလားတူ ဇူလိုင် ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ဘဲလင်းအကျဉ်းစခန်း (၁)၊ (၂)တို့နှင့် ရဲစခန်းအချုပ်ခန်းများကိုလည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် မန္တလေးမြို့ရှိ ဗဟိုအကျဉ်းထောင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အလယ်ကျေးရွာ အောင်ဇေယျမင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသားကျောင်းသူ ၃၀၀ ကျော်အား လှိုင်သာယာ မြို့မရဲစခန်းမှ မြို့နယ်မှူး ရဲမှူးအောင်မြတ်စိုးက မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် မူးယစ်ဆေးဝါး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၈ ရက်က ဆောင်ရွက်စဉ်။

**ကြေးမုံ**

## တောင်ငူမြို့တွင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းပြုလုပ်

**တောင်ငူ ဇူလိုင် ၉**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံးနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) တို့ ပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဆက်လက်ပြီး စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) နာယက(၂) ဦးအောင်သန်းက စာရေးဆရာ ဒေါက်တာ ဖေမြင့်ရေးသားသည့် "စဉ်းစားခြင်း" စာအုပ်ပါ အခန်းအလိုက် အကျပ်အတည်းကြားမှာ စဉ်းစားကြံဆတတ်သူများ၊ ဖောက်ထွက်အတွေးတို့၏သဘော၊ စဉ်းစားစရာပြဿနာများ (အထွေထွေ)၊ စဉ်းစားစရာပြဿနာများ (ကျင့်ဝတ်ပိုင်း သို့မဟုတ် တရားမျှတမှုဆိုင်ရာများ)၊ စဉ်းစားကြသည့်အခါ စဉ်းစားစရာ၊ စဉ်းစားခြင်းဆိုင်ရာ နည်းနာများအကြောင်းတို့ကို ခြုံငုံသုံးသပ်ဆွေးနွေးကာ အခန်းတစ်ခန်းစီအလိုက် အသက်ဘေးမှ လွတ်မြောက်အောင် ရုန်းထွက်ခြင်း၊ သေတ္တာအပြင်ဘက်ထွက်၍ စဉ်းစားနည်း၊ ဘယ်သူတရားပိုရှိသလဲ၊ ကြက်ဥနှင့်ကြက်မ ဘယ်သူအရင်စ၊ တစ်ဖက်သား နေရာကလည်း စဉ်းစားဖို့လိုတယ်၊ ဦးနှောက်မုန်တိုင်းဆွေးနွေးဝိုင်း အကြောင်းအရာများကို တက်ရောက်လာကြသည့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

❖ စာမျက်နှာ ၁၀ မှ

e. What is gestation period and how long it takes in human? Explain what you understand on lactation and maternal care.

**OR**

Define the terms genes, genotype and chromosomes.

6. Answer **ANY FOUR** questions. (40 marks)

a. List the modified stems. With the suitable labeled diagrams explain the nature of ginger and potato.

b. Provide with labels and caption to the following diagram. Explain the function of stomach and intestine of a rabbit. **(Do not copy the diagram.)**




c. Give a brief account on the process of photosynthesis with a relevant equation and a word diagram.

d. With relevant diagram about aerobic respiration and put up a design of experiment to show the release of carbondioxide.

e. Explain the process of transpiration and describe how water and mineral salts are absorbed by the plants.

**OR**

Give the fully labeled the diagrams of an egg and a sperm. Explain the process of fertilization, implantation and menstrual cycle as found in human.

f. Define the terms genes and mutation. Mention the Gregor Mendel's rules of genetics.

**OR**

State the role of producers in an ecosystem. Construct a word diagram to show how nitrogen cycle takes place in nature.

## ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မြို့နယ်လေးခုတွင် ကြိုးကြာခေါင်းနီ သုတေသနပြုလုပ်ငန်းများ စတင်

**ရန်ကုန် ဇူလိုင် ၉**
ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ မြို့နယ်လေးခုတွင် ကြိုးကြာခေါင်းနီငှက်သိုက်များကို သုတေသနပြု မှတ်တမ်းတင်ခြင်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

သစ်တောဦးစီးဌာန မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောမှ ဝန်ထမ်းများနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဝါးခယ်မမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် အိမ်မဲမြို့နယ်တို့တွင် ကြိုးကြာခေါင်းနီ သုတေသနလုပ်ငန်းများကို ဇူလိုင်လဆန်းကတည်းက စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ငှက်ပညာရှင် ဦးသက်ဇော်နိုင်က ပြောသည်။

"၂၀၁၆ တုန်းက ကျွန်တော်တို့ ဒေသခံအချို့ကို မေးပြီးတော့ သုတေသနလုပ်တဲ့အခါမှာ ၃၃ သိုက်တွေ့တယ်။ ၂၀၁၇ ကျတော့ ဒေသခံတွေရဲ့ ပူးပေါင်းမှုကြောင့် ၁၃၈ သိုက်တွေ့တယ်။ ပူးပေါင်းလာတော့ မနှစ်က သုတေသနမဆင်းခင်မှာ ပညာပေးအဖွဲ့က ကျောင်းတွေ၊ ရွာတွေလိုက်ပြီးတော့ ကြိုးကြာငှက်ကို ထိန်းသိမ်းရေး ဟောပြောပွဲတွေ လုပ်တဲ့အခါ သူတို့က ကျွန်တော်တို့နဲ့ ပူးပေါင်းပါဝင်တဲ့အတွက် အသိုက်တွေ ပိုတွေ့ထားတာပါ။ ဒီနှစ်လည်းပဲ ကျွန်တော်တို့အဖွဲ့က ရှေ့ပြေးအနေနဲ့ ပညာပေးဟောပြောမှုတွေ လုပ်နေတယ်ဆိုတော့ မနှစ်ကထက် အများကြီး ပိုတွေ့ရလိမ့်မယ်လို့ မျှော်လင့်တယ်။ မနှစ်ကထက် ကြိုးကြာအသိုက် သတင်းပေးတာရော ထိန်းသိမ်းရေးတွေမှာပါ ပိုပြီးတော့ ပူးပေါင်းပါဝင်လာမယ်လို့ ထင်ပါတယ်"ဟု ၎င်းကပြောသည်။



ကြိုးကြာအသိုက် သတင်းများပေးသော ဒေသခံများအတွက် ဂုဏ်ပြုအစီအစဉ်ရှိပြီး အဆိုပါ မြို့နယ်လေးမြို့နယ်တွင် ပြုလုပ်နေသည့် ထိန်းသိမ်းရေးသုတေသနလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ယခုနှစ်တွင် ပိုမိုတိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်က မအူပင်တွင် ကျေးရွာ ၂၀၊ ဝါးခယ်မတွင် ၁၄ ရွာ၊ ပန်းတနော်တွင် ၁၁ ရွာနှင့် အိမ်မဲတွင် ၁၈ ရွာ ပြုလုပ်ခဲ့ပြီး ယခုနှစ်တွင် မအူပင်တွင် ၂၄ ရွာ၊ ဝါးခယ်မတွင် ၂၂ ရွာ၊ ပန်းတနော်တွင် ၁၅ ရွာ၊ အိမ်မဲတွင် ၂၂ ရွာ ပြုလုပ်မည်ဖြစ်သည်။ ဇူလိုင် ၈ ရက်မှ စတင်၍ ကြိုးကြာအသိုက်နှင့်ဥများ စတင်သုတေသနပြု မှတ်တမ်းတင်နိုင်ပြီဖြစ်သည်။

ကြိုးကြာခေါင်းနီများသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်လည်း မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော မျိုးစိတ်ဖြစ်ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အကောင် ၂၀၀ မှ ၄၀၀ ကြား ကျန်ရှိသည်ဟု ခန့်မှန်းထားသည်။

**ညီတူး**

# မက္ကဆီကိုသမ္မတ ရွေးကောက်ပွဲတွင် လိုပက်အော့ရာဒိုအနိုင်ရကြောင်း ကော်မရှင်အတည်ပြု



**မက္ကဆီကိုစီးတီး ဇူလိုင် ၉**

မက္ကဆီကိုနိုင်ငံ၌ ဇူလိုင် ၁ ရက်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် အင်ဒရေမင်န်ျူယယ် လိုပက်အော့ရာဒို**(ဝဲပုံ)**က ထောက်ခံမဲအပြတ်အသတ်ရရှိကာ အောင်ပွဲခံအနိုင်ရရှိသည်ဟု အမျိုးသားရွေးကောက်ပွဲကော်မရှင်က ဇူလိုင် ၉ ရက်တွင် အတည်ပြုပြောကြားသည်။

မက္ကဆီကိုနိုင်ငံရှိ ခရိုင်ပေါင်း ၃၀၀ ၌ မဲရေတွက်မှုများ ပြီးစီးခဲ့ကြောင်း၊ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူဦးရေ၏ ၆၃ ရာခိုင်နှုန်းကျော် လာရောက်မဲပေးခဲ့ကြကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ သမ္မတရွေးကောက်ပွဲတွင် မဲစာရင်းရလဒ်နှင့်ပတ်သက်၍ အငြင်းပွားမှုပေါ်ပေါက်ခဲ့သဖြင့် ရွေးကောက်ပွဲကော်မရှင်က အငြင်းပွားမှုနှင့် အကျုံးဝင်သော မဲဆန္ဒနယ်များတွင် မဲရေတွက်မှုကို ပြန်လည်ပြုလုပ်ခဲ့ရသည်။

မဲဆန္ဒနယ်အရေအတွက်၏ ၇၅ ရာခိုင်နှုန်းတွင် မဲရေတွက်မှုပြန်လည်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံ့သမိုင်းတွင် အကြီးကျယ်ဆုံးသော အငြင်းပွားမှုဖြစ်စဉ်ဖြစ်ကြောင်း၊ ယခုအခါ မဲပြန်လည်ရေတွက်မှု ပြီးစီးခဲ့ပြီဖြစ်ရာ ပြည်သူတို့အနေဖြင့် ယုံမှားသံသယပွားဖြစ်စရာ မလိုအပ်တော့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။

ရွေးကောက်ပွဲရလဒ်ကို ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးသို့ တင်ပြမည်ဖြစ်ပြီး ရွေးကောက်ပွဲခုံရုံးက ဆက်လက် အတည်ပြုပေးရမည်ဖြစ်သည်။ လိုပက်အော့ရာဒိုသည် ရွေးကောက်ပွဲဆိုင်ရာ ခုံရုံး၏အတည်ပြုချက်ရရှိသည့်အခါ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူအဖြစ် တရားဝင်သတ်မှတ်ခံရမည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် အမျိုးသားမျိုးဆက်သစ်လှုပ်ရှားမှုအဖွဲ့ ဥက္ကဋ္ဌ လိုပက်အော့ရာဒိုက မဲအရေအတွက်၏ ၅၃ ဒသမ ၂ ရာခိုင်နှုန်းကို ရရှိခဲ့သည်။ ၎င်း၏ပြိုင်ဘက်များဖြစ်ကြသော ရီကာဒို အန်နာယာနှင့် ဟိုဆေးအန်သော်နျူးမာဒေးတို့က ၂၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၁၆ ဒသမ ၄ ရာခိုင်နှုန်းအသီးသီး ရရှိခဲ့ကြကြောင်း ရွေးကောက်ပွဲကော်မရှင်၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လိုပက်အော့ရာဒိုသည် လက်ဝဲယိမ်းနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး မက္ကဆီကိုစီးတီးမြို့တော်ဝန်အဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ လိုပက်အော့ရာဒိုသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့သည်။ ၎င်းသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား ပြင်းပြင်းထန်ထန် ဝေဖန်တတ်သူအဖြစ် အများက သိရှိကြသည်။ **အေအက်ဖ်ပီ။**

## ဘာလီပင်လယ်ဆိပ်ကမ်းတွင် အကြီးအကျယ်မီးလောင်ကျွမ်း

**ဘီနိုအာ ဇူလိုင် ၉**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းဆိပ်ကမ်းတွင် ဇူလိုင် ၉ ရက်က မော်တော်ဘုတ်ဒါဇင်များစွာ ဆုံးရှုံးစေသည့် မီးလောင်ကျွမ်းမှုကြီးတစ်ရပ် ဖြစ်ပွားခဲ့ရာ မီးသတ်သမားများက မီးကို ထိန်းချုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဇူလိုင် ၈ ရက် (တနင်္ဂနွေနေ့) ညသန်းခေါင်ကျော်ဝန်းကျင်တွင် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးသည် အနီးရှိရေယာဉ်အစင်း ၄၀နီးပါးကိုကူးစက်လောင်ကျွမ်းခဲ့သည်။ထိခိုက်ဒဏ်ရာရသည့် သတင်းမရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မော်တော်ဘုတ် တစ်စင်းပေါ်မှ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း၊ လတ်တလောအချိန်ထိ မီးလောင်မှုကြောင့် ထိခိုက်သေဆုံးမှု မရှိကြောင်း ဘာလီရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဟန်ကီစဒ်ဂျာဂျာက အေအက်ဖ်ပီသို့ ပြောကြားသည်။

ဇူလိုင် ၉ ရက် နံနက်ပိုင်းအထိ မီးတောက်မီးလျှံများကို ထိန်းချုပ်နိုင်ရန် မီးသတ်သမားများက ကြိုးပမ်းခဲ့ကြသည်။

မိမိသည် ရေယာဉ်ပေါ်တွင် အိပ်ပျော်နေပြီး အိပ်ရာမှ လန့်နိုး၍ ကြည့်မိသည့်အခါ ရေယာဉ်၏ အထက်ပိုင်း အစိတ်အပိုင်းများတွင် မီးစွဲလောင်နေသည်ကို တွေ့ရကြောင်း ဆူပရီရန်တို အမည်ရှိ ရေယာဉ်လုပ်သားတစ်ဦးက ပြောသည်။ **အေအက်ဖ်ပီ။**

# ဟေတီ၌ အဓိကရုဏ်းမှုများဖြစ်ပွားခဲ့ပြီးနောက် စက်သုံးဆီဈေးနှုန်းများ တိုးမြှင့်မည့်အစီအစဉ် ဆိုင်းငံ့

**ပို့တူပရင့်စ် ဇူလိုင် ၉**

ဟေတီနိုင်ငံ၌ စက်သုံးဆီ ဈေးနှုန်းတိုးမြှင့်မည်ဟု အစိုးရအဖွဲ့၏ကြေညာချက်ကို မကျေမနပ်ဖြစ်နေကြသော ပြည်သူများက မြို့တော်ပို့တူပရင့်စ်တွင် ဆူပူအုံကြွမှုများပြုလုပ်ခဲ့ကြပြီးနောက် စက်သုံးဆီဈေးနှုန်းတိုးမြှင့်ရေးအစီအစဉ်ကို အစိုးရအဖွဲ့က အချိန်အကန့်အသတ်မရှိ ဆိုင်းငံ့ထားမည်ဟု ထုတ်ပြန်ကြေညာလိုက်သည်။ ထိုစဉ်အတွင်း ဆန္ဒပြသူများအားလုံး နေအိမ်သို့ ပြန်ကြရန် အာဏာပိုင်များက မေတ္တာရပ်ခံလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

စက်သုံးဆီဈေးနှုန်းများကို နှစ်ဆနီးပါးမြှင့်တင်ရန် အဆိုပြုခဲ့ခြင်းကို နောက်ထပ်အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ချိန်အထိ ကာလအကန့်အသတ်မရှိ ဆိုင်းငံ့ထားမည်ဟု အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

မြို့တော် ပို့တူပရင့်စ်၌ ဇူလိုင် ၇ ရက်က စက်သုံးဆီဈေးနှုန်းတိုးမြှင့်မည့် အစီအစဉ်ကို ကန့်ကွက်ဆန္ဒပြစဉ်အတွင်း နှစ်ရက်ကြာမျှ အဓိကရုဏ်းများ ဖြစ်ပွားခဲ့ပြီး မီးရှို့မှုများနှင့် လုယက်မှုများဖြစ်ပွားခဲ့သည်။ အဓိကရုဏ်းများကြောင့် လူနှစ်ဦးထက်မနည်း သေဆုံးခဲ့ရကာ မြို့တော်တစ်ဝန်းတွင် ကသောင်းကနင်းအခြေအနေဆိုက်ခဲ့ရသည်။ **(ယာပုံ)**



ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် ရေနံဆီတို့၏ဈေးနှုန်းများကို မြှင့်တင်မည်ဟု ကနဦးတွင် အဆိုပြုခဲ့ပြီး စက်သုံးဆီဈေးနှုန်းများ မြှင့်တင်မည့် အစီအစဉ်ကို ဆိုင်းငံ့ထားလိုက်ကြောင်း ဝန်ကြီးချုပ် ဂျက်ဂေးလာမွန်တန်က ပြောကြားသည်။ အဆိုပါ အစီအစဉ်အရ ဓာတ်ဆီဈေးနှုန်းကို ၃၈ ရာခိုင်နှုန်း၊ ဒီဇယ်ဆီ ဈေးနှုန်းကို ၄၇ ရာခိုင်နှုန်းနှင့် ရေနံဆီဈေးနှုန်းကို ၅၁ ရာခိုင်နှုန်း မြှင့်တင်ရန် ရည်ရွယ်ခဲ့သည်။

စက်သုံးဆီဈေးနှုန်းများ မြှင့်တင်မှုကို ပြန်လည်ရုပ်သိမ်းပေးခြင်းမရှိပါက အစိုးရအဖွဲ့ကို ဖြုတ်ချနိုင်ရန် လုပ်ဆောင်မည်ဟု အောက်လွှတ်တော်ခေါင်းဆောင် ဂါရီဘော်ဒူးက ခြိမ်းခြောက်ခဲ့သည်။

မိမိ၏ တောင်းဆိုချက်ကို အစိုးရအဖွဲ့က နှစ်နာရီအတွင်း တုံ့ပြန်ခြင်းမရှိပါက အစိုးရအဖွဲ့နုတ်ထွက်ပေးပြီးဖြစ်သည်ဟု မိမိတို့ယူဆမည်ဖြစ်ပြီး အစိုးရ၏အခွင့်အာဏာများကို လွှတ်တော်က လွှဲပြောင်းရယူမည်ဖြစ်ကြောင်း လွှတ်တော်အမတ်များအသင်း ဥက္ကဋ္ဌဘော်ဒူးက ပြောကြားသည်။ ဟေတီရှိ မြို့ကြီးအချို့တွင် ဆန္ဒပြသူများက ဇိမ်ခံဟိုတယ်တစ်လုံး၊ မော်တော်ယာဉ်များနှင့် ဈေးဆိုင်များကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ **အေအက်ဖ်ပီ။**



# ကျူးဘားလူဦးရေ၏ ထက်ဝက်နီးပါး အဝလွန်သူများဖြစ်နေမှု သတိပေး

**ဟာဗားနား ဇူလိုင် ၉**

ကျူးဘားနိုင်ငံတွင် လူဦးရေ၏ ၄၂ ရာခိုင်နှုန်းကျော်သည် ရှိသင့်ရှိထိုက်သည့် ကိုယ်အလေးချိန်ထက် ပေါင်ချိန်အနည်းငယ်ပိုနေကြောင်း၊ အဝလွန်ရောဂါသည် ကာရေဘီယံကျွန်းနိုင်ငံဖြစ်သည့် ကျူးဘားနိုင်ငံအတွက် စိုးရိမ်ဖွယ်ရာကောင်းသည့် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်ဖြစ်လာကြောင်း ကျွမ်းကျင်သူ ပညာရှင်တစ်ဦးက ပြောကြားသည်။

### အဝလွန်သူဦးရေ၏ ၁၃ ရာခိုင်နှုန်းမှာ ကလေးများဖြစ်နေ

အဝလွန်သူများအနက် ၄၇ ရာခိုင်နှုန်းခန့်မှာ အမျိုးသမီးများဖြစ်ကြသည်။ ကိုယ်အလေးချိန်ပိုနေသူများနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်ရာအချက်မှာ အဝလွန်သူဦးရေ၏ ၁၃ ရာခိုင်နှုန်းမှာ ကလေးများဖြစ်နေခြင်းဖြစ်ကြောင်း၊ ဟာဗားနားမြို့ အခြေစိုက် အမျိုးသားကျန်းမာရေးဌာနမှ အမှုဆောင်အရာရှိ လီလီယန် ဗယ်ဒီဗီဟာက ကျန်းမာရေးဝန်ကြီးဌာန၏ ယခုနှစ်စစ်တမ်းကို ကိုးကား၍ ပြောကြားသည်။

ကလေးငယ်များ အဝလွန်မှုမှာ စိုးရိမ်ဖွယ်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လိုအပ်သည့် ကျန်းမာရေးအစီအမံများကို အချိန်မီချမှတ် အကောင်အထည်ဖော်ခြင်းမရှိပါက ၎င်းကလေးငယ်များ အရွယ်ရောက်လာသည့်အခါ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် နှလုံးရောဂါတို့ ဖြစ်ပွားလာနိုင်ပြီး နှလုံးသွေးကြောဆိုင်ရာ ရောဂါများခံစားလာရနိုင်သည့် အခြေအနေရှိကြောင်း ၎င်းက ပြောကြား သည်။

အဝလွန်ခြင်းကို ကလေးငယ်ဘဝတွင် ကာကွယ်တားဆီးနိုင်ကြောင်း၊ လူတစ်ဦးအနေဖြင့် ကိုယ်အလေးချိန် ပိုမိုလာခြင်းမှာ ရိုးရှင်းပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် စားသောက်မှုပုံစံအကျင့်ဆိုးကြောင့်ဖြစ်ကြောင်း ဗယ်ဒီဗီဟာက ပြောကြားသည်။ **ဆင်ဟွာ။**

# ကမ္ဘာ့ဖလားရွှေဖိနပ်ဆုရရှိဖို့ ဦးဆောင်နေတဲ့ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်း



အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းဟာ အခုလက်ရှိရုရှားမြေမှာ ကျင်းပနေတဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရွှေဖိနပ်ဆုရရှိဖို့ ထိပ်ဆုံးက ဦးဆောင်နေတဲ့ ကစားသမားတစ်ဦးဖြစ်ပါ တယ်။ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း ဘောလုံးရာသီနှစ်ရာသီ အတွင်းမှာ ထိပ်တန်းဂိုးသွင်းရှင်အဖြစ် ရပ်တည်နိုင်ခဲ့တဲ့ကစားသမားတစ်ဦးဖြစ်တဲ့အပြင် ၁၅၃ ပွဲမှာ သွင်းဂိုး ၁၀၈ ဂိုးအထိလည်း သွင်းယူနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ကမ္ဘာ့ဖလားပြိုင်ပွဲမှာဆိုရင်လည်း တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းမွန်မှုတွေ နဲ့အတူ အင်္ဂလန်အသင်းကို ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေး နိုင်ခဲ့တာကြောင့် ကမ္ဘာ့ဖလားရွှေဖိနပ်ဆုကို ရရှိဖို့ရေပန်းစားနေတာဖြစ်ပြီး အခုကမ္ဘာ့ဖလား ပြိုင်ပွဲမှာလည်း သွင်းဂိုးခြောက်ဂိုးအထိသွင်းယူပေးထားနိုင်တာလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ကိုလံဘီယာအသင်းကို အနိုင်ရရှိခဲ့တဲ့ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်ပွဲစဉ်မှာလည်း ပင်နယ်တီသွင်းယူနိုင်ခဲ့တာမို့ လက်ရှိမှာ ကမ္ဘာ့ဖလားသွင်းဂိုးခြောက်ဂိုးအထိရှိထားခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ သွင်းဂိုးလေးဂိုးသွင်းယူနိုင်ခဲ့တဲ့ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုက ၁၆ သင်းအဆင့်မှာပဲ ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်တာမို့ ဆီမီးဖိုင်နယ်ကစားဖို့ ကျန်နေတဲ့အသင်းတွေထဲက ဂိုးသွင်းရှင်တွေယှဉ်ပြိုင်ဖို့ဆိုရင် ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာ ကူနဲ့ ပြင်သစ်တိုက်စစ်မှူး မက်ပီတို့သာ ကျန်ရှိတော့တာဖြစ်ပါတယ်။ အဲဒါကြောင့် တိုက်စစ်မှူး ဟယ်ရီကိန်းဟာ လူကာကူနဲ့ မက်ပီတို့ကိုတော့ အကောင်းဆုံးကျော်ဖြတ်ထားနိုင်ဆဲပဲဖြစ်ပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းအနေနဲ့ အခုလို သွင်းဂိုးခြောက်ဂိုးအထိ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သွင်းယူနိုင်ခဲ့တာဟာ ၁၉၆၈ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက အင်္ဂလန်အသင်းနဲ့အတူ စံချိန်တင် သွင်းဂိုးခြောက်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဂယ်ရီလိုင်ကာရဲ့သွင်းဂိုးနဲ့ တူညီသွားခဲ့တာလည်းဖြစ်ပါ တယ်။

၁၉၃၉ ခုနှစ်က အင်္ဂလန်အသင်းနဲ့အတူ တွမ်မီလော်တန်ဟာ ခြောက်ပွဲဆက်တိုက်ဂိုးသွင်း ယူနိုင်ခဲ့တာဖြစ်ပြီး လက်ရှိမှာ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းကလည်း ခြောက်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ၁၉၃၉ ခုနှစ်နောက်ပိုင်း အင်္ဂလန်အသင်းအတွက် ခြောက်ပွဲ ဆက်တိုက်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားလည်းဖြစ်လာခဲ့ပါတယ်။

အင်္ဂလန်အသင်းဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ခရိုအေးရှား အသင်းနဲ့ ဇူလိုင် ၁၀ ရက်မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီနောက်မှာတော့ တတိယလုပွဲနဲ့ ဗိုလ်လုပွဲတို့ကို ယှဉ်ပြိုင်ကစားရမှာဖြစ်ရာ အင်္ဂလန်အသင်းမှာ ခရိုအေးရှားအသင်းကို ကျော် ဖြတ်ကာ ဗိုလ်လုပွဲကို တက်လှမ်းဖို့ အလားအလာကောင်းနေတာလည်းဖြစ်ပါတယ်။

အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ကမ္ဘာ့ဖလားသွင်းဂိုးခြောက်ဂိုးအထိသွင်းယူပေးထားနိုင်တာဖြစ်ပြီး လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တဲ့ အသင်းလေးသင်းထဲမှာ တိုက်စစ်မှူးဟယ်ရီကိန်းပြီးရင် ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူက သွင်းဂိုးလေးဂိုး၊ ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းက သွင်းဂိုးသုံးဂိုး၊ ပြင်သစ်တိုက်စစ်မှူး မက်ပီက သွင်းဂိုးသုံးဂိုး၊ ဘယ်လ်ဂျီယံတိုက်စစ်မှူး ဟာဇက်က သွင်းဂိုးနှစ်ဂိုးနဲ့ ခရိုအေးရှားကွင်းလယ်ကစားသမား လူကာမိုဒရစ်က သွင်းဂိုး နှစ်ဂိုးသွင်းယူထားကြတာဖြစ်ပါတယ်။

အခုလက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရွှေဖိနပ်ဆုအတွက် အပြိုင်ဖြစ်နေတဲ့ ကစားသမားတွေထဲမှာရော အရင်က ကမ္ဘာ့ဖလားရွှေဖိနပ်ဆုရရှိထားခဲ့ဖူးတဲ့ ကစားသမားတွေထဲမှာပါ ပင်နယ်တီသွင်းဂိုးရရှိခဲ့စဉ်မှာ လွဲချော်ထားခဲ့တာမရှိဘဲ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့တာကတော့ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းဖြစ်ပြီး အခြားသော ကစားသမားတွေထက် ပင်နယ်တီသွင်းဂိုး သေချာခဲ့တာလည်းဖြစ်ပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဂိုးအများဆုံးသွင်းယူနိုင်သည့် ဂိုးသွင်းရှင်ဆု (ရွှေဖိနပ်ဆု)ကို ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စတင်ပေးအပ်ချီးမြှင့်ခဲ့တာဖြစ်ပြီး ၁၉၇၈ခုနှစ်နောက်ပိုင်း ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ကစားသမားတွေရဲ့အချက် အလက်တွေကိုကြည့်မယ်ဆိုရင် တောင်ကိုရီးယားနဲ့ ဂျပန်နှစ်နိုင်ငံပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခဲ့တဲ့ ၂၀၀၂ ကမ္ဘာ့ဖလား ပြိုင်ပွဲတုန်းက ဘရာဇီးတိုက်စစ်မှူး ရိုနယ်လ်ဒိုက ရှစ်ဂိုးအထိသွင်းယူနိုင်ခဲ့တာ ဖြစ်ပြီး အဲဒီနောက်ပိုင်းမှာတော့ ခြောက်ဂိုးနဲ့အထက် သွင်းယူနိုင်ခဲ့တဲ့ကစားသမားမရှိသေးပါဘူး။

ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်က သွင်းဂိုးခြောက်ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး ဂိုးသွင်း အများဆုံးဆု(ကမ္ဘာ့ဖလားရွှေဖိနပ်ဆု)ကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ တိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်က ရွှေဖိနပ်ဆုကိုရယူနိုင်ခဲ့သလို ကိုလံဘီယာအသင်းကိုလည်း ကွာတားဖိုင်နယ်အထိ တက်လှမ်းနိုင်ဖို့ စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီလိုစွမ်းဆောင်နိုင်ခဲ့တာမို့ မိုနာကိုအသင်း တိုက်စစ်မှူးဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ရီးယဲလ်မက်ဒရစ်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၇၁ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့ဖလားမှာတော့ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းဂိုးခြောက်ဂိုးအထိသွင်း ယူထားနိုင်ခဲ့တာမို့ ရွှေဖိနပ်ဆုအတွက် ရေပန်းစားနေတာဖြစ်ပြီး အခြားသော ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းလာခဲ့တဲ့အသင်းတွေထဲက လေးဂိုး၊ သုံးဂိုး၊ နှစ်ဂိုး စသဖြင့် သွင်းယူထားနိုင်ခဲ့တဲ့ လူကာကူ၊ ဂရစ်ဇ်မန်း၊ မက်ပီ၊ ဟာဇက်၊ လူကာ မိုဒရစ်တို့ ထပ်မံဂိုးသွင်းနိုင်မလားဆိုတာကလည်း အခုကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ လက်ကျန်ပွဲစဉ်တွေမှာ စောင့်ကြည့်ကြပါစို့လား။ ။

## နှစ်ကြိမ်မြောက်ချန်ပီယံဖြစ်မယ့် အခွင့်အရေး ပြင်သစ်အသင်း ပိုင်ဆိုင်ခွင့်ရရှိနိုင်မလား

လက်ရှိအချိန်ဟာဆိုရင်ဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ကို ရောက်ရှိလာခဲ့ပြီဖြစ်တာမို့ ပြိုင်ဆိုင်မှုအရ အပြင်းထန်ဆုံးနဲ့ ပရိသတ်စိတ်ဝင်စားမှုအမြင့်ဆုံး အနေအထားကို ရောက်ရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။ အခုကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်လာတဲ့အသင်းတွေကတော့ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ အင်္ဂလန်၊ ခရိုအေးရှားစတဲ့အသင်းတွေဖြစ်ပြီး အဲဒီအသင်းတွေထဲမှာ ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့ဖူးတာက ပြင်သစ်အသင်းနဲ့ အင်္ဂလန်အသင်းတို့ပဲဖြစ်ပါတယ်။

အဲဒီအသင်းလေးသင်းထဲက ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့



ဆီမီးဖိုင်နယ်အဆင့်ပထမဆုံးပွဲစဉ်အဖြစ် ပြင်သစ်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ပြင်သစ်အသင်းက အစဉ်အလာအရတော့ အားသာချက်ရှိနေပါတယ်။

ကစားသမားစုဖွဲ့မှုပိုင်းအရ ကြည့်မယ်ဆိုရင်တော့ ဘယ်လ်ဂျီယံအသင်းက အားသာချက်ရှိနေပါတယ်။ ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုပိုင်းကိုကြည့်မယ်ဆိုရင်လည်း ဘယ်လ်ဂျီယံအသင်းကပဲ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းက အဲဒီလိုအနိုင်ရရှိထားခဲ့ပေမယ့် ပြတ်သားတဲ့ရလဒ်တော့ထွက်ပေါ်ထားတာမရှိသေးပါဘူး။ ဒါပေမယ့် အခုလက်ရှိအခြေအနေအရဆိုရင်တော့ ဘယ်လ်ဂျီယံအသင်းက အားသာချက်တွေအများကြီးရှိထားပါတယ်။

ပြင်သစ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ လေးပွဲနိုင်ပြီး တစ်ပွဲကသရေရလဒ်ထွက်ပေါ်ထားတာဖြစ်ပြီး ဘယ်လ်ဂျီယံအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ငါးပွဲစလုံးအနိုင်ရရှိအောင်စွမ်းဆောင်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

ပြင်သစ်အသင်းရဲ့ အရင်ကစွမ်းဆောင်ရည်ပိုင်းကိုကြည့်မယ်ဆိုရင်တော့ ၁၉၉၈ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ထားတဲ့အသင်းဖြစ်ပြီး ဘယ်လ်ဂျီယံအသင်းကတော့ ချန်ပီယံတစ်ကြိမ်မှ ဖြစ်ထားတာမရှိသေးပါဘူး။ ဒါပေမယ့် လက်ရှိခြေစွမ်းအရ ဘယ်လ်ဂျီယံက သာနေပေမယ့်သမိုင်းကြောင်းကိုလည်း မေ့ထားလို့မရတာမို့ ကမ္ဘာ့ဖလားတစ်ကြိမ်ရထားတဲ့ ပြင်သစ်အတွက် နှစ်ကြိမ်မြောက်ချန်ပီယံဖြစ်လာလေမလားစောင့်ကြည့်ရမှာပါ။

## ဘောလုံးလောက သတင်းတိုများ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် ဘာစီလိုနာကွင်းလယ်ကစားသမား ကော်တင်ဟိုအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး တိုက်စစ်မှူးနေမာကိုလည်း အသင်းတွင် ဆက်ထိန်းထားမည်ဖြစ်ကြောင်း သိရသည်။

**ချယ်လ်ဆီးနှင့် ဘယ်လ်ဂျီယံတိုက်စစ်မှူး အေဒင်ဟာဇက်အနေဖြင့် ဘာနေဗျူးသို့ ပြောင်းရွှေ့ကစားရန်ဆန္ဒရှိမည်ဆိုပါက ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်က အေဒင်ဟာဇက်အား နံပါတ်တစ်ကစားသမားအဖြစ် ခေါ်ယူရန်အသင့်ရှိနေကြောင်း သိရသည်။**

မန်စီးတီးအသင်းသည် လက်ရှိတွင် လက်စတာစီးတီးကစားသမား မာရက်ဇ်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ ဖြင့် သဘောတူညီမှုရရှိထားပြီဖြစ်ရာ လာမည့် ၄၈ နာရီအတွင်း ကျန်းမာရေးဆေးစစ်မှုများပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

**အဲဗာတန်နှင့် ဝက်စ်ဟမ်းသည် ဆီဗီလာကွင်းလယ်လူအန်ဗွန်ဇီကို ခေါ်ယူရန် အာဆင်နယ်နှင့် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။**

ငွေကြယ် - ရေးသားသည်

# စည်းကမ်းလိုက်နာမှုမရှိသည့် အေဂျင်စီများနှင့် တရားမဝင် အလုပ်သမားစုဆောင်းသည့် ပွဲစားများကို အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်ပသို့ အလုပ်သမားများ တရားဝင်စေလွှတ်ခြင်းနှင့်ပတ်သက်၍ ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအား အကျိုးဆောင်လိုင်စင်များ ထုတ်ပေးလျက်ရှိရာ ပြည်ပနိုင်ငံများသို့ အလုပ်သမား စေလွှတ်ခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီများ လိုက်နာရမည့် စည်းကမ်းချက်များအား ထုတ်ပြန်ကာ စည်းကမ်းလိုက်နာမှုမရှိသည့် အေဂျင်စီများကို အရေးယူဆောင်ရွက်လျက်ရှိသကဲ့သို့ တရားမဝင် အလုပ်သမားစုဆောင်းသည့် ပွဲစားများကို ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ အရေးယူဆောင်ရွက်ရာတွင် အကျိုးဆောင် လိုင်စင်ထုတ်ပေးထားသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၂၅၆ ခုအနက် အေဂျင်စီ ၁၆ ခုအား ပြစ်မှုအလိုက် ကာလကန့်သတ်ချက်ဖြင့် ပိတ်သိမ်းထားခဲ့ပြီး ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ လေးခုနှင့် တရားမဝင် အလုပ်သမားစုဆောင်းကာ ငွေကြေးကောက်ခဲ့သူ ၄၅ ဦးအား တရားစွဲဆိုဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# နောင်ချိုနှင့် မိုးမိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၉**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၈ ရက်က နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ကားလမ်းမတွင် ကျောက်မဲမြို့မှ နောင်ချိုမြို့သို့ ကျော်သူဟန် မောင်းနှင်ပြီး ကျော်ခိုင်ဦး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၉ နာရီက မိုးမိတ်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် လက်ခုတ်ပင်ကျေးရွာအနီး မိုးမိတ်-တွင်းငယ်သွားကားလမ်းတွင် လမ်းလျှောက်လာသူ ဇီဆာနှင့် လီဆာတို့အား ရှာဖွေရာ ဇီဆာထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀ ကို လည်းကောင်း၊ ဆက်လက်၍ မိုးမိတ်မြို့ တောင်ပိုင်းရပ်ကွက်နေ မသန်းသန်းထွေး၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မချိုနှင့် ဖိုးဇော်တို့အား တွေ့ရှိပြီး ဘိန်းဖြူ ၃၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၃၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ဇီဆာ၊ လီဆာ၊ မချို၊ ဖိုးဇော်နှင့် မသန်းသန်းထွေးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၀-၇-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၈း၃၅ | **ဥပဒေရေးရာအဖြာဖြာ "ကျွန်တော်နှင့်သတင်းမီဒီယာ" (ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) [ဒါရိုက်တာ-ဝေဠု(ဝသန်)]** |
| ၉း၁၀ | ရာဇဝင်ထဲကသမိုင်းအနုပညာ "ဆယ်ပွင့်ပန်း" (ပန်းရန်လုပ်ငန်း) |
| ၉း၃၀ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၀ | ၂၀၁၈ ခုနှစ် ကြယ်ပွင့်လေးများ |
| ၁၁း၂၅ | "ယ"ယမင်းခင်ကကြိုးဆင် |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၂၃) |
| **၁၃း၂၀** | **Yes or No Talk Show** |
| **၁၄း၁၀** | **နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၂)** |
| **၁၅း၀၀** | **နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၅၈)** |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | YTN (Science) (သင့်ခန္ဓာကိုယ်က Password တစ်ခုပါ Biometrics) |
| ၁၇း၀၅ | "တပ်မတော်ဖခင်လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း" |
| **၁၇း၃၀** | **မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း** |
| ၁၈း၂၀ | Football Magazine |
| **၁၈း၄၀** | **"ပလတ်စတစ်အမှိုက်ကင်းစင်မှုမှသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆီ"** |
| **၁၈း၅၀** | **"CHOICE"(အပိုင်း-၇၄)** |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၂၄) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | မူပိုင်ခွင့်အကြောင်းသိကောင်းစရာ "ဒေသထွက်ကုန်များကို အကာအကွယ်ပေးသည့် မူပိုင်ခွင့်အကြောင်း သိကောင်းစရာများ" (အပိုင်း-၂) -အနုပညာခန်းရိပ်သာ "စာရေးဆရာဦးဘိုးလှိုင်(ဘိုး) (ဒေါက်တာတင်လှိုင်နှင့် တွေ့ဆုံခန်း) -နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၃၄) -မြန်မာဗီဒီယိုဇာတ်လမ်း "နှလုံးသားထဲကရဲတိုက်" (ပထမပိုင်း)(နေအောင်၊ လွင်မိုး၊ စိုးမြတ်နန္ဒာ၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ပန်းချီစိုးမိုး) |
| ၁၂း၀၀ | ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဆီမီးဖိုင်နယ်) (ပြင်သစ်အသင်းနှင့် ဘယ်လ်ဂျီယံအသင်း) **-အစီအစဉ်ပြီး၏။** |

# မရမ်းချောင်စစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၉**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများ၌ ဇူလိုင် ၈ ရက်က ရှောင်တခင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Used Bicycle (40 U)၊ LONGAN FRUIT (1× 12 Kg) 100 Pkg၊Used Umbrella (1×100 U ) 6 Pkg နှင့် စိုက်ပျိုးရေးသုံးပစ္စည်းခြောက်မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၃၈ သန်းခန့်) သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၄ စီး၊ သွင်းကုန် ၉၂၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး၊ သွင်းကုန် ၁၇၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၈ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေ ကျပ် သုည ဒသမ ၂၈၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၆၃၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၂၆ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောက်မဲမြို့နယ်၌ နွားများတင်လာသည့်ယာဉ် ပစ်ခတ်ခံရ၍ ယာဉ်မောင်းသေဆုံး

**ကျောက်မဲ ဇူလိုင် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပင်တိန်ကျေးရွာအုပ်စု မန်တန်ရွာအနီး ပြည်ထောင်စုကားလမ်းမကြီးတွင် နွားများတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးအား ဇူလိုင် ၉ ရက် နံနက် ၈ နာရီခန့်က လက်နက်ငယ်များဖြင့် ပစ်ခတ်ခံခဲ့ရမှုကြောင့် ယာဉ်မောင်းဖြစ်သူမှာ သေနတ်ဒဏ်ရာနှစ်ချက်ရရှိပြီး သေဆုံးသွားခဲ့ကြောင်း ကျောက်မဲမြို့မရဲစခန်းမှ သိရသည်။

သေဆုံးသူအား နောင်ချိုမြို့မှ ကရုဏာရှင်လူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။ အဆိုပါနေရာအနီးတွင် ဇွန် ၁၁ ရက်ကလည်း နွားတင်ယာဉ်တစ်စီးအား လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရပြီး ယာဉ်မောင်းသူပါ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

# ဘုရားကြီးမြို့အနီးတွင် ဖောကားယာဉ်နှင့် ဆိုင်ကယ်တိုက်မိရာ နှစ်ဦးသေ

**ဘုရားကြီး ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့အနီး၌ ဇူလိုင် ၉ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံး၍ တစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘုရားကြီးနယ်မြေရဲစခန်းအပိုင် ဘုရားကြီး-ဘောနတ်ကြီးသွား အမြန်လမ်းမကြီး ဝဂ်ဘော်ကျေးရွာတွင် ဘောနတ်ကြီးမှ ဘုရားကြီးမြို့သို့ ကျော်စွာလင်း မောင်းနှင်ပြီး မင်းနိုင် လိုက်ပါလာသော ဆိုင်ကယ်သည် ရှေ့မှယာဉ်အား ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောလမ်းလယ်မှ ထွန်းလင်းအောင် မောင်းနှင်လာသော ခြောက်ဘီးယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး လက်ယာဘက်ယာဉ်ကြောမှ လူနှစ်ဦးစီးလာသော DAYAN-110 ဆိုင်ကယ်အား ယာဉ်နောက်ပိုင်းနှင့် ထပ်မံချိတ်မိခဲ့ရာ ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးစလုံး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ DAYAN-110 ဆိုင်ကယ်နောက်တွင် စီးနင်းလာသူ အမျိုးသမီးမှာ ထိခိုက်ဒဏ်ရာများရရှိကာ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် ပဲခူးဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဘုရားကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ဝန်းသိုမြို့နယ်တွင် လူတစ်ဦး ဓာတ်ဆီလောင်း၍ မီးရှို့ကာ သေကြောင်းကြံ

**ဝန်းသို ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့ ဝန်းသို-ကောလင်းသွားကားလမ်း အားကစားရုံအနီး လူတစ်ဦးမိမိကိုယ်ကို ဓာတ်ဆီလောင်း၍ မီးရှို့ကာ သေကြောင်းကြံစည်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ဝန်းသိုမြို့မရဲစခန်းမှ ဒုရဲအုပ်အောင်သန်းသည် ဝန်းသိုမြို့မအားကစားရုံအနီး၌ လူတစ်ဦး မိမိကိုယ်ကို ဓာတ်ဆီလောင်းကာမီးရှို့၍ သေကြောင်းကြံနေကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝန်းသိုမြို့နယ် လက်ပံကျင်းကျေးရွာနေ သန်းဇော်သည် ဝန်းသို-ကောလင်းသွားကားလမ်းဘေး မြို့မအားကစားရုံအနီး မြက်ခင်းပြင်၌ မိမိခန္ဓာကိုယ်အား ဓာတ်ဆီလောင်း၍ မီးရှို့ကာ သေကြောင်းကြံစည်သဖြင့် ၎င်း၏ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်ဒဏ်ရာများ စစ်ဆေးတွေ့ရှိရ၍ ဝန်းသိုပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားပြီး သန်းဇော်အား ဝန်းသိုမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဒဂုံမြို့နယ်တွင် ဘွိုင်လာပေါက်ကွဲမှုဖြစ် လူထိခိုက်မှုမရှိ

**နေပြည်တော် ဇူလိုင် ၉**

ရန်ကုန်မြို့ ဒဂုံမြို့နယ်တွင် ဇူလိုင် ၈ ရက် ည ၉ နာရီက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပြည်လမ်း အရှေ့ရပ်ကွက်ရှိ Summit Park View Hotel ၏ ဘွိုင်လာခန်းရှိ အမှတ်(၁)ဘွိုင်လာမှ ဂတ်စ်ကတ်(မီးခံပြား) ပြုတ်ထွက်ပွင့်ဟကာ ပြင်းထန်စွာ ပေါက်ကွဲသံထွက်ပေါ်၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ၊ ပစ္စည်းထိခိုက်မှုမရှိကြောင်းနှင့် အဆိုပါအခင်းဖြစ်ရာနေရာသို့ ဒဂုံမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# စကားဝိုင်းလေးတွေကတစ်ဆင့်

သိုက်စိုးထွန်း(နတ်ရှာ)

ဒီကနေ့ အမြို့မြို့အနယ်နယ်တိုင်းမှာ ပြည်သူ့စကားဝိုင်းတွေ ကျင်းပနေကြတာတွေ့ရပါတယ်။ ဒါဟာ အလွန်ကောင်းတဲ့ အလေ့အထတစ်ခုပါ။ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေ၊ စာပေပညာရှင်တွေ၊ လူမှုရေးအသင်းအဖွဲ့ဝင်တွေ၊ ပြည်သူတွေ နေရာတစ်ခုမှာ မျက်နှာချင်းဆိုင်တွေ့ဆုံကြပြီးတော့ ရပ်ရေးရွာရေး၊ ဒေသအရေး၊ နိုင်ငံ့အရေး တွေ့ဆုံဆွေးနွေးကြတဲ့နေရာတစ်ခုလို့ ပြောရမှာပါ။

ဒီပွဲလေးတွေ ဖြစ်မြောက်အောင် အဓိကအားဖြင့် ပံ့ပိုးဆောင်ရွက်တဲ့ အဖွဲ့အစည်းကတော့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပါ။ ပြည်သူ့ဆက်ဆံရေးဆိုတဲ့အတိုင်းပဲ ဒီစကားဝိုင်းလေးတွေက တာဝန်ရှိတဲ့သူတွေနဲ့ ဒေသခံပြည်သူတွေ ထိတွေ့ဆက်ဆံမှုကတစ်ဆင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးကြတဲ့ နေရာလေးတစ်ခုဖြစ်နေတာကို တွေ့ရပါတယ်။

ဌာနဆိုင်ရာပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ လွှတ်တော်ကိုယ်စားလှယ်ပဲဖြစ်ဖြစ် ကိုယ်တာဝန်ယူထားတဲ့ နယ်မြေအတွင်းမှာ လှည့်လည်ကွင်းဆင်းပြီးတော့ လုပ်ငန်းတွေ ဆောင်ရွက်ကြရင်းနဲ့ ပြည်သူတွေနဲ့ အပြန်အလှန်ပြောဆို ဆက်ဆံခဲ့ကြတယ်ဆိုပေမယ့် ပြည်သူ့စကားဝိုင်းလိုမျိုး တာဝန်ရှိတဲ့သူအားလုံးနဲ့ ရပ်ရွာနေပြည်သူတွေ တခုတ်တရ တွေ့ဆုံဆွေးနွေးကြတဲ့ အလေ့အထမျိုးကတော့ တော်တော်ရှားခဲ့ပါတယ်။ ဒီအချိန်ဒီအခါကျမှ ဒီလိုစကားဝိုင်းလေးတွေ ပေါ်ပေါက်လာတာဟာလည်း တကယ့်ကို လိုအပ်လို့ ပေါ်ပေါက်လာတာလို့ ပြောရမှာဖြစ်ပါတယ်။ လက်တွေ့လည်း အကျိုးရှိထိရောက်တဲ့ စကားဝိုင်းလေးတွေဖြစ်နေတာကို တွေ့ရမှာပါ။

## ပေါင်းကူးတံတားလေးတစ်ခု

တာဝန်ရှိတဲ့သူတွေကလည်း ကိုယ်နဲ့သက်ဆိုင်ရာလုပ်ငန်းတာဝန်တွေကို ဘယ်လိုပုံဘယ်လိုနည်းတွေနဲ့ ထမ်းရွက်သယ်ပိုးနေတဲ့အကြောင်း ရှင်းလင်းဆွေးနွေးကြမယ်၊ ပြည်သူတွေကလည်း ဒေသမှာလိုအပ်နေတဲ့ အချက်ကလေးတွေ၊ အခက်အခဲလေးတွေကို ဖြည့်ဆည်းပေးဖို့၊ ဖြေရှင်းဆောင်ရွက်ပေးဖို့ တောင်းဆိုတာပဲဖြစ်ဖြစ်၊ တာဝန်ရှိသူတွေနဲ့ပတ်သက်ပြီးတော့ ဝေဖန်အကြံပြုချင်တာပဲဖြစ်ဖြစ် လွတ်လွတ်လပ်လပ်၊ ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီးနဲ့ ဆွေးနွေးပြောဆိုကြမယ်ဆိုတော့ တာဝန်ရှိသူတွေနဲ့ ပြည်သူတွေအကြား ကူးလူးဆက်ဆံတဲ့နေရာမှာ ဒီနေရာလေးက ပေါင်းကူးတံတားလေးတစ်ခုအဖြစ် ဆောင်ရွက်ပေးသလိုဖြစ်နေပါတယ်။

ပြည်သူတွေနဲ့ ဆက်ဆံရေးကို နည်းလမ်းအဖုံဖုံနဲ့ ဆောင်ရွက်နေကြပါတယ်။ ရုပ်မြင်သံကြားကနေ တစ်ဆင့်ဆောင်ရွက်တယ်။ ရေဒီယိုကတစ်ဆင့်၊ သတင်းစာကတစ်ဆင့်ဆောင်ရွက်တယ်။ ဒီလိုမီဒီယာတွေကလည်း တစ်နည်းတစ်ဖုံအားဖြင့်တော့ ဆက်ဆံရေးကို ပိုမိုအားကောင်းအောင် အားဖြည့်ပေးနေကြတာဖြစ်ပါတယ်။ တစ်ခုပြောရမှာကတော့ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာတွေကတော့ တစ်ဖက်ကပေးချင်တဲ့သတင်းအချက်အလက်၊ တစ်ဖက်က တင်ပြလိုတဲ့အမြင်အာဘော်တွေကို ကိုယ်ပေးချင်တဲ့သူဆီ အရောက်ပို့လိုက်တာသာဖြစ်ပါတယ်။ ဒီနေရာမှာ အပြန်အလှန်ဆိုတဲ့သဘောလေးတော့ မပါသေးပါဘူး။

စကားဝိုင်းတွေမှာကျတော့ အပြန်အလှန်သဘောတရားလေးကို အထင်းသားမြင်တွေ့ရမှာဖြစ်ပါတယ်။ တစ်ဖက်က ဒီလိုပြောတယ်။ မဟုတ်သေးဘူး။ ဒီဘက်ကအမြင်မှာတော့ ဒီလိုရှိနေတယ်။ ဒီဘက်က လိုအပ်ချက်ကတော့ ဒီလိုပါဆိုတာမျိုးကို ချက်ချင်းဆွေးနွေးခွင့်ရှိသွားတယ်။ အဲ့သလို ဆွေးနွေးလိုက်တဲ့အပေါ်မှာလည်း တစ်ဖက်က ပြန်လည်တုံ့ပြန်ဆွေးနွေးရင်းနဲ့ လိုအပ်တဲ့အဖြေတစ်ခုဆီကို ဦးတည်ရောက်ရှိသွားနိုင်မှာဖြစ်ပါတယ်။

တာဝန်ရှိသူတွေနဲ့ ပြည်သူတွေမှာ တစ်ဖက်နဲ့တစ်ဖက် အမြင်ချင်းမတူညီကြတာမျိုးလေးတွေ ရှိနေနိုင်ပါတယ်။ တာဝန်ရှိသူတွေကျတော့ သူတို့မှာ ဘာတာဝန်တွေရှိသလဲ၊ ဘယ်လိုလုပ်ပိုင်ခွင့်တွေရှိသလဲ၊ လုပ်ငန်းတစ်ခု ဆောင်ရွက်ရမယ်ဆိုရင်လည်း ဒီလုပ်ငန်းအတွက် ငွေကြေး၊ လုပ်အား စတဲ့အရင်းအမြစ်တွေကို ဘယ်အတိုင်းအတာအထိ အသုံးပြုခွင့်ပေးထားသလဲ စသည်အားဖြင့် အကန့်အသတ်ရှိတဲ့ဘောင်အတွင်းကနေသာ ဆောင်ရွက်ပေးနိုင်ကြတာဖြစ်ပါတယ်။ ပြည်သူတွေဘက်မှာကျတော့လည်း လိုအပ်ချက်တွေက မြောက်မြားစွာရှိနေကြတယ်။ များပြားလွန်းတဲ့ လိုအပ်ချက်တွေအပေါ်မှာ ဖြည့်ဆည်းပေးနိုင်စွမ်း နည်းပါးတာနဲ့ပတ်သက်ပြီးတော့ အားမရတာတွေ ရှိနေကြတယ်။ ဒါပေမယ့် အဓိကအားဖြင့်ကတော့ ဆောင်ရွက်ပေးရမယ့်သူတွေဘက်က၊ ဝန်ဆောင်မှုပေးရမယ့်သူတွေဘက်က လုပ်ပေးနိုင်လျက်နဲ့ မလုပ်ပေးခဲ့ဘူးလို့ ထင်မြင်ယူဆမှုသာ မကျေနပ်မှုတွေဖြစ်ကြတာပါ။ ဆောင်ရွက်ပေးနိုင်စွမ်းမရှိလို့သာ မဆောင်ရွက်ပေးတာလို့ သိခွင့်ရရင်တော့ မကျေနပ်မှုဖြစ်မှာ မဟုတ်တော့ပါဘူး။ လုပ်နိုင်လျက်နဲ့ လုပ်မပေးတာလား၊ လုပ်ပေးနိုင်မယ့်အခြေအနေ မရှိသေးတာလားဆိုတဲ့ သို့လော သို့လော သံသယတွေကို ဒီစကားဝိုင်းလေးတွေကတစ်ဆင့် ဖြေဖျောက်ပေးနိုင်မှာဖြစ်ပါတယ်။

## အတွင်းကျကျ သိရှိနားလည်ခွင့်ရ

အကျိုးအမြတ်အားဖြင့်ကတော့ ပြည်သူတွေအနေနဲ့လည်း ဌာနတွေဘက်မှာ၊ တာဝန်ရှိသူတွေဘက်မှာ ဘယ်လိုအခက်အခဲတွေရှိနေတယ်ဆိုတာကို ဘဏ္ဍာ

> စကားဝိုင်းဖြစ်မြောက်အောင် အဓိကအားဖြင့် ပံ့ပိုးဆောင်ရွက်တဲ့အဖွဲ့အစည်းကတော့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပါ။ ပြည်သူ့ဆက်ဆံရေးဆိုတဲ့အတိုင်းပဲ ဒီစကားဝိုင်းလေးတွေက တာဝန်ရှိတဲ့သူတွေနဲ့ ဒေသခံပြည်သူတွေ ထိတွေ့ဆက်ဆံမှုကတစ်ဆင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အမြင်ချင်း ဖလှယ်ဆွေးနွေး . . .

ရန်ပုံငွေမလုံလောက်မှု၊ ဝန်ထမ်းအင်အားနည်းပါးမှု စသည်အားဖြင့် ဒီလိုအခက်အခဲလေးတွေကို သိရှိနားလည်ခွင့်ရသွားတယ်။ တာဝန်ရှိသူတွေအနေနဲ့လည်း ပြည်သူ့အသံကို ပိုမိုနားထောင်ရင်းကတစ်ဆင့် တကယ့်အခက်အခဲက ဘာဆိုတာကို အတွင်းကျကျ သိရှိနားလည်ခွင့်ရသွားမယ်။ ဌာနဆိုင်ရာနဲ့ ပြည်သူအကြား ဆွေးနွေးနေကြတဲ့နေရာမှာ ပြည်သူ့ကိုယ်စားလှယ်ကြီးများလည်း ပါဝင်ကြတာမို့ ဘယ်ကဏ္ဍမှာရှိတဲ့ ဥပဒေတွေကိုတော့ ဘယ်လိုလေးပြန်လည်ပြင်ဆင်လိုက်ရင် အဆင်ပြေမယ်ဆိုတာကို ပိုမို သိရှိနားလည်ခွင့်ရသွားမှာပါ။ သုံးပွင့်ဆိုင်ဆွေးနွေးကြတာမို့ အားလုံးတရင်းတနှီးနဲ့ ဆွေးနွေးပြောဆိုကြရာကတစ်ဆင့် ဟိုယခင်ကထက် ပိုမိုတဲ့ ညီညွတ်ရေးဆီကို ခတ်သွက်သွက် လှမ်းနိုင်လာမှာဖြစ်ပါတယ်။

## ပြည်ရေးကို ပြိုင်တူချီနိုင်ကြမှာဖြစ်

အမြင်ချင်းကတော့ တူကြမှာမဟုတ်ဘူးပေါ့။ လွှတ်တော်ကိုယ်စားလှယ်တွေဘက်ကလည်း မဲဆန္ဒရှင်ပြည်သူများရဲ့ လိုအပ်ချက်ကို ဘယ်လိုပုံဘယ်လိုနည်းနဲ့ ဖြည့်ဆည်းဆောင်ရွက်ရမယ်ဆိုတဲ့အမြင်တစ်မျိုး ရှိလိမ့်မယ်။ ဌာနဆိုင်ရာများဘက်ကလည်း ကိုယ့်မှာရရှိသုံးစွဲပိုင်ခွင့်ရှိတဲ့ အရင်းအမြစ်များရဲ့ အခြေအနေ အပေါ်မူတည်ပြီးတော့ ဘယ်လောက်အတိုင်းအတာအထိ ဆောင်ရွက်ပေးနိုင်မယ်ဆိုတဲ့ အမြင်တစ်မျိုးရှိလိမ့်မယ်။ ပြည်သူလူထုကြီးဘက်မှာလည်း တကယ့်လိုအပ်ချက်က ဘာဆိုတာကို ကိုယ်တိုင်ကိုယ်ကျ ရရှိလာတဲ့ ဘဝပေးအသိအမြင်အရ တကယ့်အရှိတရားတွေကို ချပြလိုတဲ့အမြင်တွေရှိလိမ့်မယ်။ ဒီသုံးဦးသုံးဖလှယ်တို့ရဲ့ အကြားမှာ အပြန်အလှန် အမြင်ချင်းဖလှယ်ကြရင်းနဲ့ အလျှော့အတင်းလေးတွေနဲ့ ညှိရနှိုင်းရတာဆိုတော့ တစ်ဖက်နဲ့တစ်ဖက် ထဲထဲဝင်ဝင် သဘောပေါက်နားလည်လာနိုင်ကြမှာဖြစ်ပါတယ်။ ဒီနားလည်မှုကတစ်ဆင့် ရင်းနှီးကျွမ်းဝင်မှုတွေဖြစ်ပြီး ပြည်ရေးကို ပြိုင်တူချီနိုင်ကြမှာ ဖြစ်ပါတယ်။

ဒီလိုတွေမတွေ့ကြခင်မှာလည်း တာဝန်ရှိသူတွေနဲ့ ပြည်သူတွေကြားမှာ ထိတွေ့ဆက်ဆံမှုတွေတော့ ရှိခဲ့ကြတာပါပဲ။ ကိုယ်စားလှယ်ပိုင်းက လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲအနေနဲ့ တွေ့ကြတာကတော့ ဒီစကားဝိုင်းမျိုးနဲ့ ခပ်ဆင်ဆင်တူတယ်လို့ ပြောရမယ်။ ဌာနဆိုင်ရာတွေဘက်ကတော့ ပြည်သူနဲ့ သီးသန့်တွေ့ဆုံစကားပြောတဲ့အလေ့အထ တော်တော်နည်းခဲ့ကြပါတယ်။ ပြဿနာတစ်စုံတစ်ခုဖြစ်လို့ တွေ့ဆုံရှင်းလင်းကြတာမျိုးရှိတယ်။ အဲ့ဒီနေရာမှာကတော့ သက်ဆိုင်ရာပြဿနာအကြောင်းကိုသာ ပြောကြဆိုကြဆွေးနွေးကြရတာဖြစ် ပါတယ်။ ဖွင့်ပွဲတွေ၊ အခမ်းအနားတွေမှာလည်း ပြည်သူတွေနဲ့ တွေ့ကြဆုံကြတာပါပဲ။ ဒါပေမယ့် အဲ့ဒီနေရာတွေမှာကလည်း အခမ်းအနားနဲ့သက်ဆိုင်တဲ့ အကြောင်းအရာတွေကိုသာ ပြောကြဆိုကြရတာဖြစ်ပြီး ပြည်သူက ပြောချင်တဲ့စကားကို ပြောခွင့်မရကြပါဘူး။ ပြည်သူ့စကားဝိုင်းကတော့ ပြည်သူ့အသံကို နားထောင်တာ ဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ ကိုယ်ပြောချင်တဲ့စကားကို လွတ်လပ်ပွင့်လင်းစွာပြောဖို့ဆိုဖို့ အခွင့်အရေးရှိသွားပါတယ်။

## တိုက်ရိုက်ခံစားနားလည်ဖို့

ပြည်သူများဘက်ကလည်း ကိုယ့်အသံကို တာဝန်ရှိတဲ့သူတွေကြားအောင် နည်းလမ်းမျိုးစုံနဲ့ ဖော်ပြနေကြတာတွေတော့ရှိပါတယ်။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေဆီကို စာရေးပြီးပို့လိုက်တာရှိတယ်။ သတင်းမီဒီယာတွေကနေ ပြည်သူ့အသံအနေနဲ့ တင်ပြကြတာရှိတယ်။ ဒါတွေကလည်း ကိုယ်သိစေလိုတဲ့ အချက်အလက်ကို ကိုယ့်ဘာသာ ရေးသားပြောဆိုပေးပို့လိုက်တာဖြစ်တဲ့အတွက် ဟိုတစ်ဖက်က မရှင်းလင်းတာကို ပြန်မေးဖို့ အခြေအနေမပေးတော့ပါဘူး။ ရေးပို့လိုက်သလောက်၊ ပြောပြထားသလောက်သာ သိခွင့်ရကြတာဖြစ်ပါတယ်။ မီဒီယာပိုင်းမှာဆိုရင်လည်း ဖော်ပြပေးတဲ့မီဒီယာရဲ့ အာဘော်က ပါသွားတတ်ပြန်ပါသေးတယ်။ လိုတဲ့အပိုင်းလေးကိုဖြတ်ပြီး ထုတ်လွှင့်တာတို့၊ တစ်ဖက်က ပြောဆိုသူရဲ့ရှေ့မှာဖြစ်ဖြစ်၊ နောက်မှာဖြစ်ဖြစ် ကိုယ်လိုချင်တဲ့သုံးသပ်ချက်ကို ဆွဲယူပြီးတော့ ကောက်ချက်ချလိုက်တာပဲဖြစ်ဖြစ် လုပ်လေ့လုပ်ထရှိတဲ့အတွက် ပြည်သူ့အသံကို တိုက်ရိုက်ခံစားနားလည်ဖို့ အားနည်းသွားပါတယ်။ မှန်မှန်ကန်ကန်၊ အာဘော်မစွက်ဘဲ ဖော်ပြနေတဲ့ မီဒီယာတွေတော့ ရှိပါတယ်။

နောက်တစ်ခုအနေနဲ့ ပြည်သူ့အသံတွေ ထွက်ပေါ်နေတဲ့နေရာကတော့ ဆိုရှယ်မီဒီယာတွေဖြစ်ပါတယ်။ ဆိုရှယ်မီဒီယာတွေပေါ်မှာပေါ်ထွက်နေတဲ့အသံတွေ အထဲမှာ ကျကျနန ဝေဖန်ပိုင်းခြားပြီးတော့ တင်ပြထားကြတာရှိပေမယ့် အများစုကတော့ ကိုယ်ပြောချင်တဲ့ဟာကို စည်းလွတ်ဘောင်လွတ်ရေးသားပြောဆိုတင်ပြနေကြတာတွေ များနေတာကို တွေ့ရတယ်။ ဝေဖန်တယ်ဆိုရင်လည်း ပျစ်ပျစ်နှစ်နှစ်ဝေဖန်ပစ်လိုက်တယ်။ မကျေနပ်တဲ့အခါကျတော့ ဆဲတာဆိုတာတွေတောင်ပါလာကြတယ်။ ကိုယ့်ခံစားချက်ကို ဦးစားပေးပြီးတော့ တင်ပြကြတာက များနေတယ်။ ဟိုဘက်ဒီဘက် မျှပြီး တင်ပြမှု နည်းသေးတယ်လို့ ဆိုရမယ်။

ပြီးတော့ အဲ့ဒီတင်ပြချက်အပေါ်မှာ မှတ်ချက်ပြုမှုတွေကလည်း သတိထားစရာကောင်းနေပြန်တယ်။ တစ်ယောက်က စာတစ်ပုဒ်တင်ထားတယ်။ ဆုံးအောင်မဖတ်ဘူး။ ဖတ်ဦးတော့ မသိချင်ယောင်ဆောင်ပြီး ကိုယ်လိုတဲ့အပိုင်းလေးကို ဖြတ်ယူသွားတယ်။ ဒီလိုကြီးတဲ့ကွာဆိုတာမျိုး မှတ်ချက်တွေပေးတယ်။ ဆိုရှယ်မီဒီယာမှာ ပြန်လည်မျှဝေတယ်။ အေးနေတဲ့စကားလုံးကို ပူသွားအောင် ပြန်ပြောင်းပစ်တယ်။ ကိုယ့်ရဲ့ မူလဓာတ်ခံအပေါ် မူတည်ပြီးတော့ လိုရာဆွဲတွေးပစ်လိုက်တယ်။ ပြီးရင် ဒီအကြောင်းအရာ ဒီသတင်းတစ်ခုကို ပွထသွားအောင်၊ ပွဲဆူသွားအောင် လုပ်ပစ်လိုက်တော့တယ်။

တစ်ခုခုရှိတာနဲ့ ပွဲဆူအောင်ထလုပ်ချင်တဲ့သူတွေက သတ်သတ်ရှိနေကြတယ်။ တကယ်တော့ ပြဿနာက ခပ်သေးသေး။ သူတို့လုပ်လိုက်မှ သေးတဲ့အမှုက ကြီးသွားတယ်။ ကြီးတဲ့အမှုက ရှင်းလို့လင်းလို့မရတော့ လောက်အောင် ဖြစ်သွားတယ်။ ဒီလိုပွအောင်ထအောင်လုပ်လိုက်ရတဲ့ရည်ရွယ်ချက်က ဘာများလဲလို့တောင် မေးရဦးတော့မလိုဖြစ်နေတယ်။ သာမန်ပြည်သူတွေကတော့ ကိုယ့်အခြေအနေ၊ ကိုယ့်အခက်အခဲကို ရိုးရိုးလေးတင်ပြလိုက်ကြတာပါပဲ။ ဒါကိုပဲ ဖွချင်တဲ့သူကတော့ ပြဿနာကြီးသထက်ကြီးလာအောင်၊ ကြီးလာရင် ရှင်းမရတော့လောက်အောင် ကြိုးစားပြီး ဖွနေကြပြန်တယ်။ ဒီအခြေအနေအပေါ်မှာ အနီးကပ်မသိတဲ့သူတွေက ဖတ်မိမြင်မိတော့ တကယ်ပဲပြဿနာကြီးနေသယောင်ယောင် ထင်ကုန်ကြတော့တယ်။

စကားဝိုင်းဆွေးနွေးပွဲတွေမှာကျတော့ ပြည်သူ့အသံကို တိုက်ရိုက်နားထောင်ခွင့်ရသွားတယ်။ ပြောတဲ့ဆိုတဲ့လေသံဟာ ဆူဆူပူပူဖြစ်ချင်လည်းဖြစ်မယ်၊ အေးအေးလူလူ ဖြစ်ချင်လည်းဖြစ်မယ်။ ဒါကပြဿနာမဟုတ်ဘူး။ သူ့ရဲ့ပြောဆိုဆွေးနွေးမှုအပေါ်မှာ တာဝန်ရှိသူတွေဘက်က ချက်ချင်းပြန်လည်တုံ့ပြန်ဖြေရှင်းခွင့်ရသွားတယ်။ ဒီပြဿနာကတော့ ဒီလိုရှိတယ်။ ဖြေရှင်းရမယ့်သူတွေကတော့ ဒီလူတွေဖြစ်တယ်။ တစ်ဖက်မှာလည်း သူတို့ အခက်အခဲတွေက ဒီလိုဒီလိုတွေရှိနေတယ်ဆိုပြီး ပြန်လည်ဖြေရှင်းခွင့်ရသွားတယ်။ ဒီတော့ ပြည်သူဘက်ကလည်း သဘောပေါက်နားလည်ခွင့်ရသွားတယ်။ နားမလည်ရင် ထပ်မေးလို့ရသွားတယ်။ တာဝန်ရှိသူဆိုတာနဲ့ ပျောက်စေဆရာလို ဉ်ုဖွမန်းလိုက်ရုံနဲ့ အဆင်ပြေသွားနိုင်တာ မဟုတ်ဘူးဆိုတာကို နားလည်သွားတယ်။

## အပြန်အလှန် အလေးထား

ဒီနေရာမှာ အပြန်အလှန် အလေးထားရမယ့်ကိစ္စလေးတွေတော့ရှိတယ်။ တာဝန်ရှိသူတွေဘက်ကလည်း ပြည်သူလူထုနဲ့ ဆက်ဆံပြောဆိုရာမှာ တကယ့်ကို တလေးတစားနဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ ပြောဟန်ဆိုဟန်မျိုးနဲ့ ပြောမှုဆိုမှုဖြစ်မယ်။ မထီလေးစားပြောဆိုမှုမျိုးမဖြစ်ဖို့ အထူးဂရုပြုဆင်ခြင်ရမယ်။ ပြည်သူဘက်ကလည်း ကိုယ်သိချင်တာကို သိချင်တဲ့အတိုင်း ရိုးရိုးသားသား ပြောဆိုဆွေးနွေးရမယ်။ **စာမျက်နှာ ၂၂ သို့**

## တိုတိုထွာထွာဖတ်စရာ

### ဒသမအကြိမ်မြောက် ချေးငွေများထုတ်ပေး

**ထီးချိုင့်**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်သမဝါယမအသင်းက ဒသမအကြိမ် EXIM Bank ချေးငွေများထုတ်ချေးခြင်းနှင့် နဝမအကြိမ်ချေးငွေများ တာဝန်ကျေပွန်စွာပေးဆပ်ခဲ့သည့် အခြေခံအသင်းများအားဂုဏ်ပြုပွဲကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက အဆိုပါရုံး၌ ကျင်းပသည်။

ထို့နောက် ဒသမအကြိမ်မြောက် EXIM Bank ချေးငွေများကို မြကမ္ဘာ စိုက်/ထုတ်အသင်းအား ငွေကျပ် ၇၄ ဒသမ ၆၇၅ သန်း၊ သူရိန်မင်း စိုက်/ထုတ်အသင်းအား ငွေကျပ် ၇၀ ဒသမ ၆၂၄ သန်း၊ ပေါင်းစည်းခိုင် စိုက်/ထုတ်အသင်းအား ငွေကျပ် ၇၅ ဒသမ ၆ သန်းတို့ကို ဦးစီးအရာရှိနှင့် မြို့နယ်အသင်းစုဥက္ကဋ္ဌတို့က ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ခဲ(ထီးချိုင့်)**

### ကျေးရွာခန်းမနှင့် ဂါလန် ၁၅၀၀ ဆံ့ ရေလှောင်ကန်ဖွင့်

**ဆီဆိုင်**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် မိုက်တီး(မြောက်)ကျေးရွာခန်းမဆောင်ပြုပြင်မွမ်းမံခြင်းနှင့် ဂါလန် ၁၅၀၀ ဆံ့ ရေလှောင်ကန်ဖွင့်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက မိုက်တီး(မြောက်)ကျေးရွာခန်းမဆောင်၌ ကျင်းပသည်။အဆိုပါခန်းမဆောင်သည် အလျားပေ ၄၀၊ အနံပေ ၁၇ ဒသမ ၆ ပေ၊ အမြင့်ကိုးပေရှိသော ကျေးရွာခန်းမဆောင်ပြုပြင်မွမ်းမံခြင်းနှင့် အလျားရှစ်ပေ၊ အနံခြောက်ပေ၊ အမြင့်ငါးပေရှိသော ဂါလန် ၁၅၀၀ ဆံ့ ရေလှောင်ကန်ဆောက်လုပ်ခြင်းကို စီမံကိန်းထောက်ပံ့ငွေကျပ် ၈၅ သိန်းနှင့် ကျေးရွာလူထုထည့်ဝင်ငွေကျပ် သိန်း ၁၆၆၇၅၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

### ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ**
မိတ္ထီလာတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက တက္ကသိုလ်အားကစားခန်းမတွင် စတင်ကျင်းပသည်။

အဆိုပါ ဘာသာရပ်ပေါင်းစုံ အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲသို့ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ ရူပဗေဒ၊ အင်္ဂလိပ်စာနှင့် သင်္ချာ ဘာသာရပ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာကေသီသင်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ပါမောက္ခများ၊ ဒုတိယပါမောက္ခများနှင့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

### မရမ်းကုန်းမြို့နယ်တွင် မူခင်းကျဆင်းရေးဟောပြော

**ရန်ကုန်**
မရမ်းကုန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်သန်းဝင်းနှင့်အဖွဲ့သည် ဇူလိုင် ၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှမူခင်းပညာပေးပြခန်းယာဉ်ဖြင့် မရမ်းကုန်းမြို့နယ်(၅) ရပ်ကွက် ပြည်ထောင်စုကျောင်းလမ်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့သို့ ရောက်ရှိပြီး မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်အန္တရာယ်၊ လူကုန်ကူးမှုစသည့်မူခင်းများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဟောပြောရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၄၀၀ ခန့်နှင့် ရပ်ကွက်နေပြည်သူ ၅၀ ခန့် တက်ရောက်ကြပြီး သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး မူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဓာနည်မောင်**

### ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်မွမ်းမံသင်တန်းဖွင့်

**ကျောက်ဆည်**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ခရိုင်လျှပ်စစ်မန်နေဂျာရုံး အစည်းအဝေးခန်းမတွင် ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်လျှပ်စစ်ရုံးများမှ ဝန်ထမ်းများအား ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင်မွမ်းမံသင်တန်း (၁/၂၀၁၈) ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့သည်။

သင်တန်းတွင် MESC မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အမှာစကားပြောကြားပြီး ခရိုင်မန်နေဂျာဦးမင်းမင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

### လမ်း၊ တံတား၊ အုတ်ရေမြောင်း ဖွင့်ပွဲကျင်းပ

**နေပြည်တော်**
ပျဉ်းမနားမြို့နယ် အောင်ချမ်းသာကျေးရွာတွင် ကျောက်ချောလမ်း၊ ရိစာလမ်း၊ တံတားငယ်၊ အုတ်ရေမြောင်းပြီးစီးမှုဖွင့်ပွဲနှင့် ကျေးရွာလူထုစစ်ဆေးပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် အောင်ချမ်းသာကျေးရွာ ကျောက်ချောလမ်းထိပ်၌ ကျင်းပကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးကွန်ပျူတာပညာရှင်များအသင်းရုံး ဖွင့်လှစ်



**မုံရွာ ဇူလိုင် ၉**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် အဆင့်မြင့်အိမ်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်းရုံးခန်းဖွင့်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီကကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းဆုငြိမ်းက ကွန်ပျူတာပညာရှင်အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်က ကျေးဇူးတင်စကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းနှင့် လုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတွင်အသုံးပြုရန် ပိုလန်နိုင်ငံထုတ် အဆင့်မြင့်မီးငြှိမ်းသတ်ယာဉ်များ ရောက်ရှိ



**မန္တလေး ဇူလိုင် ၉**
မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတွင် အသုံးပြုရန် ပိုလန်နိုင်ငံထုတ် အဆင့်မြင့်မီးငြှိမ်းသတ်ရေးယာဉ်နှစ်စီး ဇူလိုင် ၇ ရက်က ဗဟိုမီးသတ်စခန်းသို့ ရောက်ရှိခဲ့သည်။

ဗဟိုမီးသတ်စခန်းသို့ ရောက်ရှိသော မီးသတ်ယာဉ်သည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အမှတ်တံဆိပ် MFSD Logo တပ်ဆင်ထားပြီး သံထည်အစိတ်အပိုင်းများအား ဖြတ်တောက်နိုင်သော ဖြတ်စက်များ၊ မီးစက်၊ ရေစုပ်စက်၊ ဟိုက်ဒရောလစ်လှေကား၊ GPS စသည့်ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ တပ်ဆင်ထားသည်။ ယာဉ်အတွင်း ရေလီတာ ၅၀၀၀ ဆံ့ကန်တစ်ခု၊ လောင်စာဆီမီးလောင်မှုငြှိမ်းသတ်နိုင်သောဆေးရည် လီတာ ၆၀၀ ဆံ့ ကန်တစ်ခုနှင့် မီးဆလိုက်များပါဝင်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က ပိုလန်နိုင်ငံမှ ချေးငွေ ယူရိုသန်း ၅၀ ဖြင့် ပိုလန်နိုင်ငံ WISS ကုမ္ပဏီထုတ် မီးသတ်စက်ရုပ်အပါအဝင် အဆင့်မြင့်မီးငြှိမ်းသတ်ရေးယာဉ် ၆၅ စီး ဝယ်ယူထားရာ ယခုမီးသတ်ယာဉ်များသည် ဒုတိယအသုတ်ရောက်ရှိလာသော မီးသတ်ယာဉ်များဖြစ်သည်။

မီးသတ်ဦးစီးဌာနမှဝယ်ယူထားသော အဆင့်မြင့်မီးသတ်ယာဉ်များမှာ ဓာတု၊ ဇီဝ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၊ မီးလောင်မှုဖယ်ရှားရှင်းလင်းမီးငြှိမ်းသတ်နိုင်သည့် HanmatVehicle ယာဉ်နှစ်စီး၊ ငလျင်အပါအဝင် အရေးပေါ်အခြေအနေများတွင် အသုံးပြုနိုင်သည့် Heavy Rescue& Lifting Vehicle ယာဉ် ၁၀ စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် Mud;Heavy Rescue&Towing Vehicle ကိုးစီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် Heavy Rescue Towing ငါးစီး၊ မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်လေးစီး၊ မီးငြှိမ်းသတ်ရေးအဆင့်မြင့်ယာဉ် ၂၀၊ အထပ်မြင့်မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် ၂၅ မီတာလှေကားပါယာဉ် ၁၀ စီး၊ ၄၈ မီတာလှေကားပါ ယာဉ်ကြီးငါးစီး စုစုပေါင်း အဆင့်မြင့်မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်၆၅ စီးဝယ်ယူထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မိတ္ထီလာခရိုင်အတွင်းရှိဆည်ရေလှောင်တမံများ မိုးစပါးစိုက်ပျိုးရန် ရေအလုံအလောက်သိုလှောင်ထား



**မိတ္ထီလာ ဇူလိုင် ၉**
မိတ္ထီလာခရိုင်တွင် ဇွန်လမှစ၍ သဘာဝမိုး၊ မုန်တိုင်းအရှိန်ကြောင့် မိုးများရွာသွန်းကာ မိတ္ထီလာခရိုင်အတွင်းရှိ ဆည်ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုရှိခဲ့သော်လည်း ရေလှောင်တမံနှင့် ဆည်ကန်များမှာ ကြံ့ခိုင်မှုကောင်းမွန်ခြင်းကြောင့် စိုးရိမ်စရာမရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းက ပြောကြားသည်။

မိတ္ထီလာခရိုင်အတွင်းတွင် မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ မင်းလှ၊ ညောင်ရမ်းကန်၊ ညောင်ကုန်း၊ လွင်ငင်၊ လက်ခုတ်ပင်၊ ချောင်းကောက် ရေလှောင်တမံများရှိသည်။ ထိုဆည်ကန်များမှ မုန်တိုင်းမိုးကြောင့် ဆည်ကန်အချို့ ရေကျော်ကျခဲ့သော်လည်း ရေပိုလွှဲကကျော်ပြီး စီးထွက်သွားသည့်ရေများသည် မူလချောင်းရိုးအတွင်း စီးဝင်သွားသည့်အတွက် စိုးရိမ်စရာမရှိကြောင်း သိရသည်။

မိုးရွာသွန်းစဉ်အတွင်း မြို့နယ်အတွင်းရှိ ရေလှောင်တမံများ၊ ဆည်မြောင်းကန်များ ကြံ့ခိုင်မှုရှိ-မရှိ ရေဝင်မှုအခြေအနေ၊ ရေပိုလွှဲများ ရေကျော်ကျမှုများကို မိတ္ထီလာခရိုင် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်တို့က နေ့စဉ်လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့ပြင် ဆည်မြောင်းများတွင် ရေကင်းများချထားပြီး နေ့ညမပြတ်ကြည့်ရှုရန် စီစဉ်ထားခဲ့သည်။

မိတ္ထီလာခရိုင်အတွင်းရှိ ဆည်တာတမံများ ရေပိုလွှဲမှရေကျော်ကျသည်မှလွဲ၍ ဆည်မြောင်းတာတမံများမှာ ကြံ့ခိုင်မှုအားကောင်းပြီး စိုးရိမ်ပူပန်စရာမရှိကြောင်းနှင့် မိုးစပါးအတွက် စိုက်ပျိုးရေပေးရန် ဆည်ကန်များတွင် ရေအလုံအလောက် သိုလှောင်ထားကြောင်း ဆည်မြောင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းက ပြောကြားသည်။ မိတ္ထီလာမြို့နယ်တွင် ယခုနှစ် မိုးစပါးဧက ၃၀၀၀ ကျော် စိုက်ပျိုးသွားမည်ဟု သိရသည်။

**တင်လှိုင် (မိတ္ထီလာ)**

# နမ့်ကွတ် အခြေခံပညာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်



**လွိုင်ကော်  ဇူလိုင် ၉**
ကယားပြည်နယ် လွိုင်ကော်မြို့ နမ့်ကွတ်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့် အမှာစကားပြောကြားရာတွင် ဝေးလံခေါင်ဖျားဒေသများတွင် နိုင်ငံတော်အစိုးရက အခြေခံအားဖြင့် သတ်မှတ်ထားသည့် အနည်းဆုံးရှိရမည့် ကျောင်းသားဦးရေကို လျှော့ပေါ့စဉ်းစားပြီး ကျောင်းအဆင့်တိုးမြှင့်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုအရာများသည် ကျောင်းသား ကျောင်းသူများအား ပညာသင်ယူမှုအခွင့်အလမ်းများ မြို့ပေါ်၊ ကျေးလက် တစ်ပြေးညီရရှိရေးအတွက် မြှင့်တင်ဆောင်ရွက်နေမှုများဖြစ်ပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် သင်ယူမှုအခွင့်အလမ်း မြင့်မားရေး၊ ကျောင်းနေမြဲရေး၊ ကျောင်းထွက်သူ ပပျောက်ရေးတို့သည် အခက်အခဲများ၊ စိန်ခေါ်မှုများ ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ကလေးများအားလုံး ကျောင်းတက်ရန် အခွင့်အလမ်းသည် မြို့ပေါ်ရော ကျေးလက်ပါ တန်းတူညီမျှမှုရှိပါကြောင်း၊ တန်းတူအခွင့်အရေးရရန် အတွက်လည်း မိမိတို့ ပြည်သူ့အစိုးရက တစိုက်မတ်မတ်ဆောင်ရွက်နေကြောင်းပြောကြားသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ကျောင်းစာကြည့်တိုက်နှင့် ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အလှူငွေကျပ် ၁၀ သိန်းကို ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမိရယ်ထံ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားပိတ်ပွဲတွင် ကျောင်းသားကျောင်းသူများက ပြည်မြန်မာသီချင်းကို သီဆိုခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ကယားပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းအကျိုးတော်ဆောင်နှင့်ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းညဏ်လင်းထွန်း**

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်



**ရန်ကုန်  ဇူလိုင် ၉**
မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ သတ္တမအကြိမ်မြောက် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်လက်မှတ်၊ ပဉ္စမအကြိမ်မြောက် မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာလက်မှတ်နှင့် ကုမ္ပဏီအဆင့် သတ်မှတ်ချက် လက်မှတ်များ ပေးအပ်ချီးမြှင့်သည့်အခမ်းအနားကို ဇူလိုင် ၈ ရက်က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီခန်းမ၌ ပြုလုပ်ခဲ့သည်။

**စိစစ်ရွေးချယ်**

မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ်ရရှိသူများသည် သက်ဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်အသီးသီးတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အရည်အချင်း ပြည့်မီအောင် ဖြည့်ဆည်းပြီးသူများကို စိစစ်ရွေးချယ်ကာပေးအပ်ခဲ့ခြင်းဖြစ်သည်။

“ဒီလက်မှတ်က မြန်မာနိုင်ငံအင်ဂျင်နီယာတွေအတွက် ကောင်းတဲ့အလားအလာတစ်ခုပါ။ အင်ဂျင်နီယာဖြစ်ပြီ၊ ငါတော့ ဘွဲ့ရပြီးသွားပြီဆိုပြီး ဘာမှဆက်မလေ့လာတော့ဘူးဆိုရင် နိုင်ငံတကာမှာ နေ့စဉ်နဲ့အမျှ တိုးတက်ပြောင်းလဲနေတဲ့ နည်းပညာတွေကို သိနိုင်မှာ မဟုတ်တော့ဘူး။ ခုခေတ်ကတော့ အားလုံးသိတဲ့အတိုင်းပဲ လူတိုင်း Update ဖြစ်နေမှ ဖြစ်မှာဆိုတော့ အင်ဂျင်နီယာတွေလည်း Update ဖြစ်နေမှဖြစ်မယ်။ အဲ့တော့ ဒီလက်မှတ်ကို လက်ဝယ်ကိုင်ဆောင်နိုင်ဖို့ဆိုတာ သင်တန်းတွေ တက်ရတယ်။ နည်းပညာတွေ လေ့လာရတယ်။ ဒီလက်မှတ်က အင်ဂျင်နီယာတိုင်းအတွက် လိုအပ်ပါတယ်” ဟု မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိခဲ့သူ ဒေါ်ရီရီမြင့်က ပြောသည်။

ကုမ္ပဏီအဆင့်သတ်မှတ်ချက် အသိအမှတ်ပြု လက်မှတ်သည် ကုမ္ပဏီ၏ဖွဲ့စည်းပုံ၊ တာဝန်ယူဆောင်ရွက်မည့် အင်ဂျင်နီယာ၊ ဘွဲ့၊ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်နှင့် အတွေ့အကြုံ၊ လုပ်ငန်းအရည်အသွေး ထိန်းသိမ်းကွပ်ကဲမှုအခြေအနေ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှု အခြေအနေ၊ လုပ်ငန်းခွင်သုံး စက်ကိရိယာနှင့် အထောက်အကူပြုပစ္စည်းများကို အခြေခံ၍ စိစစ်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်မာမှုရှိ**

မြန်မာဗွီပိုင် ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စိုးစိုးတင်က “မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေနဲ့ အခုလို ပြည်တွင်းကုမ္ပဏီတွေအပေါ် စံနှုန်းသတ်မှတ်ချက်တွေ သတ်မှတ်ပေးတယ်။ သတ်မှတ်ထားတဲ့ စံနှုန်းတွေနဲ့ကိုက်ညီတဲ့ ကုမ္ပဏီတွေကို အဆင့်သတ်မှတ်ပေးပြီး အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးတယ်။ ဒါဟာ လုပ်ငန်းကို သုံးစွဲတဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်တွေဖြစ်စေ၊ နိုင်ငံတော်ကဖြစ်စေ လုပ်ငန်းအပေါ် ယုံကြည်မှုရှိစေပြီး အများကြီးခိုင်မာမှု ရှိစေပါတယ်” ဟု ပြောသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် အင်ဂျင်နီယာလုပ်ငန်းများ ပိုမိုစနစ်တကျရှိစေရန်နှင့် ပြည်တွင်း အင်ဂျင်နီယာ ပညာရှင်များ နယ်စပ်ဖြတ်ကျော်ပြီး လုပ်ငန်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသိအမှတ်ပြု လက်မှတ်များထုတ်ပေးရာတွင် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်လက်မှတ်ရရှိသူ ၈၉၄ ဦး၊ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ်ရရှိသူ ၂၉၄၉ ဦးနှင့် ကုမ္ပဏီအဆင့် သတ်မှတ်ချက်ရရှိသည့် ကုမ္ပဏီ ၁၃၁ ခုရှိကြောင်း သိရသည်။

**ကြေးမုံ**

# ဖူဆယ်လိဂ်ပြိုင်ပွဲ ခြေစစ်ပွဲစတင်ကျင်းပ

**ရန်ကုန်  ဇူလိုင် ၉**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Myanmar Futsal League 2018 ခြေစစ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ စတင်ကျင်းပသည်။

ခြေစစ်ပွဲ ပထမနေ့တွင် GV Athletic အသင်းက ရွှေမြဝတီအသင်းကို ငါးဂိုး-သုံးဂိုးဖြင့်အနိုင်ရပြီး AMM အသင်းနှင့် RDZ အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ပြိုင်ပွဲဝင်အသင်းအရေအတွက် များပြားနေသောကြောင့် ယခင်နှစ်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အသင်းများမှာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ကျန်ငါးသင်းမှာ ခြေစစ်ပွဲကစားရခြင်းဖြစ်သည်။ ခြေစစ်ပွဲကို ဇူလိုင် ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရွှေမြဝတီအသင်း၊ GV Athletic အသင်း၊ RDZ အသင်း၊ AMM အသင်းနှင့် Comrade အသင်းတို့ ယှဉ်ပြိုင် လျက်ရှိသည်။ ယင်းငါးသင်းသည် ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အမှတ်အများဆုံးရသည့် ထိပ်ဆုံးသုံးသင်းမှာ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ခြေစစ်ပွဲ လက်ကျန်ပွဲများအဖြစ် ဇူလိုင် ၁၁ ရက်တွင် RDZ အသင်းနှင့် Comrade အသင်း၊ AMM အသင်းနှင့် GV Athletic အသင်း၊ ဇူလိုင် ၁၃ ရက်တွင် Comrade အသင်းနှင့် AMM အသင်း၊ ရွှေမြဝတီအသင်းနှင့် RDZ အသင်း၊ ဇူလိုင် ၁၅ ရက်တွင် AMM အသင်းနှင့် ရွှေမြဝတီအသင်း၊ GV Athletic အသင်းနှင့် Comrade အသင်း၊ ဇူလိုင် ၁၇ ရက်တွင် RDZ အသင်းနှင့် GV Athletic အသင်း၊ Comrade အသင်းနှင့် ရွှေမြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲကျင်းပ

**ပဲခူး  ဇူလိုင် ၉**
မြို့နယ်ကြက်ခြေနီတပ်ဖွဲ့က ဖွင့်လှစ်ခဲ့သော အခြေခံရှေးဦးပြုစုခြင်းသင်တန်း (၂/၂၀၁၈) ဆင်းပွဲအခမ်းအနားကို ပဲခူးမြို့နယ် ဘောနတ်ကြီး အမြန်လမ်းမကြီးရဲတပ်ဖွဲ့စခန်း၌ ဇူလိုင် ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်မင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ပဲခူးခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဟန်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အခြေခံရှေးဦးပြုစုခြင်းသင်တန်း (၂/၂၀၁၈)တွင် တက်ရောက်ခဲ့ကြသော ရဲတပ်ဖွဲ့ဝင် သင်တန်းသားများအား ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ဦးသိန်းအောင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ဘောနတ်ကြီး အမြန်လမ်းမကြီး ရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူး ထွန်းလင်းအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အမြန်လမ်းမကြီးတွင်ယာဉ်တိုက်မှုဖြစ်ပွားပါက ထိခိုက်ဒဏ်ရာရရှိသော လူနာများအား အရေးပေါ် ရှေးဦးပြုစုခြင်းဖြင့် လက်တွေ့ပြုစုဆောင်ရွက်ခြင်းကို သင်တန်းသားများက သရုပ်ဖော်ပြသပေးကြသည်။

အဆိုပါသင်တန်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသော လူနာများအား အချိန်နှင့်တစ်ပြေးညီ ရှေးဦးသူနာပြုစုခြင်းဖြင့် စနစ်တကျကူညီဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဇူလိုင် ၃ ရက်မှ ၈ ရက်အထိ ကြက်ခြေနီလှုပ်ရှားမှုအကြောင်း သိကောင်းစရာ၊ ရှေးဦးပြုစုခြင်းအခြေခံသဘောတရားနှင့် အတွေးအခေါ်များ၊ လူနာဆန်းစစ်ခြင်း၊ ဒဏ်ရာနှင့် သွေးယိုစီးခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ အဆိပ်မိခြင်းနှင့် သတ္တဝါများကိုက်ခြင်း၊ ကုတ်ခြင်း၊ အရိုးကျိုးခြင်း၊ ကျပ်စည်းခြင်းနှင့် RICE စည်းနည်း၊ ဦးခေါင်းဒဏ်ရာနှင့် ကျောရိုးတန်းမကြီးဒဏ်ရာ၊ စိတ်ချရသောဘေးစောင်းအနေအထား၊ ဆေးထည့်ခြင်းနှင့်ပတ်တီးစည်းခြင်း၊ အခြေခံ အသက်အထောက်အကူပြုနည်းစသည်တို့ကို စာတွေ့လက်တွေ့သင်ကြားပို့ချဖွင့်လှစ်ပေးခဲ့ပြီး ဘောနတ်ကြီး အမြန်လမ်းမကြီးရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင် သင်တန်းသား ၁၃ ဦးတက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## တိုတိုထွာထွာဖတ်စရာ

### သတင်းဆက်သွယ် ပြန်ကြားရေး ဓာတ်ပုံပြခန်း ကျောက်တန်း၌ပြသ

**ရန်ကုန်**
လူထုဗဟိုပြုစီမံကိန်း၏ သတင်းဆက်သွယ်ပြန်ကြားရေး ဓာတ်ပုံပြခန်းကို ဇူလိုင် ၇ ရက်က ကျောက်တန်းမြို့နယ် ချောင်းဝစံပြကျေးရွာဓမ္မာရုံ၌ ဖွင့်လှစ်ပြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမင်းနှင့် လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေး အဖွဲ့ခေါင်းဆောင် ဦးအောင်မြင့်တို့က အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာနေပြည်သူများက ဓာတ်ပုံပြခန်းများကြည့်ရှုခဲ့ကြောင်းသိရသည်။ **၇၄**

### စည်းကမ်းမဲ့ ဆိုင်ကယ်များအား စစ်ဆေး

**အိမ်မဲ**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် မြို့မလူငယ်လေ့ကျင့်ရေးအားကစားကွင်းရှေ့၌ စည်းကမ်းမဲ့မောင်းနှင်သော မော်တော်ဆိုင်ကယ်များအား စစ်ဆေးအရေးယူခြင်းကို ဌာနဆိုင်ရာ စုပေါင်းအဖွဲ့က ဇူလိုင် ၉ ရက် နံနက် ၉ နာရီကဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပညာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိ စုပေါင်းအဖွဲ့က ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်မှု၊ ပါဝါအိတ်ဇောတပ်ဆင်ပြီးမောင်းနှင်မှု၊ ဆိုင်ကယ်တစ်စီးကို သုံးယောက်စီးနင်းမှု အစရှိသည့် စည်းကမ်းမဲ့ပြုမူ လုပ်ဆောင်မှုများကိုစစ်ဆေး၍ ဖမ်းဆီးအရေးယူဆောင်ရွက်နေကြောင်း သိရသည်။ **ချစ်သက်လယ်(အိမ်မဲပြန်/ဆက်)**

### သုံးခွပြည်သူ့ဆေးရုံသို့ ECG စက်လှူဒါန်း

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမဆောင်၌ ဇူလိုင် ၈ ရက် မွန်းတည့် ၁၂ နာရီက သုံးခွမြို့ဆေးရုံတွင် အသုံးပြုနိုင်ရန် ECGစက်တစ်လုံးကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်ဝင်းသန်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

### သန်လျင်၌စုပေါင်းသစ်ပင်စိုက်ပျိုး

**ရန်ကုန်**
သန်လျင်မြို့နယ် လဟာယက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ချိုမာအောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သစ်ပင်စိုက်ပျိုးခဲ့ကြသည်။

**သန်းဝင်း(သန်လျင်)**

# ဌာနဆိုင်ရာမှတ်တမ်းများမှသည် နိုင်ငံ့အမွေအနှစ် မော်ကွန်းများဆီသို့

**သက်ဦး(မော်ကွန်းတိုက်)**

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ပြည်တွင်း ပြည်ပသုတေသီများအား မှတ်တမ်းမော်ကွန်းများဖြင့် အထောက်အကူပြုပေးနေသည့် နိုင်ငံတော်၏ တစ်ခုတည်းသော အမျိုးသားအဆင့် မော်ကွန်းတိုက်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများတွင် ယခင်အစိုးရ အဆက်ဆက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများအား ရည်ညွှန်းကိုးကားရန် လိုအပ်ပါက အထောက်အကူပြုပေးခြင်း၊ နိုင်ငံတော်အဖွဲ့အစည်းများမှ ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် သုတေသနလုပ်ငန်းများတွင် အထောက်အကူပြုပေးခြင်း၊ ပြည်တွင်း၊ ပြည်ပကျောင်းသားများ၏ သုတေသနစာတမ်းများအတွက် ရည်ညွှန်းကိုးကားရန် လိုအပ်သော မှတ်တမ်းများအား အထောက်အကူပြုပေးခြင်းနှင့် ပြည်တွင်းရှိ နိုင်ငံသားများအတွက် သတင်းစာ၊ ပြန်တမ်းစသည့် မှတ်တမ်းများဖြင့် အထောက်အကူပြုပေးခြင်းတို့ကို အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေနှင့်အညီ ခွင့်ပြုဘောင်အတွင်းမှ ဆောင်ရွက်လျက်ရှိပါသည်။

> မှတ်တမ်းများသည် နိုင်ငံတော်၏ ခေတ်အဆက်ဆက် စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးနှင့် သမိုင်းအစဉ်အလာ ယဉ်ကျေးမှုတို့ကို ပြသ

**သမိုင်းကိုဖော်ပြသော ပုံရိပ်**

မှတ်တမ်းများသည် နိုင်ငံတော်၏ ခေတ်အဆက်ဆက် စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးနှင့် သမိုင်းအစဉ်အလာ ယဉ်ကျေးမှုတို့ကို ပြသပါသည်။ မှတ်တမ်းများမှတစ်ဆင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေပိုင်ဆိုင်မှု၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်း အစဉ်အလာတို့ကို သိရှိနိုင်ပါသည်။ မှတ်တမ်းများသည် ခေတ်တစ်ခေတ်၏ လုပ်ငန်းဆောင်တာများနှင့်အတူ ပေါက်ဖွားလာသည့်ခေတ်ပြိုင် အထောက်အထားများဖြစ်ပါ၍ သမိုင်းကိုဖော်ပြသော ပုံရိပ်များလည်းဖြစ်ပါသည်။ ခေတ်တစ်ခေတ်၏ သမိုင်းကို မှတ်တမ်းများဖြင့် အခိုင်အမာ သက်သေပြနိုင်ပါသည်။ မှတ်တမ်းများဆုံးရှုံးပါက နိုင်ငံ့သမိုင်းကြောင်းသည်လည်း နှစ်ကြာလာသည်နှင့်အမျှ ပျောက်ပျက်လာမည်ဖြစ်ရာ နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုဖြစ်ပေါ်လာနိုင်ပါသည်။ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ဧရိယာနယ်နိမိတ်တို့ကို ပြည်ပနိုင်ငံများမှ ထိပါးရန် ကြိုးပမ်းနေမှုများအား နိုင်ငံတော်မှ ကာကွယ်လျက်ရှိရာ ဖော်ပြပါလုပ်ငန်းများတွင် အမျိုးသားမော်ကွန်းတိုက်သည် ဌာနရှိ မှတ်တမ်း၊ မော်ကွန်းများဖြင့် အထောက်အကူပြုပေးလျက်ရှိပါသည်။ ယခင် ခေတ်အဆက်ဆက်မှ ထိန်းသိမ်းလာသော မှတ်တမ်းများရှိ၍သာ ထိုသို့အထောက်အကူပြုနိုင်ခြင်းဖြစ်ပြီး မိမိတို့၏ နောင်မျိုးဆက်များအတွက် ယနေ့ခေတ် မှတ်တမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ပင် ဖြစ်ပါသည်။ မိမိတို့နိုင်ငံသားများသည် မှတ်တမ်းထိန်းသိမ်းမှုတွင် အားနည်းလျက်ရှိပါသည်။ နိုင်ငံတော်တွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် တည်ရှိမှုကို အစိုးရဌာနများမှပင် သိရှိသူနည်းပါးပြီး မော်ကွန်းတိုက်သို့ မှတ်တမ်းလွှဲပြောင်းပေးမှု အားနည်းလျက်ရှိသောကြောင့် မှတ်တမ်းများ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးလျက်ရှိပါသည်။

**အသိအမြင် အယူအဆများ ပြောင်းလဲ**

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မှတ်တမ်းနှင့် မော်ကွန်းတို့၏ အဓိပ္ပာယ်၊ အနှစ်သာရတို့ကို သိရှိရန်လိုအပ်ပါသည်။ မည်သို့သော မှတ်တမ်းများသည် မော်ကွန်းတန်ဖိုးရှိပြီး ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း သိရှိနားလည်မှသာ မှတ်တမ်းမော်ကွန်းဆိုင်ရာ အသိအမြင် အယူအဆများ ပြောင်းလဲလာနိုင်မည်ဖြစ်ပြီး မှတ်တမ်းထိန်းသိမ်းမှုအပိုင်းတွင် ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေတွင် မှတ်တမ်း၏ အဓိပ္ပာယ်အား "မှတ်တမ်းဆိုသည်မှာ အစိုးရဌာနတစ်ခုခု သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ရေးသားပြုစုထားသည့် သို့မဟုတ် လက်ခံရရှိထားသည့် စာရွက်စာတမ်း၊ ကမ္ပည်းစာ၊ ပုရပိုက်၊ ပေစာ၊ လက်ရေးစာပေ၊ ပုံနှိပ်စာပေတို့ကိုဆိုလိုသည်။ ယင်းစကားရပ်တွင် စက်ကိရိယာဖြင့်ဖြစ်စေ၊ လျှပ်စစ်ဓာတ်အားဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားသည့် အက္ခရာ၊ အသံ၊ ရုပ်သံ မှတ်တမ်းတင်ချက်တို့လည်း ပါဝင်သည်" ဟု ဖွင့်ဆိုထားပါသည်။ ရှင်းလင်းလွယ်ကူစွာပြောရလျှင် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၏ ပြုမူဆောင်ရွက်ချက်များ၏ အရုပ်၊ အသံနှင့် ပေထက်အက္ခရာတင်ထားမှုအားလုံးတို့သည် မှတ်တမ်းများပင် ဖြစ်ပါသည်။ ထိုသဘောအရ မှတ်တမ်းများတွင် ရုံးအမှုတွဲတစ်ခု၊ မှတ်စုတစ်စောင်၊ ပြေစာတစ်ရွက်သည်ပင် မှတ်တမ်းများဖြစ်ပါသည်။ နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းမှ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်ထံသို့ ရေးပေးခဲ့သည့် "ကြည်ပဲပြုတ်နှင့် နံပြားရရင် စားချင်တယ်" ဆိုသည့် မှတ်စုလေးတစ်ရွက်မှာ ယနေ့ခေတ်တွင် ဗိုလ်ချုပ်နှင့် သက်ဆိုင်သည့် သမိုင်းမှတ်တမ်းတစ်ရပ်ဖြစ်နေပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးရှင်းသော ပင်ကိုသဘာဝစရိုက်တို့ကို ပြသနေပါသည်။

အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းမှ ဖြစ်ပေါ်လာသော အထောက်အထားအားလုံးသည် မှတ်တမ်းများဖြစ်ကြသော်လည်း ၎င်းတို့၏ အသုံးဝင်မှု၊ နိုင်ငံနှင့် အဖွဲ့အစည်းအပေါ်၊ အကျိုးပြုမှုအပေါ် မူတည်၍ တန်ဖိုးကွဲပြားကြပါသည်။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေတွင် မော်ကွန်း၏ အဓိပ္ပာယ်အား "မော်ကွန်းဆိုသည်မှာ မှတ်တမ်းများအနက် မြန်မာနိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှု အမွေအနှစ်နှင့် နိုင်ငံအုပ်ချုပ်ရေး စသည်တို့နှင့် စပ်လျဉ်းသည့် အထောက်အထားများ၊ အချက်အလက်များပါရှိသောကြောင့် နှစ်ကာလကြာမြင့်စွာ ထိန်းသိမ်းထားသင့်သည်ဟု မော်ကွန်းကြီးကြပ်ရေးအဖွဲ့က စိစစ်တွေ့ရှိ၍ မော်ကွန်းအဖြစ် သတ်မှတ်သည့် မှတ်တမ်းကို ဆိုလိုသည်" ဟု ဖွင့်ဆိုထားပါသည်။

**မော်ကွန်းတန်ဖိုးအကဲဖြတ်သည့် စံ (၁၁) ချက်**

မှတ်တမ်းများအား မော်ကွန်းတန်ဖိုး သတ်မှတ်ရာတွင် သတ်မှတ်စံများနှင့် ကိုက်ညီစေရန်အတွက် မော်ကွန်းကြီးကြပ်အဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီးများက စိစစ်ပေးပြီး မော်ကွန်းကြီးကြပ်အဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ မော်ကွန်းအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းဖြစ်ပါသည်။ အမျိုးသား မော်ကွန်းတိုက်သို့ မော်ကွန်းဆိုင်ရာ အကြံဉာဏ်များပေးရန်နှင့် မော်ကွန်းမှတ်တမ်းဆိုင်ရာ လုပ်ငန်းများတွင် လမ်းညွှန်ကြီးကြပ်ပေးနိုင်ရန်အတွက် သမိုင်းပညာရှင်များ၊ မော်ကွန်းပညာရှင်များနှင့် အစိုးရဌာနဆိုင်ရာ အကြီးအကဲများပါဝင်သည့် မော်ကွန်းကြီးကြပ်ရေးအဖွဲ့ကို ၁၉၉၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ထိုအဖွဲ့မှ ဌာန၏ လုပ်ငန်းများတွင် ပညာရပ်ပိုင်းဆိုင်ရာ အထောက်အကူပြုပေးလျက်ရှိပါသည်။ မော်ကွန်းတန်ဖိုးအကဲဖြတ်သည့် စံ (၁၁) ချက် ရှိပါသည်။ ၎င်းတို့မှာ -

- မြန်မာနိုင်ငံသမိုင်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် နိုင်ငံအုပ်ချုပ်ရေးစသည်တို့နှင့် စပ်လျဉ်းသည့် အထောက်အထားများ၊ အချက်အလက်များပါရှိခြင်း၊
- အမျိုးသားရေးလက္ခဏာဆောင်ခြင်း၊
- နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သိပ္ပံ၊ စက်မှု၊ ဆေးဘက်စသည်တို့နှင့် သက်ဆိုင်ခြင်း၊
- အစိုးရ၏မူဝါဒ၊ စီမံကိန်းနှင့် စီမံချက်တို့ဖြစ်ခြင်း၊
- ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းစနစ်၊ လက်စွဲ စသည်တို့နှင့် ယင်းတို့ဖြစ်ပေါ်လာရေးတွင် ပါဝင်ပတ်သက်သည့် စာရွက်စာတမ်းများဖြစ်ခြင်း၊
- အစိုးရ၏ နှစ်ချုပ်အစီရင်ခံစာနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာများဖြစ်ခြင်း၊
- အစိုးရ၏ အရေးကြီးသော အစည်းအဝေးမှတ်တမ်းများဖြစ်ခြင်း၊
- အစိုးရဌာနဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံတိုးချဲ့မှု၊ ပြုပြင်မှု၊ ပေါင်းစပ်မှု၊ ပြောင်းလဲမှု စသည်တို့ ဖြစ်ခြင်း၊
- နိုင်ငံဖြစ်စဉ်တွင် အကျိုးဝင်သော ကိန်းဂဏန်း စာရင်းအင်းတို့ဖြစ်ခြင်း၊
- နိုင်ငံ၏ အရေးပါသော ပုဂ္ဂိုလ်များ၊ ထင်ရှားသော ပုဂ္ဂိုလ်များနှင့် ပတ်သက်ခြင်း၊
- မှတ်သားသင့်မှတ်သားထိုက်သော နိုင်ငံအဖြစ်အပျက်နှင့် သက်ဆိုင်ခြင်း။

**နိုင်ငံ့ယဉ်ကျေးမှုအမွေအနှစ်များ**

အထက်ပါစံ (၁၁) ချက်အနက် တစ်ချက်ချက်နှင့် ကိုက်ညီမှုရှိပြီး တန်ဖိုးလည်းရှိမှသာ မော်ကွန်းအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ မော်ကွန်းတိုင်းသည် မှတ်တမ်းဖြစ်၍ မှတ်တမ်းတိုင်းသည် မော်ကွန်းမဖြစ်ပါ။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနသည် နိုင်ငံတော်၏ အဖိုးတန်မှတ်တမ်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မော်ကွန်းပညာပြန့်ပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အစိုးရဌာနများသို့ ကွင်းဆင်း၍ ဌာနဆိုင်ရာအရာထမ်းများနှင့် တွေ့ဆုံပြီး ဦးစီးဌာနများတွင် မှတ်တမ်းခန်းများ မဖြစ်မနေထားရှိရေး၊ မှတ်တမ်းများသည် နိုင်ငံ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်၍ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မော်ကွန်းတန်ဖိုးရှိသည့် မှတ်တမ်းများအား သိမ်းဆည်းကာလ ၁၂ နှစ်ပြည့်ပြီးပါက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနသို့ လွှဲပြောင်းပေးပို့နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်၍ မှတ်တမ်းခန်းများတွင် တာဝန်ယူစောင့်ရှောက်မည့် ဝန်ထမ်းများအတွက် မှတ်တမ်း စီမံခန့်ခွဲမှုလုပ်ငန်းများ ဆွေးနွေးပို့ချနိုင်ရန်လည်း သက်ဆိုင်ရာအစိုးရအဖွဲ့ရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါ၍ မကြာမီအချိန်အတွင်း လုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနအနေဖြင့် မှတ်တမ်းထိန်းသိမ်းရေးအတွက် ဌာနဆိုင်ရာများသို့ မော်ကွန်းအသိပညာ၊ အကြံဉာဏ်နှင့် နည်းလမ်းများ ဖြန့်ဝေပေးခြင်းတို့ကိုသာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဌာနတစ်ခုချင်းမှ လိုက်နာပါဝင်ဆောင်ရွက်မှသာ ရည်ရွယ်ချက် အောင်မြင်နိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံ့အဖိုးတန် မှတ်တမ်းများ ဆုံးရှုံးမှုမှ ကာကွယ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများနှင့် အစိုးရဌာနများမှ တစ်ထောင့်တစ်နေရာမှ လိုက်နာပါဝင်ဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## မှတ်တမ်းနှင့် မော်ကွန်းစီမံခန့်ခွဲမှု သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၉**

မှတ်တမ်းနှင့် မော်ကွန်းစီမံခန့်ခွဲမှုသင်တန်းကို အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန (နေပြည်တော်) တွင် ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က ဦးစီးဌာနမှ ဝန်ထမ်းများ အနေဖြင့် ခေတ်အဆက်ဆက် ထိန်းသိမ်းလာခဲ့သော မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ မှတ်တမ်း၊ မော်ကွန်းများ၏ အရေးပါမှုကို သိရှိစေရန်၊ မှတ်တမ်းဆိုသည်မှာ အစိုးရဌာနတစ်ခုခု သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးက ရေးသားပြုစုထားသည့် သို့မဟုတ် လက်ခံရရှိထားသည့် စာရွက်စာတမ်း၊ ကမ္ပည်းစာ၊ ပုရပိုက်၊ ပေစာ၊ လက်ရေးစာပေ၊ ပုံနှိပ်စာပေတို့ကို ဆိုလိုကြောင်း၊ မော်ကွန်းဆိုသည်မှာ မှတ်တမ်းများအနက် မြန်မာနိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှု အမွေအနှစ်နှင့် နိုင်ငံအုပ်ချုပ်ရေး စသည်တို့နှင့် စပ်လျဉ်းသည့် အထောက်အထားများ၊ အချက်အလက်များ ပါရှိသည့်အတွက် နှစ်ကာလကြာမြင့်စွာ ထိန်းသိမ်းထားသင့်သည်ဟု ကြီးကြပ်ရေးအဖွဲ့က စိစစ်တွေ့ရှိ၍ မော်ကွန်းအဖြစ် သတ်မှတ်သည့်မှတ်တမ်းများဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့် မှတ်တမ်းနှင့် မော်ကွန်းစီမံခန့်ခွဲမှုသင်တန်းကို ဇူလိုင် ၉ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ကိုကိုရူပ (နေပြည်တော်)**



# တိမ်တိုက်တံတားရုပ်ရှင်ဇာတ်ကား အထူးပွဲပြသ

7th Sense ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ထုတ်လုပ်ပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်း မိုးနီလွင်နှင့် ဒါရိုက်တာ ဩရသ ရိုက်ကူးသည့် တိမ်တိုက်တံတားရုပ်ရှင်ဇာတ်ကား အထူးပြပွဲကို ဇူလိုင် ၈ ရက် ညနေ ၆ နာရီခွဲက Junction City (JCGV) ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး အဆိုပါ ဇာတ်ကားကို ဇူလိုင် ၁၃ ရက်တွင် အမြို့မြို့အနယ်နယ်ရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများ၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



သရုပ်ဆောင် ခင်ဝင့်ဝါ၊ အကယ်ဒမီ နေတိုးနှင့် ဗီယက်နမ်မင်းသမီး ငုယင်ထရန်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် တောင်တန်းဒေသပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနောက်ခံ အချစ်နှင့် သဘာဝသရုပ်ဖော်ဇာတ်လမ်းဖြစ်ပြီး ဇာတ်လမ်းတွင် အဓိကသရုပ်ဆောင်များအဖြစ် အကယ်ဒမီ နေတိုး၊ အကယ်ဒမီ ထွန်းထွန်း၊ ခင်ဝင့်ဝါနှင့် ဗီယက်နမ်မင်းသမီး ငုယင်ထရန်တို့ ပါဝင်ထားကာ သက်တံရောင်အဖြစ် နေတိုး၊ ကျောင်းဆရာလေး စိုင်းလုံအဖြစ် ထွန်းထွန်း၊ ဒေါက်တာပန်းလှဖြူအဖြစ် ခင်ဝင့်ဝါ၊ ဩစတြေးလျနိုင်ငံမှ ဆေးကုမ္ပဏီအရောင်းမန်နေဂျာမလေး ဗီယက်နမ်လူမျိုး ငုယင်မေအဖြစ် ဗီယက်နမ်မင်းသမီး ငုယင်ထရန်တို့က သရုပ်ဆောင်ထားသည်။

"ဒီဇာတ်ကားရိုက်ကူးတဲ့အချိန်မှာ ရာသီဥတု အခက်အခဲတွေ ရှိခဲ့ပါတယ်။ တချို့ဇာတ်ဝင်ခန်းတွေဆိုရင် အအေးဒဏ်ကိုခံပြီး ရိုက်ကူးခဲ့ရတာတွေ ရှိပါတယ်။ အဲဒါလေးတွေက အမှတ်တရဖြစ်တယ်။ ဒီဇာတ်ကားလေးက ကြည့်ပြီးတဲ့အချိန်မှာ ပရိသတ်တွေရဲ့ လက်ခုပ်သံ အကျယ်ကြီးကို ကြားရတယ်။ မျှော်လင့်ထားတဲ့ message ကိုလည်း ရောက်အောင်ပို့ပေးနိုင်တယ်။ တကယ့်ကို ရင်ခုန်စိတ်လှုပ်ရှားဖို့ကောင်းတဲ့ ဇာတ်ဝင်ခန်းတွေနဲ့ ဇာတ်လမ်းတည်ဆောက်မှုပုံစံရော ရိုးရိုးလေးနဲ့ ဇာတ်ကိုဆွဲခေါ်သွားနိုင်တဲ့ ဇာတ်ညွှန်းလေးဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သဘောကျမိတယ်။ ကျေနပ်နှစ်သက်မှုလည်းရှိတယ်။ ပရိသတ်တွေကိုလည်း လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ပါတယ်"ဟု အကယ်ဒမီ နေတိုးက ပြောသည်။

သရုပ်ဆောင် ခင်ဝင့်ဝါက "ဒီကားနဲ့ဆို ရုံတင်တဲ့ကားလေးကားလောက်ရှိပြီ။ ဒီဇာတ်ကားမှာ တိုက်နယ်ဆရာဝန်တစ်ယောက်အနေနဲ့ သရုပ်ဆောင်ရတာဖြစ်တဲ့အတွက် လက်သည်းရှည်မထားရဘူး။ လိုအပ်တဲ့အချက်အလက်တွေ သူတို့ပြောပြတယ်။ ညီမဘက်ကလည်း အကောင်းဆုံးပြင်ဆင်တယ်။ ဇာတ်ဝင်ခန်းထဲမှာ မီးပုံပွဲမှာကတဲ့ ဇာတ်ဝင်ခန်းရယ်၊ ချယ်ရီပန်းခူးတဲ့ ဇာတ်ဝင်ခန်းရယ် သဘောကျတယ်။ အချစ်ဆိုတာကတော့ အေးချမ်းလိုက်ပူလောင်လိုက်ပါပဲ။ ဒီကားမှာ အချစ်ချည်းပဲမဟုတ်ဘဲ ၁၅၀၀ နဲ့ ၅၂၈ ကို ရောပြထားတာဖြစ်တယ်။ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောသဘာဝတွေ၊ ရိုက်ချက်တွေကအစ ကောင်းတယ်။ ပရိသတ်တစ်ယောက်အနေနဲ့ဆိုရင်တော့ တစ်ကားလုံးခြုံကြည့်ရင် ဒီကားကို သဘောကျတယ်။ ဒီမှာသရုပ်ဆောင်ထားတဲ့ သရုပ်ဆောင်မှုတွေမှာ အားနည်းချက်တွေရှိရင်လည်း ပရိသတ်ကြီးက နားလည်ပေးစေချင်ပါတယ်။ အကောင်းဆုံးတော့ သရုပ်ဆောင်ထားပါတယ်။ လာရောက်အားပေးဖို့ကိုလည်း ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

ယင်းဇာတ်လမ်း၏ အဓိကရည်ရွယ်ချက်မှာ ဝေးလံခေါင်ပါးဒေသနေပြည်သူများအတွက် အခြေခံပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များ များစွာရှိနေသေး၍ အသိပညာရှင်၊ အတတ်ပညာရှင်များ အနစ်နာခံစွန့်လွှတ်စွန့်စားစိတ်များဖြင့် ပံ့ပိုးဝန်းရံပေးရန် လိုအပ်ကြောင်း၊ လူအချင်းချင်း အခက်အခဲဒုက္ခများ တွေ့ကြုံရင်ဆိုင်လာရသည့်အချိန်တွင် တစ်ကိုယ်ကောင်းစိတ်မထားဘဲ ရိုင်းပင်းကူညီကြမှသာ လောကကြီး ပိုမိုသာယာလှပစေတတ်ကြောင်း၊ ဖြူစင်သောချစ်ခြင်းမေတ္တာသည် ကိုယ်ကျိုးအတွက် အတ္တကိုရှေ့တန်းမတင်ဘဲ ကောင်းကျိုးကိုသာပေးဆပ်အနစ်နာခံတတ်သည့် မေတ္တာမျိုးဖြစ်ရန်လိုကြောင်း၊ ကလေးသူငယ်များသည် နိုင်ငံတစ်ခု၏ အနာဂတ်တာဝန်ကို ထမ်းဆောင်မည့်သူများဖြစ်ကြသဖြင့် သူတို့၏ကျန်းမာရေး၊ ပညာရေး၊ အသိပညာဗဟုသုတတို့ကို ပေးနိုင်မည့် ပတ်ဝန်းကျင်နှင့် မိဘ၊ ဆရာတို့သည် အင်မတန်အရေးကြီးပါကြောင်း စသည့် ရည်ရွယ်ချက်များဖြင့် ရိုက်ကူးတင်ဆက်ပြသခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-ဟိန်းထက်လင်း(ကြေးမုံ)**

# စေ့စပ်လိုက်ကြောင်း သတင်းတွေထွက်လာတဲ့ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်





ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်သူ ဟေးလေးဘော်ဝင်နဲ့ တစ်ကျော့ပြန်လက်တွဲခဲ့ပြီးနောက် တစ်လခန့်အကြာမှာပင် စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာပါတယ်။ ဟေးလေးဘော်ဝင်အနေနဲ့ ကြီးမားတဲ့ စိန်လက်စွပ်ကို ဝတ်ထားတာတွေ့ရတာကနေ အစပြုလို့ သူတို့နှစ်ဦး စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ ဟေးလေးဘော်ဝင်ဟာ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ကမ်းခြေမှာရှိတဲ့ ဘားတစ်ခုကို ဂျက်စတင်ဘီဘာနဲ့အတူ လာရောက်ခဲ့ရာမှာတော့ စိန်လက်စွပ်ကို ဝတ်ဆင်လာခဲ့တာကိုလည်း မီဒီယာတွေက မှတ်တမ်းတင်နိုင်ခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ စနေနေ့မှာတော့ ဂျက်စတင်ဘီဘာက ဟေးလေးဘော်ဝင်ကို ဘဟားမားက စားသောက်ဆိုင်တစ်ဆိုင်မှာ ညစာအတူစားနေစဉ် လက်ထပ်ခွင့်တောင်းလိုက်တာဖြစ်တယ်လို့ တီအမ်ဇက်ဒေါ့ကွန်းက ဦးစွာဖော်ပြခဲ့ပါတယ်။ အဲဒီနောက် ဟောလိဝုဒ်မီဒီယာတွေက ဖော်ပြခဲ့ကြတာဖြစ်ပါတယ်။ အဆိုပါ စားသောက်ဆိုင်မှာ ညစာအတူစားနေစဉ်မှာပင် ဂျက်စတင်ဘီဘာရဲ့ သက်တော်စောင့်တွေက ဆိုင်မှာရှိတဲ့သူတွေကို ဖုန်းတွေချထားပေးဖို့ပြောဆိုခဲ့ပြီး အလွန်ကို အရေးကြီးတဲ့ အရာဖြစ်တော့မှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အဲဒီနောက် လူအများရှေ့မှာပင် ဂျက်စတင်ဘီဘာက ဒူးထောက်ကာ ဟေးလေးဘော်ဝင်ကို လက်ထပ်ခွင့်တောင်းဆိုလိုက်တာဖြစ်ပါတယ်။ ဟေးလေးဘော်ဝင်ကလည်း လက်ခံကြောင်း ပြန်လည်ပြောဆိုခဲ့တာဖြစ်တယ်လို့ မျက်မြင်သက်သေတွေက ပြောကြားခဲ့ပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီး လက်ရှိအချိန်အထိတော့ ကာယကံရှင်တွေဘက်က တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပါဘူး။ သူတို့ရဲ့ အသိုင်းအဝိုင်းနဲ့ ဆွေမျိုးတွေကတော့ ဒီသတင်းနဲ့ပတ်သက်ပြီး မှတ်ချက်ပြုဖော်ပြတာတွေ ရှိနေပါတယ်။ ဂျက်စတင်ဘီဘာရဲ့ ဖခင် ဂျရေမီဘီဘာက သားဖြစ်သူရဲ့ ဓာတ်ပုံတစ်ပုံနဲ့အတူ နောက်ထပ်အခန်းသစ်အတွက် စိတ်လှုပ်ရှားနေမိကြောင်း ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။ ဂျက်စတင်ဘီဘာရဲ့ မိခင်ကလည်း ချစ်တယ်လို့ အဓိပ္ပာယ်ရတဲ့ စာသားတွေကို ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဟေးလေးဘော်ဝင်ရဲ့ ဖခင်ဖြစ်သူ မင်းသား စတက်ဖန်ဘော်ဝင်ကလည်း သူ့ရဲ့တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်တို့ရဲ့ ဘဝအတွက် ဆုမွန်ကောင်းတွေ တောင်းဆိုကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီး ဂျက်စတင်ဘီဘာနဲ့ ချစ်သူသက်တမ်းအရှည်ဆုံးလက်တွဲခဲ့သူ ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ကတော့ တစ်စုံတစ်ရာ ခံစားရခြင်းမရှိဘူးလို့ ဆိုခဲ့တယ်လို့ သိရပါတယ်။ ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျက်စတင်ဘီဘာတို့ဟာ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ တစ်ကျော့ပြန်လက်တွဲခဲ့ကြပြီး ယခုနှစ်နှစ်စပိုင်းမှာတော့ ဇာတ်လမ်းတွေ အေးစက်ခဲ့ပါတယ်။ ဒီလို ဆယ်လီနာနဲ့ ဆက်ဆံရေးပြတ်တောက်သွားချိန်မှာ ဂျက်စတင်ဘီဘာက တစ်ချိန်က ချစ်သူဟောင်း ဟေးလေးဘော်ဝင်နဲ့ ပြန်လည်လက်တွဲခဲ့တာဖြစ်ပါတယ်။ လတ်တလော ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်တို့ ပြန်လည်လက်တွဲပြီးနောက် အချိန်တိုအတွင်းမှာပင် စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာချိန်မှာလည်း ဆယ်လီနာဂိုမက်ဇ်က သူ့အနေနဲ့ ဂျက်စတင်ဘီဘာအပေါ် ခံစားချက်တွေ မရှိတော့ကြောင်း၊ သူက ဂျက်စတင်ဘီဘာနဲ့ ဒီတစ်ကြိမ်လမ်းခွဲခဲ့ရာမှာတော့ ခံစားချက်တွေအားလုံးလည်း တစ်ပါတည်း ထားပစ်ခဲ့တာဖြစ်ကြောင်း ဆိုပါတယ်။

ဒါ့အပြင် ဆယ်လီနာဂိုမက်ဇ်နဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားချက်အရ ဂျက်စတင်ဘီဘာဟာ ဟေးလေးဘော်ဝင်နဲ့ ပြန်လည်လက်တွဲချိန်မှာ အများရှေ့မှောက် ပေါ်ထွက်ကာ လူသိရှင်ကြားလုပ်နေရတဲ့အကြောင်းအရင်းမှာ သူ့ကို မနာလိုဖြစ်စေလိုတာကြောင့်သာဖြစ်တယ်လို့ ထင်မိကြောင်းလည်း သိရပါတယ်။ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်တို့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာတဲ့ တနင်္ဂနွေနေ့မှာ ဆယ်လီနာဂိုမက်ဇ်ကတော့ သူငယ်ချင်းတွေနဲ့ အတူရှိနေပါတယ်။ သူတို့တွေ အတူပျော်နေခဲ့တဲ့ ပုံရိပ်တွေကို ဆယ်လီနာဂိုမက်ဇ်ရဲ့ သူငယ်ချင်းတွေက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြထားခဲ့တာကိုလည်း တွေ့ရပါတယ်။

ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်တို့ စေ့စပ်လိုက်တဲ့သတင်းအပေါ် ဂျက်စတင်ဘီဘာဘက်က အရီရန်နာဂရန်းဒ်က ကာကွယ်ပြောကြားခဲ့ပါတယ်။ ပရိသတ်တစ်ဦးက ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်နဲ့ သရုပ်ဆောင်ပီးထ်ဒေးဗစ်ဆန်တို့ ချစ်သူသက်တမ်းအချိန်တိုအတွင်း စေ့စပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားပြီး လက်ရှိမှာတော့ ဂျက်စတင်ဘီဘာကလည်း ဒီလိုမျိုးပြုလုပ်ခဲ့ကြောင်း၊ ဒီလိုအပြုအမူတွေဟာ စိတ်ပျက်စရာဖြစ်ကြောင်း လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ရာ အရီရန်နာဂရန်းက ကြယ်ပွင့်တွေဟာလည်း လူသားတွေဖြစ်တာကြောင့် ချစ်တတ်ကြောင်း ပြန်လည်တုံ့ပြန်ရေးသားခဲ့ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကနေဒါလူမျိုး ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ ၂၁ နှစ်အရွယ် မော်ဒယ်လ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဟေးလေးဘော်ဝင်တို့ဟာ ဆယ်ကျော်သက်အရွယ်မှာပင် စတင်တွေ့ဆုံခင်မင်ခဲ့သူတွေပါ။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ချစ်သူတွေဖြစ်ခဲ့ကြပြီး ၂၀၁၆ ခုနှစ်မှာတော့ လမ်းခွဲခဲ့ပါတယ်။ အဲဒီနောက် ယခုနှစ် ဇွန်လအတွင်း ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ကြပါတယ်။ နယူးယောက်နဲ့ မိုင်ယာမီမှာ အလည်အပတ်ခရီးတွေ အတူထွက်ခဲ့ကြပြီး လတ်တလောမှာတော့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

**အေးပြည့်-ရေးသားသည်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် မှုခင်းစီမံခန့်ခွဲမှု ရှင်းလင်းဆွေးနွေးပွဲတက်ရောက်





**မြစ်ကြီးနား ဇူလိုင် ၉**

ကချင်ပြည်နယ်တရားလွှတ်တော်ကကြီးမှူး၍ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်များ ရှင်းလင်းခြင်းအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက် ပြည်နယ်အစိုးရရုံးဝင်းအတွင်းရှိ ဆမားဒူးဝါး ဆင်ဝါးနောင်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရေးဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တရားရေးမဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၁၅ ခုနှစ် မှစတင်ကာ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အဆိုပါစီမံကိန်းတွင် မဟာဗျူဟာနယ်ပယ် ငါးခု ပိုင်းခြားထားပြီး တရားရုံးတစ်ရုံးချင်းစီ၏ တစ်နှစ်အတွင်း စစ်ဆေးဆုံးဖြတ်ပြီးစီးသည့် အမှုများအား စစ်တမ်းကောက်ယူခြင်း၊ စစ်ဆေးဆဲအမှုများအား စစ်တမ်းကောက်ယူခြင်း၊ တရားရုံးအသုံးပြုသူများ၏ စိတ်ကျေနပ်မှုများအား စစ်တမ်းကောက်ယူခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်နယ်တရားလွှတ်တော် တရားရေးဦးစီးမှူး ဦးတူးမော်က နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်များနှင့် ပြည်နယ်အတွင်း ဩဂုတ် ၁ ရက်မှ စတင်ကာ မြစ်ကြီးနားခရိုင်တရားရုံး၊ မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တရားရုံးတို့တွင် ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက မှုခင်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ သိလိုသည်များကို ပြည်ထောင်စုတရားလွှတ်တော်ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်နှင့် အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း (USAID-PRLP) မှ ဒေါ်ယိမ်းမျှော်တို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး အခမ်းအနားသို့ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တရားစွဲအဖွဲ့အစည်းများ၊ဖိတ်ကြားထားသူများ၊ တရားရေးဝန်ထမ်းများ အင်အား ၈၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

## တိုတိုထွာထွာဖတ်စရာ

### သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရေး ဆောင်ရွက်

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၅)ရပ်ကွက်၌ ဇူလိုင် ၈ ရက် နံနက်ပိုင်းက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်း မရှိသေးသော်လည်း ယမန်နှစ်က ကန့်ဘလူမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၅ ဦးရှိခဲ့ပြီး သေဆုံးသူမရှိကြောင်း ကန့်ဘလူမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင် ၁၀၀ ဆေးရုံအုပ်ဒေါက်တာနေမိုး၏ ပြောပြချက်အရ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

**မိုင်းယောင်း**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးဝင်းအောင်နှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၀ နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ ဇူလိုင် ၉ ရက် နံနက် ၈ နာရီက အမှတ်(၇)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။

**အားချာ(ပြန်/ဆက်)**

### လျှပ်စစ်မီးစတင်ရ၍ အိမ်သုံးမီတာများ တပ်ဆင်ပေး

**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှိမ္မကားစံပြကျေးရွာတွင် အလင်းရောင်စီမံချက်ဖြင့် အိမ်သုံးမီတာအသစ်များ နေ့ချင်းပြီး တပ်ဆင်ပေးခြင်းကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီက ဆောင်ရွက်ပေးခဲ့သည်။

ဝက်လက်မြို့နယ် ရှိမ္မကားစံပြကျေးရွာတွင် အိမ်ထောင်စု ၆၈၀၊ အိမ်ခြေ ၉၄၉ ရှိပြီး ၎င်းကျေးရွာအနေဖြင့် ၂၀၁၅ ခုနှစ် မေလက လျှပ်စစ်မီးစတင်လင်းခဲ့ရာ အိမ်သုံးမီတာအသစ်တပ်ဆင်ခြင်း ယခင် ၂၇၄ လုံး၊ ယနေ့ထိ ၃၂၂ လုံးတပ်ဆင် အသုံးပြုနေပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ သိရသည်။

**ဥမ္မာဝင်း**

### သတင်းစာဆရာအသင်း အမှုဆောင်သစ် ရွေးချယ်

**တောင်ကြီး**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရှမ်းပြည်နယ်)နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်အသစ် ပြန်လည်ရွေးချယ်ပွဲကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းမှ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဝင် သတင်းသမား ၅၇ ဦးတက်ရောက်ခဲ့ကြပြီး ဒေါ်မေမေနီ ဥက္ကဋ္ဌအဖြစ်တာဝန်ယူမည့် အမှုဆောင် ၁၅ ဦးပါဝင်သည့် အဖွဲ့သစ်ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မေသူဇော်**

## မြို့သာ စက်မှုဥယျာဉ်တည်ဆောက်ရေးစီမံကိန်းဧရိယာအတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုး



**မန္တလေး ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မြို့သာ စက်မှုဥယျာဉ်တည်ဆောက်ရေးစီမံကိန်းဧရိယာအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက အဆိုပါစီမံကိန်းဧရိယာအတွင်း ကျင်းပသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက "ဒီလို လွင်တီးခေါင်မှာ စီမံကိန်းဧရိယာအတွင်း ခုလိုစိမ်းလန်းစိုပြည်ဖို့ စုပေါင်းသစ်ပင်စိုက်ပျိုးတာ အကောင်းဆုံးလုပ်ဆောင်မှုပါ" ဟု ပြောသည်။

ဆက်လက်၍ MMID ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က "ဒီဒေသက အရင်ကပူအိုက်ခြောက်သွေ့တဲ့နေရာဖြစ်တယ်။ စီမံကိန်းဧရိယာအတွင်းမှာ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်တွေစိုက်ပျိုးပြီး ဥယျာဉ်တည်ထောင်ဖို့ပါ" ဟုပြောကြားသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ MMID ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် စီမံကိန်းပတ်ဝန်းကျင်မှ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၈၀၀ ကျော်တက်ရောက်စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးရာတွင် ပိတောက်၊ ယူကလစ်၊ တည်ပင်နှင့် စိန်ပန်းအပင်ပေါင်း ၄၀၀၀ ဖြစ်၍ ဇူလိုင်လမိုးရာသီ၌ သစ်ပင်ပေါင်း ၃၀၀၀၀ ခန့်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့စိုက်ပျိုးရာတွင် ရေလုံလောက်မှုရှိနိုင်မည့်နေရာများတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်မျိုးပေါင်း ရှစ်မျိုးမှ အပင်ရေ ၂၄၅၀၀ စိုက်ပျိုးကာ သစ်ပင်စိုက်ပျိုးရေး ဥယျာဉ်တည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စစ်ကိုင်းတိုင်းဒေသကြီးရှိ လယ်ယာမြေများသည် စိမ့်ကိုင်မြေအများစုဖြစ်၍ စိုက်ပျိုးပင်များကို ထိခိုက်နိုင်

**မုံရွာ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီးရှိ လယ်ယာမြေများသည် စိမ့်ကိုင်သောမြေအများစုဖြစ်ပြီး ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ မုံရွာဒေသများတွင် မြေအောက်ရေအသုံးများသည့်အတွက် ဆားဓာတ်များအပေါ်တက်လာကာ စိုက်ပျိုးပင်များထိခိုက်နိုင်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုမာထံမှ သိရသည်။

"တောင်သူတွေအနေနဲ့ ကိုယ့်မြေ ကောင်း၊ မကောင်း စစ်ဆေးတာ ကိုယ့်အတွက်အကျိုးရှိပါတယ်။ ကုန်ကျစရိတ်က ကိုယ်စစ်ချင်တဲ့အပေါ်မူတည်ပြီး ကုန်ကျမှုရှိပေမယ့် ကိုယ်တစ်သက်လုပ်စားမယ့် လယ်ယာမြေကိုတော့ စစ်ဆေးထားသင့်တယ်ဆိုတာ တောင်သူအများစု သိဖို့လိုအပ်နေပါသေးတယ်။ အထွက်လျော့သွားရင် အဖြေရှာဖို့လိုတယ်။ သီးနှံအထွက်တိုးဖို့၊ ဈေးကွက်ဝင်သီးနှံဖြစ်ဖို့ဆိုရင် မြေစစ်တာကို လုပ်ထားဖို့လိုပါတယ်"ဟု ဒေါ်ချိုချိုမာက ရှင်းပြသည်။

တောင်သူများအနေဖြင့် လယ်ယာမြေတွင် လိုအပ်သည့် ဓာတ်များ၊ ပြုပြင်ရမည့်အခြေအနေများကို သိရှိစစ်ဆေးလိုပါက မြေနမူနာများကို မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနသို့ ပေးပို့စစ်ဆေးနိုင်ကြောင်း သိရသည်။

ဓာတ်ခွဲခန်းစစ်ဆေးချက် အဖြေများပေါ်မူတည်၍ မြေယာများတွင်လိုအပ်သည့်ဓာတ်များ ထည့်သွင်းရန်ကိုလည်း တွက်ချက်ပေးနေသလို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးရုံး ဓာတ်ခွဲခန်းအနေဖြင့် မြေချဉ်ငန်ကိန်း PH Level နှင့် နိုက်ထရိုဂျင် ဖော့စ်ဖရက် ဓာတ်ဆားတို့ကို စစ်ဆေးပေးနိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ကျေးရွာနေပြည်သူများ တစ်ပိုင်တစ်နိုင်ဝင်ငွေရရှိရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၉**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရွာသာကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း (SMU) ကော်မတီအနေဖြင့် ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးလုပ်ငန်းစီမံကိန်းများကို ပြည်သူများနှင့်အတူ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဝင်ငွေတိုးတက်ရရှိရေးလုပ်ငန်းစီမံကိန်းအတွက် အစုလိုက် အဝတ်လျှော်ဆပ်ပြာဆီနှင့် ပန်ကန်ဆေးဆပ်ပြာဆီများ ပြုလုပ်ရောင်းချလျက်ရှိသည်။

ကျေးရွာသစ် စီမံကိန်းလုပ်ငန်းစဉ်တစ်ရပ်အဖြစ် တစ်ပိုင်တစ်နိုင်လုပ်ဆောင်ခြင်းဖြစ်သောကြောင့် ဝယ်လိုအားနည်းပါးနေကြောင်း၊ ဝယ်လိုအားပိုမိုကောင်းမွန်လာပါက လုပ်ငန်းထပ်မံတိုးချဲ့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းကော်မတီအနေဖြင့် ဝင်ငွေတိုးရေးအတွက် တစ်ဦးချင်းငွေချေးသူ ၁၆၇ ဦးနှင့် အစုလိုက်အဖွဲ့ ငါးဖွဲ့အား ချေးငွေကျပ် သိန်းငါးရာကျော် ထုတ်ချေးပေးထားကြောင်း၊ ယခင်က အစုလိုက်အဖွဲ့အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြပြီး ယခုအခါ ဆပ်ပြာဆီလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက် လာခြင်းဖြစ်ကြောင်း သိရသည်။



**သန့်မောင်**

# အပြုသဘောဆောင်တဲ့၊ ကောင်းမွန်တဲ့ အကြံပြုမှုတွေ လက်ခံနိုင်ရမယ်

■ မိမိုးအေး (ဘားအံတက္ကသိုလ်)

'အရှင်ဘုရားတို့၊ သံဃာတော်တို့ကို တပည့်တော် ရိုသေစွာဖိတ်ကြားပါတယ်၊ တပည့်တော်ရဲ့အပေါ်မှာ အရှင်ဘုရားတို့ မြင်လို့ပဲဖြစ်ဖြစ်၊ ကြားလို့ပဲဖြစ်ဖြစ်၊ သံသယရှိလို့ပဲဖြစ်ဖြစ် တပည့်တော်ရဲ့အပြစ်တွေကို ထောက်ပြ ဝေဖန်ပေးပါဘုရား၊ တပည့်တော် ပြုပြင်ပါမယ် ဘုရား'

ကျွန်မအပေါ်မှာ ဖော်ပြခဲ့တဲ့ အကြောင်းအရာလေးဟာ ပဝါရဏာပြုတဲ့အခါမှာ ဖိတ်ကြားရတဲ့ ဖိတ်ကြားချက် ဖြစ်ပါတယ်။ ဗုဒ္ဓက သံဃာ့အဖွဲ့အစည်းအတွက် အရေးပါတဲ့ 'ပဝါရဏာ'လို့ဆိုတဲ့ 'ဖိတ်ကြားခြင်း'ပြုဖို့ ဥပဒေတစ်ရပ် ချမှတ်ပေးခဲ့ပါတယ်။ ဒါကို ရဟန်းတွေ သုံးလတာ ဝါဆိုအပြီး ဝါကျွတ်ချိန်မှာ ဆောင်ရွက်ရတာဖြစ်ပါတယ်။

### စည်းမျဉ်းသတ်မှတ်ပေးခဲ့

ပဝါရဏာပြုဖို့ ဥပဒေ ဘာကြောင့် ချမှတ်ခဲ့ရတာကို ကျွန်မနည်းနည်းပြောပြချင်ပါတယ်။ ဗုဒ္ဓလက်ထက်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ မြင်ဖူးရုံလောက်ပဲရှိကြတဲ့ ရဟန်းတွေ အတူတကွ ဝါဆိုကြပါတယ်။ ဒီရဟန်းတွေဟာ အချင်းချင်း မခေါ်မပြောဘဲ နေထိုင်သီတင်းသုံးရင် ငြင်းခုံစရာမရှိဘဲ စည်းလုံးညီညွတ်နိုင်တယ်လို့ ယူဆပြီး စကားမပြောဘဲ နေကြပါတယ်။ ဒါကို ဗုဒ္ဓသိတဲ့အခါမှာ ဒီအမူအကျင့်ဟာ တိရစ္ဆာန်တွေရဲ့အကျင့် ဖြစ်တယ်လို့ အပြစ်တင်ပါတယ်။ ဒီကိစ္စကို အကြောင်းပြုပြီး ပဝါရဏာပြုဖို့ ဗုဒ္ဓက စည်းမျဉ်းသတ်မှတ်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ ဒီလို ဖိတ်ကြားပြီး ဝေဖန်ခိုင်းတဲ့အတွက် တစ်ယောက်နဲ့တစ်ယောက်ကြားမှာ သံသယဖြစ်တာတွေ၊ အထင်လွဲမှားတာတွေ မဖြစ်ပေါ်နိုင်တော့ပါဘူး။ သံဃာ့အဖွဲ့အစည်းကြီးရဲ့ညီညွတ်မှုကို အထောက်အကူ အများကြီး ဖြစ်စေခဲ့ပါတယ်။

ဒီနေရာမှာ ကျွန်မပြောချင်တာက ပဝါရဏာပွဲအကြောင်း မဟုတ်ပါဘူး။ လူနှစ်ယောက်ကြားမှာပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခုအထဲမှာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အဖွဲ့အစည်း နှစ်ခုကြားမှာပဲဖြစ်ဖြစ် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လက်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ အတုယူရမယ့် ဗုဒ္ဓရဲ့ စီမံခန့်ခွဲမှုစနစ်ကို မျှဝေပေးချင်တာပါ။

ဗုဒ္ဓက ရဟန်းတွေအတွက် ပြောခဲ့တာဖြစ်ပေမယ့် ကျွန်မတို့ လူ့အဖွဲ့အစည်းထဲမှာလည်း လိုက်နာကျင့်သုံးလို့ ရပါတယ်။ လူနှစ်ဦးအကြားမှာ သံသယဖြစ်တာတွေ၊ အထင်လွဲတာတွေ၊ အမြင်မှားတာတွေကို ပျက်ပြယ်စေပါတယ်။ ရေရှည်ခိုင်မာစေတဲ့ ဆက်ဆံရေးကို ရရှိစေပါတယ်။ ပိုမိုကောင်းမွန်လာနိုင်တဲ့ အချက်ပဲဖြစ်ပါတယ်။ အပြုသဘောဆန်တဲ့ ကောင်းမွန်တဲ့ ဝေဖန်အကြံပြုမှုကို ကျွန်မတို့ လက်ခံနိုင်ရမှာ ဖြစ်ပါတယ်။ ဒီလို ဝေဖန်အကြံပြုပေးဖို့ကိုလည်း ကျွန်မတို့ ဖိတ်ခေါ်ရမှာ ဖြစ်ပါတယ်။ သာမန်အားဖြင့်တော့ ကျွန်မတို့ ပုထုဇဉ်တွေဟာ ကိုယ့်ကို ဝေဖန်တာကို မနှစ်သက်တတ်ကြပါဘူး။

တကယ်တော့ အဝေဖန်ခံတာဟာ ကိုယ့်ကိုယ်ကိုယ် မှတ်ကျောက်အတင်ခံတာ၊ အစမ်းသပ်ခံတာလို့ ကျွန်မမြင်ပါတယ်။ ကျွန်မတို့ နေ့စဉ် အသက်ရှင်နေထိုင်ဖို့ အလုပ်လုပ်ကြရပါတယ်။ လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ ကိုယ့်ရဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် အကောင်းဆုံးဖြစ်အောင် ကြိုးစားကြရပါတယ်။ ဆောင်ရွက်ကြရပါတယ်။ အမှားအယွင်းနည်းအောင် သတိထားကြရပါတယ်။ ကိုယ့်အယူအဆနဲ့ကိုယ် အကောင်းဆုံးလုပ်ကိုင်ထားပေမယ့်လည်း တစ်ခါတလေမှာ ကိုယ်နဲ့ အယူအဆမတူရင် ကျွန်မတို့ ဝေဖန်ခံရတတ်ပါတယ်။ ဝေဖန်ချက်ဟာ အပြုသဘောဆောင်တယ်၊ ကိုယ်လည်း ပြုပြင်လိုက်မယ်ဆိုရင် အကျိုးရှိမှာပဲဖြစ်ပါတယ်။ တိုက်ခိုက်တာမဟုတ်တဲ့ ဝေဖန်မှုကို ကျွန်မတို့ ကျေးဇူးတင်စွာနဲ့ လက်ခံဖို့ လိုအပ်ပါတယ်။

တကယ်လို့ ဝေဖန်ချက်ဟာ အပျက်သဘောဆောင်ပြီး ကိုယ့်ကို တိုက်ခိုက်တာမျိုးဖြစ်ခဲ့မယ်ဆိုရင်လည်း လွယ်ပါတယ်၊ 'နတ္ထိ လောကေ အနိန္ဒိတော' တဲ့။ အဓိပ္ပာယ်ကတော့ လောကမှာ ကဲ့ရဲ့ပြစ်တင်ခြင်းကနေ လွတ်တဲ့သူ မရှိပါဘူးတဲ့။ ဗုဒ္ဓက ဒီလိုဆုံးမခဲ့တာပါ။ ဗုဒ္ဓလည်းပဲ ကဲ့ရဲ့ခံရတာကနေ မလွတ်ခဲ့ပါဘူး။ လောကမှာ ကဲ့ရဲ့ခံခြင်းကနေ ဘယ်သူမှ မလွတ်တာကြောင့် ကျွန်မတို့ တိုက်ခိုက်မှုတွေနဲ့ ကြုံခဲ့ရင်လည်း ပြန်ပြီး မတုံ့ပြန်ဘဲ သည်းခံဖို့ လိုပါတယ်။ အဲဒီလိုမဟုတ်ဘဲ အပြန်အလှန် အငြင်းပွား ပြောဆိုနေမယ်ဆိုရင် ပဋိပက္ခတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ သည်းခံတာကလည်း ဗုဒ္ဓရဲ့ဆန္ဒပဲ မဟုတ်ပါလားရှင်။

### အကောင်းဆုံးဆောင်ရွက်

ကျွန်မတို့အတွက် အကျိုးရှိမယ့် ဝေဖန်မှုကို ကျွန်မတို့ ကြိုဆိုရပါမယ်။ ဖြစ်နိုင်ရင် ကိုယ့်ကို ဝေဖန်ထောက်ပြပေးဖို့ ကျွန်မတို့ ဖိတ်ခေါ်ရပါမယ်။ ကျွန်မတို့ရဲ့ လိုအပ်ချက်၊ လစ်ဟာချက်တွေကို ပြုပြင်ရမှာဖြစ်ပါတယ်။ တိုက်ခိုက်မှုဖြစ်မယ်ဆိုလည်း ဗုဒ္ဓဆုံးမထားသလို 'အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိ - မိမိရဲ့ကောင်းမှု မကောင်းမှု ပြု၊ မပြုကိုပဲ ဆင်ခြင်ရမယ်' ဆိုတဲ့အတိုင်း တိုက်ခိုက်မှုတွေကို မတုံ့ပြန်ဘဲ ကိုယ့်ရဲ့လုပ်ရပ်ကိုသာ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ဖို့ လိုပါတယ်။

လူဆိုတာ အမှားနဲ့ မကင်းတာဖြစ်တဲ့အတွက် ကျွန်မတို့ အမှားတွေ ကြုံစည်မိနိုင်ပါတယ်။ ပြောဆိုမိနိုင်ပါတယ်။ လုပ်ကိုင်မိနိုင်ပါတယ်။ ဒါကို ဝေဖန်ထောက်ပြပေးမယ်ဆိုရင် ကျွန်မတို့ လက်ခံပြုပြင်ရပါမယ်။ မိဘနဲ့ သားသမီး၊ လူကြီးနဲ့လူငယ်၊ ဆရာနဲ့တပည့်၊ မိတ်ဆွေနှစ်ဦးကြားစတဲ့ နှစ်ဦးနှစ်ဖက်အကြားမှာ သံသယတွေ၊ အထင်မှားတာတွေ ဖြစ်ပေါ်တတ်ပါတယ်။ အဲဒီလို အခါမျိုးမှာ ကိုယ့်ကို ဝေဖန်ပေးဖို့အတွက် ဖိတ်ကြားပါဆိုတဲ့ ဗုဒ္ဓရဲ့ အဆုံးအမလေးဟာ တကယ်ပဲ လက်တွေ့ကျလှပါတယ်။ ကိုယ့်ရဲ့အမှားကို ဝေဖန်ထောက်ပြလိုက်တဲ့အတွက် ပြုပြင်လို့ရသွားတယ်။ နှစ်ဦးကြားမှာရှိတဲ့ သံသယတွေ၊ အထင်မှားတာတွေ မရှိတော့ပါဘူး။ ဝေဖန်အကြံပြုပေးတာကို ပြုပြင်မယ်ဆိုတဲ့ ခံယူချက်မရှိဘူးဆိုရင် သံသယတွေ၊ အမုန်းတရားတွေ ဖြစ်ပေါ်လာမှာပဲ ဖြစ်ပါတယ်။

နေရာဌာနတစ်ခုရဲ့ အကြီးအကဲနဲ့ အောက်လက်ငယ်သား၊ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံရသူ၊ ပြည်သူနဲ့အစိုးရဆိုတဲ့ နှစ်ဖက်ကြားမှာလည်း ဝေဖန်တာတွေ၊ အကြံပေးတာတွေရှိနိုင်ပါတယ်။ အဲဒီအခါမှာ ဗုဒ္ဓရဲ့သဘောထားအတိုင်း အပြုသဘောဆောင်တဲ့ ဝေဖန်အကြံပြုတာတွေကို ကြိုဆိုလက်ခံပေးပြီး ပြုပြင်ဆောင်ရွက်ပေးဖို့ လိုပါမယ်။ ဒီလိုပဲ ကိုယ့်အတွက်လည်း အကျိုးရှိအောင် မနေထိုင်၊ အများအတွက်လည်း အကျိုးရှိတာ မလုပ်တဲ့ ဘေးထိုင်ဘုပြောသမားတွေ၊ လှို့ကန့်လန့်တွေရဲ့ အပြစ်တင် တိုက်ခိုက်နေတာတွေကိုတော့ ကျွန်မတို့ အရေးတယူလုပ်နေစရာ မလိုပါဘူး။ အချိန်ကုန်ခံပြီးလည်း ဖြေရှင်းပေးစရာမလိုပါဘူး။ ကျွန်မတို့ လုပ်သင့်တာကို ဆက်ပြီး အကောင်းဆုံးဖြစ်အောင် ဆက်ပြီး လုပ်ကိုင်သွားရုံပဲရှိပါတယ်။

> ❛ ကျွန်မတို့ဟာ ကိုယ့်အပြစ်ကို ဝေဖန်အကြံပေးဖို့ ဖိတ်ရဲတဲ့ သတ္တိရှိဖို့ လိုအပ်သလို အပြစ်ကို ထောက်ပြဝေဖန်ခဲ့ရင်လည်း လိုက်နာပြုပြင်ရဲတဲ့ သတ္တိရှိရမှာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး ငြိမ်းချမ်းဖို့၊ သာယာဖို့၊ လှပဖို့အတွက် ကျွန်မတို့ ဖိတ်ခေါ်ကြပါ။ ဝေဖန်အကြံပြုမှု ခံယူကြပါ။ လိုအပ်ချက်တွေ ပြုပြင်စရာတွေကို ကျွန်မတို့ ပြုပြင်ဆောင်ရွက်လိုက်မယ်ဆိုရင် သံသယနဲ့ အမုန်းတရားတွေ၊ အထင်လွဲမှုနဲ့ အမြင်မှားမှုတွေ မရှိနိုင်တော့ပါဘူး။ ဗုဒ္ဓရဲ့ ငြိမ်းချမ်းစွာ အတူလက်တွဲ နေထိုင်ရေးမှုကို ဖော်ဆောင်ရာလည်း ရောက်မှာဖြစ်ပါတယ်။ ❜

### ဝေဖန်အကြံပြုမှုခံယူ

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက စပြီးထူထောင်ခဲ့တဲ့ ဗုဒ္ဓရဲ့ သံဃာ့အဖွဲ့အစည်း ဒီနေ့အထိ တည်ရှိနေတာဟာ ဒီအချက်ကြောင့်လည်း ဖြစ်တယ်ဆိုတာ ကျွန်မတို့ အတိအကျပြောနိုင်ပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ ကိုယ့်အပြစ်ကို ဝေဖန်အကြံပေးဖို့ ဖိတ်ရဲတဲ့ သတ္တိရှိဖို့ လိုအပ်သလို အပြစ်ကို ထောက်ပြဝေဖန်ခဲ့ရင်လည်း လိုက်နာပြုပြင်ရဲတဲ့ သတ္တိရှိရမှာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းကြီး တစ်ခုလုံး ငြိမ်းချမ်းဖို့၊ သာယာဖို့၊ လှပဖို့အတွက် ကျွန်မတို့ ဖိတ်ခေါ်ကြပါ။ ဝေဖန်အကြံပြုမှု ခံယူကြပါ။ လိုအပ်ချက်တွေ ပြုပြင်စရာတွေကို ကျွန်မတို့ ပြုပြင်ဆောင်ရွက်လိုက်မယ်ဆိုရင် သံသယနဲ့ အမုန်းတရားတွေ၊ အထင်လွဲမှုနဲ့ အမြင်မှားမှုတွေ မရှိနိုင်တော့ပါဘူး။ ဗုဒ္ဓရဲ့ ငြိမ်းချမ်းစွာ အတူလက်တွဲ နေထိုင်ရေးမှုကို ဖော်ဆောင်ရာလည်းရောက်မှာ ဖြစ်ပါတယ်ရှင်။

ဟုတ်ကဲ့။ ကျွန်မ ဖိတ်ခေါ်ပါတယ်။ ဝေဖန်အကြံပြုပေးပါ။ ပြုပြင်ပါမယ်ရှင်။ ။

## အာရှလမ်း တောင်ကမ်းပါးယံမြေသားများပြိုကျ၍လမ်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်

**ကော့ကရိတ် ဇူလိုင် ၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ယမန်နေ့က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် အာရှလမ်းမကြီး နတ်စင်ကွေ့ ၁၅၄ ကီလိုမီတာ နှင့် ၁၅၅ အကြားတွင် ညပိုင်းက မြေသားများ အနည်းငယ်ပြိုကျခဲ့ပြီး ဇူလိုင် ၉ ရက် နံနက် ၅ နာရီ မိနစ် ၄၀ က တောင်ကမ်းပါးယံမှ မြေသားများထုထည်ကြီးမားစွာ ပြိုကျခဲ့သဖြင့် လမ်းပိတ်ဆို့မှုဖြစ်ကာ ယာဉ်သွားလာမှု ယာယီပိတ်ထားရပြီး ယာဉ်လမ်းကြောအမြန်ပွင့်စေရေးနှင့် ယာဉ်အန္တရာယ်မဖြစ်စေရေး နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လမ်းတံတားအဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့များ၊ ယာဉ်မောင်းများ အားလုံးပူးပေါင်းကာ ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



တောင်မြေသားများ ပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုများကို တာဝန်ရှိသူများက အနီးကပ်ကြပ်မတ်ကာ လူအင်အား၊ စက်အင်အားတို့ဖြင့် ယာဉ်ကြောအမြန်ပွင့်ပြီး လမ်းပိတ်ဆို့မှုမဖြစ်စေရေးနှင့် ယာဉ်အန္တရာယ်မဖြစ်စေရေး ဆက်လက်ရှင်းလင်းဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က ယာဉ်ငယ်များနှင့် ဆိုင်ကယ်များအား လမ်းကြောတစ်ဖက်ဖွင့်၍ တာဝန်ရှိသူများက စနစ်တကျ စေလွှတ်ပေးလျက်ရှိကြောင်း သိရပြီး မြေသားများ ရှင်းလင်းခြင်းကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ဓာတ်ပုံ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

**ကော့သောင်း ဇူလိုင် ၉**

(၇၁) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းက ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေဇင်ဦးက အာဇာနည်နေ့ဖြစ်ပေါ်လာပုံကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြသထားသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ ကိုယ်ရေးအကျဉ်း၊ အာဇာနည်နေ့နှင့်ပတ်သက်သည့် စာအုပ်စာစောင်များ၊ မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင်များ ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

စာပေမြင့်မှ လူမျိုးတင့်မည်

# ကိုယ်ပိုင်အတွေးအခေါ်နဲ့ ပင်ကိုစွမ်းရည်မြင့်မားစွာ ဖြေဆိုနိုင်စေရန် သင်တန်းဖွင့်

**မုံရွာ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မုံရွာ-ယင်းမာပင်-ခန္တီးခရိုင်များရှိ အထက်တန်းပြ ဆရာ ဆရာမများအတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲမေးခွန်းပုံစံသစ် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဆွေးနွေးပွဲများ ဖွင့်ပွဲကို မုံရွာတက္ကသိုလ်ဘက်စုံခန်းမ၌ ဇူလိုင် ၇ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

"တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းပုံစံသစ်များကို ဘာသာရပ် ဆရာ ဆရာမတွေ ကိုယ်တိုင်နားလည်သဘောပေါက်စေဖို့ ပြန်လည်သင်ကြားပေးတာဖြစ်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေဟာ မိမိတို့ရဲ့ ကိုယ် ပိုင်အတွေးအခေါ်နဲ့ ပင်ကိုစွမ်းရည်မြင့်မားစွာ ဖြေဆိုနိုင်ကြစေဖို့ သင်တန်းဖွင့်ရတာဖြစ်ပါတယ်။ ပြောင်းလဲလိုက်တဲ့ မေးခွန်းပုံစံအသစ်ကို ကျောင်းသား ကျောင်းသူတွေကို ပြန်လည်သင်ကြားမယ့် ဆရာ ဆရာမတွေက နားလည်တတ်ကျွမ်းမှသာ ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေ ဖြေဆိုနိုင်မှာဖြစ်ပြီး အောင်ချက်ရာခိုင်နှုန်းပြည့်မီကာ ထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေ ပေါ်ထွန်းလာမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်ကြည်က ပြောကြားသည်။

မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသူရဦးက အမှာစကားပြောကြားကာ တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက မေးခွန်းပုံစံသစ်နှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြီး မုံရွာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ စိန်စိန်အောင်က ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည်များကို ရှင်းပြသည်။

"စစ်ကိုင်းခရိုင်မှာ ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ စစ်ကိုင်းတက္ကသိုလ်၊ ရွှေဘိုခရိုင်နဲ့ ကသာခရိုင်က အထက်တန်းပြ ဆရာ၊ ဆရာမတွေကို ဇွန် ၃၀ ရက်က၊ ရွှေဘိုတက္ကသိုလ်၊ ကလေးခရိုင်နဲ့ မော်လိုက်ခရိုင်က အထက်တန်းပြ ဆရာ၊ ဆရာမတွေကို ဇွန် ၁၄ ရက်နဲ့ ၁၅ ရက်တို့က၊ ကလေးတက္ကသိုလ်၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်နဲ့ ခန္တီးခရိုင်တို့က အထက်တန်းပြ ဆရာ၊ ဆရာမတွေကို ဇူလိုင် ၇ ရက်မှနေ ၉ ရက်အထိ မုံရွာတက္ကသိုလ်တို့မှာ ဘာသာရပ်အလိုက် သင်ကြားပို့ချဆွေးနွေးပေးနေတာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံး တာဝန်ရှိသူက ရှင်းပြသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းပုံစံသစ် ဘာသာရပ်စွမ်းရည်မြှင့် သင်တန်းနှင့် ဆွေးနွေးပွဲများကို မုံရွာတက္ကသိုလ် စာစစ်မှူးများက ဘာသာရပ် ကိုးမျိုးကို ဘာသာရပ်အလိုက် မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်နှင့် ခန္တီးခရိုင်တို့မှ အထက်တန်းပြ ဆရာ ၄၄၅ ဦးနှင့် ဆရာမ ၁၁၈၄ ဦး စုစုပေါင်း ၁၆၂၉ ဦးတို့ကို ဇူလိုင် ၇ ရက်မှ ၉ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# တက္ကသိုလ်ဝင်တန်း မေးခွန်းပုံစံသစ် ဘာသာရပ်များဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်

**စစ်တွေ ဇူလိုင် ၉**

ရခိုင်ပြည်နယ်အဆင့် ၂၀၁၈ -၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းမေးခွန်းပုံစံသစ်အရ ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စစ်တွေတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်၊ ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်တို့က တက္ကသိုလ်ဝင်တန်းမေးခွန်းပုံစံသစ်အရ ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

"အခုသင်တန်းကို ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ အဆင့်မြင့်ပညာဦးစီးဌာနနဲ့ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး အခြေခံပညာ ဆရာ ဆရာမတွေကို ဦးစွာပို့ချဆွေးနွေးတာဖြစ်ပါတယ်။ ပထမအဆင့် သိထားပြီးမှ ကလေးတွေကို ထပ်ဆင့် ပို့ချရှင်းလင်းရမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးက ဘာသာရပ်တစ်ခုစီက ကျွမ်းကျင်တဲ့ ဆရာ ဆရာမ ငါးဦးကိုခေါ်ယူကာ တစ်မြို့နယ်ကို ဘာသာရပ်အစုံ ဆရာ ဆရာမ ၃၉ ဦး ခေါ်ပါတယ်။ ရခိုင်ပြည်နယ်ရှိ ၁၇ မြို့နယ် အပြင် ပလက်ဝမြို့နယ်မှ ဆရာ ဆရာမတွေလည်း ပါတယ်။ စစ်တွေတက္ကသိုလ်က သက်ဆိုင်ရာ ပါမောက္ခတွေက မေးခွန်းပုံစံသစ်တွေကို ရှင်းလင်းပြီး ဆရာ ဆရာမတွေအနေနဲ့ မေးခွန်းပုံစံသစ်တွေကို အသေးစိတ်သိရှိသွားပါက မြို့နယ်အဆင့် ဆရာ ဆရာမတွေကို ထပ်ဆင့်သင်ကြားပြီး ကလေးတွေအတွက် မေးခွန်းပုံစံသစ်ကို ပိုမိုသိရှိ နားလည်ကျွမ်းကျင်သွားမှာပါ" ဟု ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်က ပြောကြားသည်။

အဆိုပါသင်တန်းကို ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာချမ်းသာ၊ စစ်တွေတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်၊ ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်၊ စစ်တွေတက္ကသိုလ် ပါမောက္ခ/ဌာနမှူးများ၊ အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### အာဇာနည်နေ့အထိမ်းအမှတ်ပန်းချီပြိုင်ပွဲကျင်းပ

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုဗဟိုပြုဌာန၌ (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တွဲလက်များ ပရဟိတအဖွဲ့နှင့် စာပေချစ်သူများအဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူ ၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ဝင်းမြင့် (နတ်တလင်း)**

### အရန်မီးသတ် လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**သထုံ**

သထုံခရိုင် မီးသတ်ဦးစီးဌာနကဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၉ နံနက် ၈ နာရီခွဲက မွန်ပြည်နယ် သထုံမြို့ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ တက်ရောက်သည့် ရပ်ကွက်နှင့် ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့အား မီးငြိမ်းသတ်လေ့ကျင့်ရေးဆိုင်ရာသင်ခန်းစာများကို လေးပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ဇော်ဗိုလ်**

### အရန်မီးသတ်တပ်ဖွဲ့များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

**ကျိုက်မရော**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့များ လေ့ကျင့်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲကို ဇူလိုင် ၉ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရွှေဟသ်ာ) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်က ယခုသင်တန်းသည် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် အထူးလေ့ကျင့်သင်ကြားပေးမည့် သင်တန်းဖြစ်သည့်အတွက် ကြိုးစားလေ့ကျင့်သင်ယူကြရန်မှာကြားသည်။ သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**မယ်စဲ့**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

မယ်စဲ့မြို့ မြောက်ပိုင်းရပ်ကွက်နှင့် တောင်ပိုင်းရပ်ကွက်ရှိ ရုံးများ၊ နေအိမ်များရှိ ရေတွင်း၊ ရေကန်၊ ရေစည်၊ ရေအိုးများ၊ ကားတာယာအဟောင်း၊ဘုရားပန်းအိုးနှင့် ပုံးခွံအလွတ်တို့တွင် ပိုးလောက်လမ်း ရှိ-မရှိ စစ်ဆေးခြင်း၊ ဖုံး၊သွန်၊လဲ၊ စစ်ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်း အကြောင်းရင်းများကို ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## စကားဝိုင်းလေးတွေက...

စာမျက်နှာ ၁၅မှ

မေးခွန်းမေးတဲ့နေရာမှာ မေးမြန်းပုံက သုံးလေးမျိုးလောက် ရှိတယ်။ တချို့က မသိတဲ့ဟာကို သိချင်လို့၊ နားမလည်တဲ့ဟာကို နားလည်ချင်လို့မေးတယ်။ တချို့ကတော့ ကိုယ်သိကြောင်းတတ်ကြောင်း ပြချင်လို့၊ ကိုယ်သိတဲ့ဟာကို တစ်ဖက်က သေသေချာချာ တတ်သိနားလည်ရဲ့လားဆိုတာကို စူးစမ်းချင်လို့မေးတယ်။ တချို့ကျတော့လည်း ဒီမေးခွန်းတစ်ခုအတွက် အမေးရောအဖြေပါ ရှိနေပါလျက်နဲ့ တစ်ဖက်လူကို ချောက်ချလိုတဲ့အတွက် မေးတာမျိုးရှိတယ်။ တစ်ဖက်သတ်ချောင်ပိတ်ပြီး မေးတာမျိုးတော့ ရှောင်ကြဖို့လိုပါလိမ့်မယ်။ ဒီနေရာလေးရဲ့ ရည်ရွယ်ချက်က တစ်ဖက်ကို အရှုက်ခွဲဖို့မဟုတ်ဘူး။ အပုပ်ချဖို့မဟုတ်ဘူး။ ပြဿနာတွေရှိနေ ရင် အကောင်းဆုံးဖြစ်အောင် ဘယ်လိုပုံ ဘယ်လိုနည်းနဲ့ ဖြေရှင်းကြမလဲဆိုတဲ့အဖြေကို အေးအေးဆေးဆေးရှာဖွေကြဖို့သာဖြစ်တယ်။ အပြန်အလှန် ငြင်းကြခုံကြရတဲ့ စကားရည်လုပွဲမျိုးလည်းမဟုတ်ပါဘူး။

တာဝန်ရှိသူတွေအနေနဲ့လည်း စကားဝိုင်းကို အလေးထားသင့်တယ်။ ဌာနဆိုင်ရာဆိုလည်း ဌာနဆိုင်ရာ အကြီးအကဲကိုယ်တိုင် ပါဝင်ဆွေးနွေးသင့်တယ်။ ကိုယ်စားတွေ၊ လက်ထောက်တွေ မထည့်သင့်ဘူး။ ဘာကြောင့်လဲဆိုတော့ စကားဝိုင်းမှာက ရုတ်တရက်မေးရဖြေရတာဆိုတော့ အတိမ်းအစောင်းမရှိသင့်ဘူး။ ပိုင်ပိုင်နိုင်နိုင်၊ ကျကျနန ဖြေတတ်ရှင်းတတ်တဲ့သူမျိုးနဲ့မှ အဆင်ပြေမယ်။ ဘာမှ မပြောတတ်မဆိုတတ် ဖြစ်နေတာမျိုး၊ တစ်ခုခုဆိုတာနဲ့ ရုံးကျရင်ပြန်တင်ပြလိုက်ပါဦးမယ်ဆိုတာမျိုးချည်း လုပ်နေလို့မရဘူး။ ဒီတစ်ထိုင်တည်းအတွင်းမှာကိုပဲ တတ်နိုင်သမျှ ပြန်လည်ဖြေရှင်းပေးလိုက်သင့်တယ်။ တစ်ထိုင်တည်းရှင်းလို့ မရနိုင်တဲ့ကိစ္စမျိုးတွေကျတော့လည်း ဘယ်နေ့ဘယ်အချိန်လောက်အတွင်းမှာ ဘယ်ပုံဘယ်နည်းမျိုးနဲ့ ချဉ်းကပ်ဖြေရှင်းပေးပါ့မယ်ဆိုတာမျိုး ပြန်လည်ဆွေးနွေးနိုင်တဲ့သူဖြစ်ရမယ်။ အဓိကအားဖြင့်ကတော့ တာဝန်အရှိဆုံး အကြီးအကဲတွေကိုယ်တိုင် ပါဝင်ဆွေးနွေးဖို့လိုအပ်တယ်လို့ ယူဆပါတယ်။

တချို့ကျတော့လည်း တာဝန်ရှိသူတော့ လာပါရဲ့။ ပြည်သူက သူ့အခက်အခဲလေး တင်ပြမိပါတယ်။ သူကလည်း သူ့အခက်အခဲတွေကိုချည်း တသီတတန်းကြီး ဖွဲ့နွဲ့ပြောဆိုနေတယ်။ ဟိုက အခက်အခဲကို ဘယ်လိုပုံ ဘယ်လိုနည်းနဲ့ဖြေရှင်းပေးမယ်ဆိုတဲ့ဟာမျိုးကို မပြောဘူး။ ဝေ့ဝိုက်နေတယ်။ ဆင်ဝှေ့ရန်ရှောင်၊ ထမင်းရည်ပူလျှာလွှဲလုပ်နေတယ်။ ဒီလိုမျိုးနဲ့တော့လည်း မလှည့်စားသင့်ဘူး။ ဒီနေရာမှာကျတော့ စကားဝိုင်းကို ထိန်းပေးတဲ့သူ လိုလာတယ်။ လိုရင်းကိုရောက်အောင်ဖြေဖို့ ဝင်ပြောပေးနိုင်မယ့်သူ လိုလာတယ်။

ဘာပဲဖြစ်ဖြစ် အရင်ကလို မတွေ့ကြမဆုံကြရတာထက်စာရင်တော့ ဒီစကားဝိုင်းလေးတွေက အပေါင်းလက္ခဏာတွေ အများကြီးထွက်ပါတယ်။ ပြောခွင့်ဆိုခွင့်ရသွားတယ်။ ပြန်လည် ဆွေးနွေးခွင့်တွေရသွားတယ်။ အပြန်အလှန် အမြင်ချင်းဖလှယ်ရာကတစ်ဆင့် တစ်ဖက်နဲ့တစ်ဖက်ကြားမှာရှိတဲ့ သံသယတွေ ပါးလျားသွားတယ်။

ဟုတ်တယ်။ ဘယ်ပြဿနာဖြစ်ဖြစ် နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆွေးနွေးတိုင်ပင်လိုက်မှကို အဆင်ပြေသွားနိုင်တာ။ ဒီလိုမဟုတ်ဘဲ ဒီတစ်ဖက်ကလည်း ဟိုဘက်ကို အပြစ်ဆို၊ ဟိုဘက်ကလည်း ဒီတစ်ဖက်ကို စောင်းမြောင်းပြောဆိုနေကြရင်တော့ ပြဿနာက မီးခိုးမဆုံး မိုးမဆုံးဖြစ်သွားကြမှာ။ တွေ့တွေ့ဆိုင်ဆိုင် ဆွေးနွေးလိုက်တော့မှ အဖြေက သိပ်မဝေးဘူးဆိုတာကို နားလည်သွားကြရတာ။

ဟိုတစ်ချိန်တုန်းဆီကတော့ ကိုယ့်ပြည်သူက ကိုယ့်ရဲ့နယ်မြေက ဌာနဆိုင်ရာအကြီးအကဲတစ်ယောက်ကို တွေ့ချင်မြင်ချင်ပြောချင်ဆိုချင်တာတောင်မှ တွေ့ခွင့်ဆုံခွင့်မရကြဘူး။ မအားဘူးလို့ အကြောင်းပြန်တယ်။ အလုပ်ရှုပ်နေတယ်လို့ တုံ့ပြန်လိုက်တယ်။ ပြောချင်တဲ့ဟာကို စာနဲ့သာ ရေးတင်သွားလို့အကြောင်းပြန်တယ်။ စာဆိုတာကလည်း စကားလိုမဟုတ်တော့ စီကာပတ်ကုံးရေးတတ်တဲ့သူရှိတယ်၊ မရေးတတ်တဲ့သူရှိတယ်။ လိုရင်းရောက်အောင် ရေးနိုင်တဲ့သူရှိတယ်၊ မရေးနိုင်တဲ့သူရှိတယ်။ တချို့စာတွေက ဆုံးအောင်သာ ဖတ်လိုက်ရတယ်၊ ဘာပြောချင်မှန်း မသိဘူး။ ဘာကိုဆိုလိုမှန်းကိုမသိဘူး။ ဒါပေမယ့် ရေးတော့ ရေးလိုက်တာပဲ။ ဖတ်တော့ ဖတ်နေကြရတာပဲ။ တချို့ကလည်း ရောက်လာတဲ့စာကို အလေးအနက်မထားဘူး။ စာရောက်လာပြန်တော့ ချောင်ထိုးထားလိုက်တာမျိုး၊ ဖိုင်တွဲထားလိုက်တာမျိုးရှိတယ်။ လူကိုမြင်နေရပါလျက်နဲ့ အလုပ်ရှုပ်နေတယ်၊ အချိန်မရဘူးဆိုလို့ ပြန်လှည့်သွားရတယ်။

အားလုံးကိုတော့ အချိန်ယူတွေ့ဆုံဖို့အခက်အခဲရှိမှာပေါ့။ အလုပ်ကိစ္စတွေကြားထဲမှာ မအားမလပ်ဘူးဆိုတာလည်း အထိုက်အလျောက်တော့ မှန်နေတာဖြစ်တဲ့အတွက် လူတစ်ယောက်ချင်းစီကိုတော့ စိတ်တိုင်းကျ အချိန်ပေးလက်ခံတွေ့ဆုံနိုင်ဖို့ အခက်အခဲရှိမှာပေါ့။ ဘာပဲဖြစ်ဖြစ် တတ်နိုင်သမျှကတော့ ကိုယ့်ဆီလာတဲ့သူကို အိမ်ရှင်ပီပီ လက်ခံတွေ့ဆုံပြီးတော့ ပြန်လည်ပြောဆိုဆွေးနွေးရင်းနဲ့ သူ့ပြဿနာကို အကောင်းဆုံး ဖြေရှင်းပေးကြရမှာကတော့ တာဝန်ရှိသူတိုင်း ဆောင်ရွက်သင့်တဲ့ကိစ္စလေးပါ။

တာဝန်ယူရတဲ့အပိုင်းတွေ များခြင်းနည်းခြင်းအပေါ်မှာမူတည်ပြီးတော့ တွေ့ဆုံဆွေးနွေးချိန် ပေးနိုင်ခြင်း မပေးနိုင်ခြင်းတွေက ရှိနေနိုင်ပြန်တယ်။ ဒါပေမယ့် စကားဝိုင်းဆိုတာကတော့ ဒီလိုပြောရဆိုရဆွေးနွေးရမယ်ဆိုတာကိုက တာဝန်တစ်ရပ်ဖြစ်သွားတယ်။ ဒီတာဝန်ကို ရှောင်လို့မရတော့ဘူး။ ရှောင်ဖို့လည်းမသင့်တော့ဘူး။

တစ်နေရာတည်းမှာစုပြီး တွေ့ကြဆုံကြတာဖြစ်တဲ့အတွက် တစ်ယောက်ချင်းစီတွေ့နေရတာနဲ့စာရင် အချိန်ကုန်လည်း သက်သာသွားတယ်ကိုယ်သိချင်တာကို သူများက မေးလိုက်တာနဲ့ကြုံရရင်လည်း အလိုလိုနားလည်ခွင့်ရသွားတယ်။ ကိုယ်ကိုယ်တိုင်လည်း ပြောရေးဆိုခွင့်ရသွားတယ်။ တစ်ဖက်ကလည်း ပြန်လည်ဆွေးနွေးခွင့်ရသွားတယ်။ ဒီ့ထက်ကောင်းတာ ဘာရှိဦးမလဲ။ ဒီလို စကားဝိုင်းတွေ ခပ်စိပ်စိပ်ကျင်းပနိုင်ဖို့ လိုတယ်။ အရှိန်မပျက် ဆက်လက်သယ်ဆောင်သွားနိုင်ဖို့လည်း လိုပါတယ်။ စကားဝိုင်းလေးတွေလည်း ဆက်လက်ရှင်သန်နိုင်ပါစေ။ စကားဝိုင်းလေးတွေကတစ်ဆင့် အပြန်အလှန်နားလည်ယုံကြည်မှု တွေရပြီး တစ်စိတ်တစ်ဝမ်း တစ်လက်ညီနဲ့ ပြည်ရေးကိုပြိုင်တူချီနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

## ဆင်ဘိုမြို့၌ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်

**ဆင်ဘို ဇူလိုင် ၉**

ကချင်ပြည်နယ် ဆင်ဘိုမြို့ ညောင်ပင်သာကျေးရွာတွင် ဇူလိုင် ၈ ရက် နံနက် ၁၁ နာရီက ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် ကျေးလက်ဆေးခန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပြီး အာရ်စီတစ်ထပ် အမျိုးအစားဖြစ်ပြီး တန်ဖိုးငွေကျပ် ၆၅၀ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးကြီးကြပ်-၁ ဦးမင်းမင်းစိုးက ကျန်းမာရေးဆေးပေးခန်းရှိခြင်းအားဖြင့် ပတ်ဝန်းကျင်ရွာများမှ နာမကျန်းဖြစ်နေသူများနှင့် ကိုယ်ဝန်ဆောင်များကိုလည်း မီးဖွားရန်အတွက် မွေးခန်းပါရှိနေသောကြောင့် အလွယ်တကူအချိန်တိုအတွင်း ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဆင်ဘိုမြို့ရှိ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ကျေးရွာနေပြည်သူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ အင်အား ၁၀၀ ကျော်ခန့် တက်ရောက်လာကြကြောင်း သိရသည်။

ညောင်ပင်သာကျေးရွာသည် မြစ်ကြီးနားမြို့မှ ရေမိုင် ၇၀၊ ဆင်ဘိုမြို့မှ ရေမိုင် ၁၅ မိုင်ခန့် ကွာဝေးသော ရွာကြီးတစ်ရွာဖြစ်ပြီး ရှမ်းနီ လူမျိုးအများဆုံး နေထိုင်ကြသည်။ ယခုရွာ၏ အရှေ့ဘက်တွင် ကျောက်ဖြူတောင်၊ အနောက်ဘက်တွင် ဧရာဝတီမြစ်၊ တာဟိုးနားကျေးရွာ၊ ဝိုင်လုံကျေးရွာ၊ တောင်ဘက်တွင် ငှက်ပျောတောရွာများဖြင့် ဝန်းရံထားပြီး ကျေးရွာတစ်ရွာနှင့် တစ်ရွာသို့ သွားလာရာတွင်လည်း ရေကြောင်းတစ်ခုတည်းဖြင့်သာ သွားလာရသော ကျေးရွာဖြစ်သည်။

ညောင်ပင်သာကျေးရွာသည် အိမ်ခြေ ၁၆၈ အိမ်၊ အိမ်ထောင်စု ၁၈၄ စု၊ လူဦးရေအားဖြင့် ၈၅၇ ဦးရှိပြီး ကျေးရွာအုပ်စုအရ အိမ်ခြေ ၃၁၆ အိမ်၊ အိမ်ထောင်စု ၃၃၂ စု၊ လူဦးရေ ၁၅၈၆ ဦးရှိကြောင်း သိရသည်။

**ဆင်ဘို(ပြန်/ဆက်)**

## မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှင်းလင်း

**ဘားအံ ဇူလိုင် ၉**

ကရင်ပြည်နယ် ဘားအံမြို့တွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(National Case Management Program) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။**(ယာပုံ)**



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကျေးရွာနေပြည်သူများ အနေဖြင့် အမှုအတွက် တရားရုံးလာရာမှာ အခက်အခဲရှိပါကြောင်း၊ ထိုကဲ့သို့ ဖြစ်စဉ်မျိုးများလာပါက မကောင်းပါကြောင်း၊ ပြည်သူများ အားကိုးရသည့် တရားစီရင်ရေးဖြစ်ရေးနှင့် တရားရုံးကို အားကိုးလာရန် လိုအပ်ပါကြောင်း၊ တရားစီရင်ရေးကို မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးစေလိုကြောင်းနှင့် ဝိုင်းဝန်းကူညီ ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်တရားရေး ဦးစီးမှူး ဒေါ်အေးအေးမွန်နှင့် ဘားအံခရိုင်တရားသူကြီး ဒေါ်ဝင်းဝင်းမော်တို့က မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အသုံးပြုမည့်ပုံစံများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တရားရေးအရာရှိများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပြုရေး ဥက္ကဋ္ဌများ၊ တရားလွှတ်တော်ရှေ့နေများ တက်ရောက်ကြကြောင်းနှင့် နိုင်ငံတစ်ဝန်းရှိတရားရုံးများတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မော်လူးတွင် မြို့တွင်းလမ်းလမ်းနယ်နိမိတ်သတ်မှတ်နိုင်ရေး ကွင်းဆင်းတိုင်းတာ

**မော်လူး ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် ဇူလိုင် ၈ ရက် နံနက် ၁၁ နာရီခွဲက လမ်းနယ်နိမိတ်သတ်မှတ်နိုင်ရေးအတွက် ဒေသခံများနှင့်တွေ့ဆုံညှိနှိုင်းကာ လမ်း အကျယ်ပေ ၅၀ ကို ကွင်းဆင်းတိုင်းတာ စစ်ဆေးခဲ့ကြောင်းသိရသည်။

ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးကို လမ်းအင်္ဂါရပ်နှင့်အညီ တိုးချဲ့နိုင်ရေး မော်လူးမြို့တွင်းလမ်း နယ်နိမိတ်သတ်မှတ်နိုင်ရေးအတွက် မြို့ခံများနှင့် မော်လူးအုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံ၍ ပဏာမကြိုတင်ရှင်းလင်းပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံရှင်းလင်းပွဲ၌ မြို့ပြင်လမ်းအကျယ်ပေ ၁၅၀၊ မြို့တွင်းအကျယ်ပေ ၁၀၀ သတ်မှတ်ထားသော်လည်း မြို့တွင်းပေ ၁၀၀ အထိယူပါက ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲ၊ ယာများမှ ပြည်သူများအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ရမည်ဖြစ်သောကြောင့် မူလလမ်းအကျယ် ၁၈ ပေမှ ပေ ၅၀အကျယ်အထိ တိုးချဲ့နိုင်ရေးအတွက်လျာထားသည်တို့ကို ပြည်သူများအနေဖြင့်သိရှိစေရန် ကွင်းဆင်းကာ ညှိနှိုင်းတိုင်ပင်၍ ပဏာမတိုင်းတာသွားမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးထွန်းက ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး မော်လူးမြို့တွင်းလမ်းပိုင်းကို ကွင်းဆင်းတိုင်းတာစစ်ဆေးကြသည်။

အဆိုပါ ပဏာမကွင်းဆင်းတိုင်းတာရာသို့ အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြုံးနှင့် တာဝန်ရှိသူများက မော်လူးမြို့ပေါ် ပြည်ထောင်စုလမ်းဘေးဝဲ၊ ယာ မိဘပြည်သူများနှင့်တွေ့ဆုံညှိနှိုင်းကာ သတ်မှတ်ဧရိယာ လမ်းအကျယ်ပေ ၅၀ ကို စနစ်တကျကွင်းဆင်းတိုင်းတာခဲ့ကြောင်း သိရသည်။

**နီတိုး(မိုးညှင်း)**

## သားဖွားသင်တန်းသူများအား အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းပေး

**မြိတ် ဇူလိုင် ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သားဖွားသင်တန်းကျောင်း၌ သင်တန်းတက်ရောက်နေကြသော သင်တန်းသူများအား ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် မြန်မာ့တိုင်းရင်းဆေးပညာ၊ ဆေးဝါးများနှင့် ဒေသပေါက် ဆေးဖက်ဝင်အပင်များဖြင့် မိမိနှင့် မိမိပတ်ဝန်းကျင်တွင် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် အခြေခံတိုင်းရင်းဆေးပညာရပ်များကို ဇူလိုင် ၉ ရက်က သားဖွားသင်တန်းကျောင်း၌ ရက်တိုသင်တန်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



သင်တန်းကို မြိတ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပြီး မြိတ်ခရိုင်တိုင်းရင်းဆေးပညာဦးစီးမှူး ဒေါ်ဝါဝါက သင်တန်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။ အခြေခံတိုင်းရင်းဆေးပညာရပ်များကို ဇူလိုင် ၉ ရက်မှ ၁၁ ရက်အထိ သင်တန်းသူ ၄၈ ဦးကို သင်ကြား ပို့ချပေးသွားမည်ဖြစ်ပြီး အဆိုပါ သင်တန်းကို တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း ဖွင့်လှစ်ကြောင်း သိရသည်။

သင်တန်းတွင် မြန်မာ့တိုင်းရင်းဆေးပညာသမိုင်းနှင့် အထွေထွေဗဟုသုတ၊ မြန်မာ့တိုင်းရင်းဆေးပညာ အခြေခံသဘောတရား၊ ဒေသရာသီဥတုအလိုက် ယေဘုယျဖြစ်တတ်သော ရောဂါငယ်များနှင့် မြန်မာ့တိုင်းရင်းဆေးပညာ၊ ရောဂါအလိုက်သုံးစွဲနိုင်သော ဆေးဖက်ဝင်အပင်များ၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနသုံးဆေးဖုံများ၊ မီးဖိုချောင်သုံး ဆေးဖက်ဝင်အသုံးပြုပုံနှင့် မိမိပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင်အပင်များ၊ တိုင်းရင်းဆေးပညာဖြင့် ဆောင်ရန်ရှောင်ရန်နှင့် သတိပြုရန် နည်းလမ်းများ၊ ကြပ်ထုပ်နှင့် အထွေထွေကုထုံး၊ တိုင်းရင်းဆေးပညာအဓိပ္ပာယ် ဖွင့်ဆိုချက်များကို တိုင်းရင်းဆေးပညာဦးစီးဌာနမှ နည်းပြ သုံးဦး သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

တိုတိုထွာထွာဖတ်စရာ

### ပန်းတောင်းမြို့နယ်၌ ကဗျာရေးနည်း၊ စာရေးနည်း သင်တန်းဖွင့်

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးပြီး ကျောင်းသား ကျောင်းသူများ စာပေဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ကဗျာရေးနည်း၊ စာရေးနည်း အခြေခံသင်တန်းကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီက ပန်းတောင်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် စာရေးဆရာ ဦးလှကျော်က စာရေးနည်းများကို အသေးစိတ်သင်ကြားပို့ချခဲ့ကာ စာရေးဆရာ ဦးနေဒူးက ကဗျာရေးနည်းကို သင်ကြားပို့ချခဲ့ကာ အလယ်တန်းမှ အထက်တန်းအထိ ကျောင်းသား ကျောင်းသူ ၄၆ ဦး တက်ရောက်ခဲ့ကြသည်။

**သင်းသင်းအေး (ပြန်/ဆက်)**

### လွယ်ဂျယ်မြို့ ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်

**လွယ်ဂျယ်**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဇူလိုင် ၅ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ရဲလင်းအောင်၊ မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်၊ နယ်မြေရဲစခန်းမှူး ဒု-ရဲမှူးမြင့်ထွန်းဦးနှင့် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ကြပြီး ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လွယ်ဂျယ်(ပြန်/ဆက်)**

### ဇီးကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးဖွင့်လှစ်

**ပခုက္ကူ**

ပခုက္ကူမြို့နယ် ဇီးကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၉ ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကျောင်းဆိုင်းဘုတ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဇီးကုန်းကျေးရွာသည် ဧရာဝတီမြစ်လယ်ကျွန်းရွာတစ်ရွာဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးအခက်အခဲအရ အခြေခံပညာအလယ်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ၁၆၃ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

ဒီနာ ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ
သီရိလင်္ကာ / ထိုင်း ဘုရားဖူးခရီးစဉ် (၆ ညအိပ် / ၇ ရက်) 1350 USD
ထွက်ခွာမည့်နေ့ရက်များ - ဩဂုတ် ၁၂၊ ၂၀။ (စွယ်တော်လှည့်လည်ပူဇော်ပွဲ) (ကိုတယ်တည်း)
အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၅ ရက်) 850 USD + ၅၀၀၀၀ိ/-
ထွက်ခွာမည့်နေ့ရက်များ - အောက်တိုဘာ ၂၁ (သင်္ဃနုဂိုရ်သိတင်းကျွတ်လပြည့်ပူဇော်ပွဲ)၊ ၂၈။ နိုဝင်ဘာ ၄၊ ၁၂၊ ၁၈၊ ၂၈။ ဒီဇင်ဘာ ၉၊ ၂၃*၊ ဇန်နဝါရီလ ၆*၊ ၁၃*၊ ၂၀*၊ ၂၇။ ဖေဖော်ဝါရီ ၃၊ ၁၀၊ ၁၇၊ ၂၄။ မတ် ၃၊ ၁၀၊ ၁၇၊ ၂၄၊ ၃၁။ ဧပြီ ၇။
(မှတ်ချက် - * ဖော်ပြထားသောနေ့ရက်များအား ဆောင်းရာသီအထူးခရီးအဖြစ် 50 USD လျှော့ပါသည်။)
အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ ရက်) 700 USD + ၅၀၀၀၀ိ/-
ထွက်ခွာမည့်နေ့ရက် - ဧပြီ ၁၄။
သက်တမ်းရှိနိုင်ငံကူးလက်မှတ်လက်ဝယ်ကိုင်ဆောင်ထားသူများကို အထက်ပါဈေးနှုန်းအတိုင်း ပို့ဆောင်ပေးပါသည်။
ဒီနာ ဘုရားဖူးအဖွဲ့ - အမှတ်(၂၅)၊ အခန်းအမှတ်(၃၀၃)၊ ... ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
- အမှတ်(၁၃/က)၊ ... ဖုန်း - 545215, 545216, 555173, 09 2563 18043
- (I-6)၊ ... ဖုန်း - 09 402 64 8989, 09 5300305

# ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းမင်္ဂလာနှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ခြင်း မင်္ဂလာ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်-ပြည်လမ်း၊ ရှမ်းစုရပ်ကွက်၊
မဟာအတုလဝေယံဘုံသာ **တိပိဋကရွှေပါရမီ** ကျောင်းတော်ကြီး၏
**ဦးစီးပဓာနနာယက၊ တိပိဋကဓရ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်**
**ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ** အမှူးပြုသော
ကျောင်းတော်ကြီးအတွင်း၌ ဝါဆိုဝါကပ်တော်မူကြကုန်သော စာချ၊ စာသင်
သံဃာတော်အရှင်သူမြတ် (၁၃၆)ပါးနှင့် ပင့်သံဃာတော်အရှင်သူမြတ်(၃၀)ပါးတို့အား
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း **သာမဏေကျော်ဘွဲ့ရ** သာသနဓဇအာဇာနည်
**အရှင်အဂ္ဂသာမီလင်္ကာရ၊ အရှင်အဂ္ဂဝံသာလင်္ကာရ၊ ရှင်အာလောကာလင်္ကာရ**
အရှင်သူမြတ် (၃)ပါးနှင့် စာအောင်သံဃာတော်အရှင်သူမြတ်(၅၁)ပါးတို့အား
ချီးကျူးဂုဏ်ပြု ပူဇော်လှူဒါန်းခြင်း ကုသိုလ်ကောင်းမှု မင်္ဂလာပွဲကို
ရန်ကုန်မြို့၊ လှိုင်မြို့နယ်
ကျောင်းဒါယကာကြီး **(ဦးထွန်းလတ်)**-ကျောင်းဒါယိကာမကြီး **သုဓမ္မသိင်္ဂီ ဒေါ်မြရွှေ**
**(မိုးသောက်ရေသန့်နှင့် ပြည့်စုံချမ်းသာစီးပွားရေးလုပ်ငန်းစု)** မိသားတစ်စုတို့က
သာသနာတော်နှစ် ၂၅၆၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၀-ပြည့်နှစ်၊
ဒုတိယဝါဆိုလဆန်း(၃)ရက်၊
(၁၅-၇-၂၀၁၈)ရက် တနင်္ဂနွေနေ့၊ နံနက်(၉း၀၀)နာရီတွင်
လှူဒါန်းပူဇော်ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေများလည်း
ကျွန်တော်၊ ကျွန်မတို့နှင့်အတူ
သာဓုအနုမောဒနာတရား နာယူကြည်ညိုပူဇော်နိုင်ပါရန်
လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**(ဦးထွန်းလတ်)-သုဓမ္မသိင်္ဂီ ဒေါ်မြရွှေ**
**(မိုးသောက်ရေသန့်နှင့် ပြည့်စုံချမ်းသာစီးပွားရေးလုပ်ငန်းစု) မိသားစု**

ခေတ်ပြတိုက်စာပေ၏ထုတ်ဝေမှု
ဝါဒဖြိုင်ပွဲနှင့်ပတ်ဝန်းကျင်ကို ကိုင်လှုပ်သောတအုပ်
ပါရဂူ
တစ်ကြိမ်တစ်ခါမျှ ပုံနှိပ်ထုတ်ဝေဖူးခြင်းမရှိသေးသော ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ် ၂၅ ဦးအကြောင်းစုစည်းထားသော ဆရာပါရဂူ၏ စာပေလက်ရာများ။
ဖုန်း- ၀၉ ၄၄၃၀ ၃၇၇၂၇၊ ၀၉ ၅၀၇ ၉၆၇၈ (ထွက်ပြီ)

ရောင်ခြည်ထဲ
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

'သက်ရှည်ကျန်းမာလိုလျှင်'
ငွေနန်းထိုက်
နန်းကြီးသုပ်၊ နန်းပြားသုပ်ကို စားပါ...
မြန်မာ့ပထမဆုံး ဓါတုဆေးများမပါသော
ကျန်းမာရေးအတွက် ကိုယ်တိုင်ထုတ် အစိမ်းဖောက်မုန့်ဖတ်၊ ဂျုံခေါက်ဆွဲ၊ မြေပဲဆုံဆီ၊ မန္တလေးပဲမှုန့် အစစ်များကိုသာ အသုံးပြုထားပါသည်။
အမှတ် 003-A နှင်းဆီလမ်း၊ ... ✆ ၀၉ ၄၄၄၄ ၅၁၆၄၃၊ ၀၉ ၄၅၀၀ ၄၄၅၃၅

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက်.....
မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?
Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?
ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?
ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှ
အတူတူပညာသင်ကြားကြစို့ !
METRO
IT & Japanese Language Centre
2018 July 20 ရက်တွင်ဖွင့်လှစ်မည့်
IT Course တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ
IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး
IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏
IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည်
" Only One School in Myanmar "



09-976334160, 09-262007900
Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်
THE LAST CHANCE SEMINAR
14th July 2018 ( Saturday ) 1:00 pm ~ 3:00 pm
စိတ်ပါဝင်စားသူများ ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။ ကျောင်းသားကျောင်းသူများအတွက် Free Trial Lecture များကို တက်ရောက်သင်ယူနိုင်ရန်လည်း စီစဉ်ထားရှိပါသည်။




# ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)

## ရမ္မာဝတီဒိုးတွားရိပ်သာတည်ဆောက်ရေး ဆက်လက်လှူဒါန်းကြသည့်အလှူရှင်များ

| စဉ် | အမည် | နေရပ် | လှူဒါန်းငွေ (သိန်း) |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တသီလဝံသာဘိဝံသ | ပါမောက္ခဆရာတော်၊အောင်မြေရတနာစာသင်တိုက် | ၁၀ |
| ၂။ | ဒေါက်တာသီလဝံသ | အောင်ဆုပန်ကျောင်း၊သဃ်န်းကျွန်း | ၁၀ |
| ၃။ | ဘဒ္ဒန္တဇဋိလ | ရွာမကျောင်း၊တောင်ဒဂုံ | ၁၀ |
| ၄။ | ဘဒ္ဒန္တသုမင်္ဂလ | ဆည်တော်ကြီးကျောင်း၊ရွှေပေါက်ကံ | ၁၀ |
| ၅။ | ဦးတင်သိန်း+ဒေါ်အေးအေးသန်း | ဆပ်သွားဖူးလမ်း၊မှော်ဘီ | ၁၀ |
| ၆။ | ဦးထွန်းမြင့်+ဒေါ်သန်းသန်းအေး | ကျွန်းချောင်(၁)လမ်း၊သင်္ဃန်းကျွန်း | ၁၀ |
| ၇။ | ဦးသိန်းအောင်+ဒေါ်ခင်ခင်သိန်း | အရှေ့အာကနည်လမ်း၊ဗွတ္တလပ် | ၁၀ |
| ၈။ | မိခင်ကြီးဒေါ်ထွန်းမေအားအမှူးထား၍ ဦးစောသိန်း+ဒေါ်မြသီတာမိသားစု | (၁၄)လမ်း၊လမ်းမတော် | ၁၀ |
| ၉။ | ဦးကျော်တင်အောင်+ဒေါ်သန်းစိန် | ပုဂံ/ညောင်ဦး | ၁၀ |
| ၁၀။ | ဦးစံထွန်း+(ဒေါ်ထွေး)မိသားစု | ၂၈လမ်း၊ပန်းဘဲတန်း | ၇ |
| ၁၁။ | ဒေါက်တာဂုဏ္ဏာဝရိယ | မဟာဓာတ်မွေ့ရိုသာ၊ပုလဲမြို့သစ် | ၅ |
| ၁၂။ | ဘဒ္ဒန္တဇာဂရ | ညောင်စည်ရေကန်ကျောင်း၊လှိုင် | ၅ |
| ၁၃။ | ဒေါက်တာအရိယဝံသ | ညောင်စည်ရေကန်ကျောင်း၊လှိုင် | ၅ |
| ၁၄။ | ပရိယတ္တိဝန်ဆောင်သံဃာတော်များ | သာသနာ့အေးကျောင်း၊လှိုင် | ၅ |
| ၁၅။ | ဦးလှဘောင်း+ဒေါ်သန်းသန်းနု | နတ်ချောင်းလမ်း၊မရမ်းကုန်း | ၅ |
| ၁၆။ | ဦးတင်ဝင်း+ဒေါ်သိန်းခင် | ဗဟိုလမ်း၊စမ်းချောင်း | ၅ |
| ၁၇။ | ဦးဘညွန့်+ဒေါ်ကျော့ခင် | သတိပဋ္ဌာန်လမ်း၊တာမွေ | ၅ |
| ၁၈။ | ဦးကျော်ဆွေ+ဒေါ်အောင်တင်နု | သုမေ(၂)လမ်း၊သင်္ဃန်းကျွန်း | ၅ |
| ၁၉။ | ဘဒ္ဒန္တပညာဝံသ | သာသနာ့အလင်းရောင်ကျောင်း၊သင်္ဃန်းကျွန်း | ၃ |
| ၂၀။ | (ဦးသန်းအောင်)+ဒေါ်သန်းသန်းရီ | ဦးဖွေ့မှန်လမ်း၊စမ်းချောင်း | ၃ |
| ၂၁။ | ပါမောက္ခ(ငြိမ်း)ဦးမြင့်စောမိသားစု | မွေ့ရှိရာလမ်း၊ကျောက်မြောင်း | ၂ |
| ၂၂။ | ဦးဝင်းလှိုင်+ဒေါ်ကြည်ကြည်မြ | အင်းလမ်း၊ကျောက်မြောင်း | ၁ |
| ၂၃။ | ဦးစံမြင့်+ဒေါ်တင်အေး | ဝဏ္ဏသီရိလမ်း၊တာမွေ | ၁ |
| ၂၄။ | ဦးကျော်သန်းမိသားစု | သံသာအေးကျောင်း၊မြောက်ဒဂုံ | ၁ |
| ၂၅။ | ဦးကံချွန်+ဒေါ်မသူဇာ | သခင်ဘစိန်လမ်း၊မြောက်ဒဂုံ | ၁ |
| ၂၆။ | ဦးမြသောင်း+ဒေါ်တင်အေး | နိုင်ငံရွှေဝါလမ်း၊ကမာရွတ် | ၁ |

ကျန်အလှူရှင်များကို ဆက်လက်ကြေညာပါမည်။

ဆက်သွယ်လှူဒါန်းရန်

တည်ဆောက်ရေးအဖွဲ့(ရန်ကုန်) - ၀၉-၅၀၄၆၁၆၇ တည်ဆောက်ရေးအဖွဲ့(ရမ်းဗြဲ) - ၀၉-၂၆၁၃၉၂၈၈၈

ဘဏ်စာရင်းအမှတ် - ၀၉၄-၃၀၂-၀၉၄၀၀၃၆၂၀၁ ဦးရိုးဝင်း+၂ ကမ္ဘောဇဘဏ်၊ မင်္ဂလာဈေး (၂)




ပျိုလိုင်
အဆင့်မြင့်ဆံပင်အလှပြင်ဆိုင်
(၅)နှစ်ပြည့်အထူးအစီအစဉ် (20%)Discount
အခန်းတိုင်း ရေပူ/ရေအေး TV စလောင်း၊ Air Con, WIFI FREE
အမှတ်(၃၉၀)၊ ကားကြီးဝင်းအတက်လမ်း၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့
09-43177563 , 09-33363510

အမေ့ဝေအိမ်
အဆင့်မြင့်ဆံပင်အလှပြင်ဆိုင်
အခန်းတိုင်း ရေပူ/ရေအေး TV စလောင်း၊ Air Con, WIFI FREE
ရပ်ကွက်ကြီး(၄)၊ မန္တလေး-လားရှိုးလမ်း၊ ပြင်ဦးလွင်မြို့
085-23018, 09-955569996, 09-955569997



## အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်းဒါယကာကြီး

**ဦးတင်မောင်ဆွေ(ခရမ်းမြို့)**

**အသက်(၈၈)နှစ်**

**မြို့နယ်ကျန်းမာရေးမှူး(ငြိမ်း)**

**မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ ဥက္ကဋ္ဌ(ငြိမ်း)**

ရန်ကုန်မြို့၊ (၆)မိုင်ခွဲ၊ အမှတ် (၃၁/ဒီ)၊ အမက(၁၀) ကျောင်းလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ခင်သန်းနွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်နိုင်ဆွေ-ဒေါ်စိုးမိမိအောင်၊ ဦးသက်ဆွေ (အထွေထွေမန်နေဂျာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်နီလာထွန်း၊ ဦးကြည်ဆွေ-ဒေါ်ဆွေဆွေလှ၊ ဗိုလ်မှူးဟန်ဆွေ-ဒေါ်စုမြတ်မွန်၊ ဦးသန်းဆွေ-ဒေါ်ဥမ္မာသီ တို့၏ ချစ်လှစွာသောဖခင် ဦးတင်မောင်ဆွေသည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စာတည်းမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ကြေးမုံသတင်းစာတိုက်**

## တစ်နှစ်ပြည့်

**ဒေါ်လွင်လွင်အေး (B.A,GEO)**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

ဦးတင်အေး၏ဇနီး ဒေါ်လွင်လွင်အေး တစ်နှစ်ပြည့်တွင် မြဝတီဆရာတော်ကြီးအား အလှူငွေများနှင့် ဝါဆိုသင်္ကန်းများဆက်ကပ်ကောင်းမှုများ ပြုလုပ်ခဲ့ပါတယ်။ လွင်လွင်နဲ့အတူ အနန္တ သတ္တဝါတို့ မြတ်သောဘဝမှ သာဓုခေါ်နိုင်ပါစေ။

**ဦးတင်အေး**
**သင်္ဃန်းကျွန်းမြို့နယ်**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ခင်ချို (၉၄)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၃၁)၊ အိုးဘိုလမ်း၊ အိုးဘိုရပ်ကွက်နေ (ဦးထွန်းဝေ-ဒေါ်တား)တို့၏ သမီးထွေး၊ (ဦးစံလှဘော်)၏ ဇနီး၊ ဦးစိန်ဝင်း၊ ဦးဝင်းမောင်-ဒေါ်မြတ်သူ၊ ဒေါ်မြင့်မြင့်သန်း၊ ဦးဉာဏ်လင်း-ဒေါ်တင်မင်းထွေး၊ ဒေါ်သန်းသန်းငွေး၊ ဒေါ်မေခင်၊ ဦးစိုင်းထင်ကျော်-ဒေါ်ဖြူဖြူသင်း(MRTV)တို့၏မိခင်၊ ဒေါ်ခင်ဆွေဦး၏အဒေါ်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### အင်းမအသင်း(ရန်ကုန်)
**ကန်တော့ခံရာသက်ပန်အသင်းဝင်**

**ဦးမောင်ဟန် (၈၃)နှစ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရိပ်သာလမ်း၊ အမှတ်(၂၀)နေ ကန်တော့ခံရာသက်ပန်အသင်းဝင် ဦးမောင်ဟန်သည် ၉-၈-၂၀၁၈ ရက် နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟနှင့် အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့
အင်းမအသင်း(ရန်ကုန်)

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
**ဒေါ်ဆန်းညွန့်(ခ)မဆန်း(မြိတ်)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄) ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၁၉/၀၀၆)နေ (ဦးသိန်းမောင်)၏ဇနီးသည် ၅-၇-၂၀၁၈ (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

### ဦးငွေဝင်း(ပုလော/တိုရွာ)
**အသက်(၇၂) နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပလမြို့၊ တိုကျေးရွာ၊ ပိတပ်ရွာနေ (ဦးစောဖေ-ဒေါ်အေးတင်)တို့၏ သား၊ (ဒေါ်သန်းရှီ)၏ခင်ပွန်း၊ ကိုတင့်နိုင်-မချိုအေး၊ ကိုသာထူး-မစန်းအေး၊ ကိုသန်းနိုင်-မမီးငယ်၊ ကိုသန်းအေး-မထားထားဝင့်၊ မမီးကြီး-ကိုထွန်းသူရဇော်၊မမီးလေး-ကိုသန်းဇော်၊ မမီးထွေး-ကိုဝဏ္ဏတို့၏ဖခင်၊ မြေး ၁၆ ယောက်တို့၏အဘိုး ဦးငွေဝင်းသည် ၉-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၅း၄၀နာရီတွင် ကျောက်မြောင်း၊ မလွကုန်းလမ်း၊ အမှတ် (၄၇)၊ ငါးလွှာ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးစောထွန်း အသက်(၈၀)
**(မောင်စောထွန်း-ကျောင်းကုန်း)**

**B.A (H.G.P-RL)**

**လ/ထ ကထိက(ဗ. န. တ-ငြိမ်း)၊**
**လ/ထစာတည်းမှူး(ပြန်/ဆက်) ငြိမ်း**
**မြန်မာနိုင်ငံစာရေးဆရာ၊**
**သတင်းစာဆရာအသင်း၊**
**သက်ကြီးကန်တော့ခံ**
**ကျောင်းကုန်းမြို့နယ်အသင်းဝင်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၅/၇)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ ငုဝါပန်းခြံ၊ သီရိမင်္ဂလာပတ်လမ်းနေ (ဦးဘအို-ဒေါ်သိန်းရှင်)တို့၏ သား၊ (ဦးညွန့်မောင်-ဒေါ်ဖွားစိန်)တို့၏ သားသမက်၊ ဒေါ်သက်သက်ထွန်း(ထခွဲ၊ အလက-၄၊ ရွှေပြည်သာ)၊ ဦးသက်ဝေထွန်း-ဒေါ်အေးအေးမူ၊ ဦးသက်ဇော်ထွန်း(LANN Pyi Marine Co., Ltd.)-ဒေါ်လှလှရီ (မြန်မာ့စာတိုက်-ရန်ကုန်)၊ ဦးသက်ဆွေထွန်း(ဆလအ-ခွဲ၊ ၉၅၁)-ဒေါ်ခင်ပပအောင်မြင့်(စခန်းလပခ)၊ ဦးမင်းမင်းဦး(Shwe Kyet Pha Travel & Tour Co., Ltd)-ဒေါ်ခင်စန္ဒာထွန်း (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏ဖခင်၊ ကိုဇေယျာမင်း(မန်နေဂျာ-ရွှေတောင် Group)-ဒေါ်မူမူအောင် (ထ-၅၊ မြောက်ဥက္ကလာ)၊ မနေခြည်မြတ်နိုး၊ မကြယ်စင်တွယ်တာ၊ မောင်မင်းခန့်မောင်၊ မောင်ကျော်စွာအောင်၊ မသဲသဲကြည်ဖြူ၊ မောင်မင်းခန့်ဟိန်းတို့၏ အဘိုး၊ ဒေါ်တင်လှိုင်၏ခင်ပွန်းသည် ၉-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၅/၇)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ ငုဝါပန်းခြံ၊ သီရိမင်္ဂလာပတ်လမ်း၊ ဒေါ်တင်လှိုင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးအေးကြည် (၆၅)နှစ်
**တရားလွှတ်တော်ရှေ့နေ(မရမ်းကုန်း)**
**(မရမ်းကုန်းမြို့နယ် ဥပဒေအရာရှိဟောင်း)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် (၉၁၄)နေ (ဦးဖိုးသစ်-ဒေါ်ညိုစိမ့်)တို့၏ သား၊ ဒေါ်သန်းစိန်၏မောင်၊ ဦးကြည်ဝင်း၏ညီ၊ ဒေါ်ခင်ငွေဝင်း ၏ ခင်ပွန်း၊ ကိုလင်းနိုင်ဦး၊ ကိုအောင်မင်းခိုင်-မသက်သက်နိုင်၊ ကိုဝင်းမင်းဦး-မဖြူဖြူပြုံးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး ဦးအေးကြည်(တရားလွှတ်တော်ရှေ့နေ) သည် ၉-၇-၂၀၁၈ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ထွန်းခင်(အောက်သရက်ချောင်း)
**အသက် (၁၀၄) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ကံ့ကော်ရိပ်သာ(၁)၊ ကံ့ကော်(၅) လမ်း၊ အမှတ်(၁၃၆)နေ (ဦးဝမ်ရွှေ)၏ဇနီး၊ (ဦးဂွမ်တင်)-ဒေါ်အုန်းမြ၊ ဦးဟုတ်သွင်-ဒေါ်လှကြီး၊ (ဦးမာန်ကြည်)-ဒေါ်ညွန့်စီ၊ (ဦးကျော်လွင်)-ဒေါ်စန်းစန်းသူ၊ (ဦးဂွမ်ကြင်)-ဒေါ်ခင်ရွှေ၊ (ဦးသန်းညွန့်)-ဒေါ်အောင်မေ၊ (ဦးအောင်သန်း)-ဒေါ်ခင်လေး၊ ဦးကျော်မြင့်-ဒေါ်ဖွားသီး၊ ဦးပြည်သန်း-(ဒေါ်ကြည်လေး)၊ (ဦးကျော်စိန်)-ဒေါ်ထွေးကြည်၊ (ဦးမြင့်မောင်)-ဒေါ်ခင်အုန်းမြင့်၊ သားသမီး ၁၁ ယောက်တို့၏မိခင်ကြီးသည် ၈-၇-၂၀၁၈ ရက် ည ၁၁ နာရီတွင် ရန်ကုန်မြို့၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ (ဦးဂွမ်ကြင်)-ဒေါ်ခင်ရွှေတို့၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ မင်္ဂလာဒုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကိုကိုကြီး**

**အသက်(၈၂)နှစ်**

**သံအမတ်ကြီး(ငြိမ်း)**

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် ၁-၁-၁၉၆၆ ရက်နေ့မှ ၂၈-၂-၁၉၇၉ ရက်နေ့ထိ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးကိုကိုကြီး အသက်(၈၂)နှစ် သည် ၇-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**ဒေါ်ခင်မမ**

**B.Com(A.A), R.A, (C.P.A), B.Ed**

**(လက်မှတ်ရစာရင်းကိုင်၊ အထပြ-ငြိမ်း၊ ၁၃-အထက)**

**အသက်(၇၅)နှစ်**

မန္တလေးမြို့၊ (၈၃)လမ်း၊ တောင်ဘလူရပ်နေ (ဦးညို-ဒေါ်စိန်)တို့၏ သမီး၊ (ဒေါ်ကြည်ကြည်)၊ (ဦးခင်မောင်သန်း)၊ (ဦးကိုကို)တို့၏ ညီမ၊ ဦးမြစိန်၏ ချစ်လှစွာသောဇနီး သည် ၉-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၃း၅၅ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် တောင်ဘလူနေအိမ်မှ အေးရိပ်ငြိမ်ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဦးမောင်မောင်သန်း (မုံရွာ) အသက်(၇၀)
**B.E (Mech; 1964-1970)**

**Chief Engineer (FG)**

မုံရွာမြို့၊ ဆိုင်းတန်းလမ်း၊ ဘုရားကြီးရပ်နေ (ဦးဘမောင်-ဒေါ်မေ)တို့၏ သား၊ မုံရွာမြို့၊ ရှမ်းကောရပ်နေ (ဦးဘမောင်-ဒေါ်အောင်မေ)တို့၏သားသမက်၊ မုံရွာမြို့နေ ဒေါ်ခင်မမ၏မောင်၊ မရမ်းကုန်းမြို့နယ်၊ (၁၄၆/၄-၁)၊ ပြည်လမ်း၊ ၈-မိုင်ခွဲ၊ မရမ်းကုန်းနေ နေအိမ်နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဒေါ်သန်းသန်း၏ အစ်ကို၊ ကိုနေဝန်းကျော် (USA)-မနန်းယဉ်မင်းသန်း၊ Dr.သူရမြင့်-Dr.သိင်္ဂီမောင်မောင်၊ HAIM SCHWEITZER-ကြည်သာမောင်မောင် (CRYSTAL MAUNG, USA)တို့၏မွေးသဖခင်၊ ဆုလာဘ်ဝေ၏ဘိုးဘိုးကြီး သည် ၆-၇-၂၀၁၈(သောကြာနေ့) ည ၁၁း၄၀နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၈(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၈(ကြာသပတေးနေ့) နံနက် ၆ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်စန်းစန်းရီ (၈၇)နှစ်
**ကညွတ်ကွင်းမြို့**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်(၂၃) နေ (ဦးအောင်ချစ်)၏ဇနီး၊ ဦးခင်မောင်တင်-ဒေါ်ဇာရည်အောင်၊ ဦးကျော်ညွှန့်-ဒေါ်သီတာအောင်၊ ဦးမျိုးမင်း-ဒေါ်ခင်ဆန်းမြင့်၊ ဦးညွှန့်ဝင်း-ဒေါ်တင်တင်ဝေ၊ ဦးမျိုးသန့်ဇော်-ဒေါ်ရီရီမွန်တို့၏ မိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၈-၇-၂၀၁၈ ရက် မွန်းလွဲ ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ရဟန်း ဒါယိကာမကြီး
**ဒေါ်ပုညစာရီ(ခ)ဒေါ်ဗေဒါထွန်း**

**(B.A, History)**

**(လသာ-၂ ကျောင်းသူဟောင်း)**

**အသက်(၅၃)နှစ်**

လမ်းမတော်မြို့နယ်၊ စည်ပင်သာယာရေးကော်မတီဝင် လူမှုအဖွဲ့အစည်း (ဟောင်း)၊ ရန်ကုန်မြို့၊ အမှတ်(၆၅)၊ (၉)လမ်း၊ ရှစ်လွှာနေ (ဦးထွန်းအုန်း-ဒေါ်ရင်မြ)တို့၏ သမီး၊ ဦးထွန်းလှ၊ ဒေါ်ရွှေဝါထွန်းတို့၏ညီမ၊ [ဦးစိုးလွင် (မိုက်ခရိုဝေ့လ်လက်ထောက်အင်ဂျင်နီယာ)]၏ဇနီး၊ မပေမာစိုးလွင်၏မိခင်သည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) ည ၉း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ခုတင် ၅၀၀ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးစိန်ဝင်း အသက်(၈၀)**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်းသွယ်(၇)၊ အမှတ်(၆၅/၅)နေ ဒေါ်အေးအေးမြင့်၏ ခင်ပွန်း၊ ဦးသန်းအောင်ဦး (စစ်ဆေးရေးဌာန၊ YCDC)-ဒေါ်ဥမ္မာစိုး၊ ဦးထွန်းထွန်းဦး-ဒေါ်မိုးမိုးမြင့်၊ ဦးအောင်ဇော်ဇော်-ဒေါ်ဝါဝါဝင်းတို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၉-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၆ နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
**ဦးငွေဝင်း(ပုလော/တိုရွာ)**

**အသက်(၇၂)နှစ်**

**အသင်းဝင်အမှတ်-၂၀၄၂**

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ မလွကုန်းလမ်း၊ အမှတ်(၄၇)၊ ငါးလွှာနေ (ဒေါ်သန်းရှီ)၏ ခင်ပွန်းသည် ၉-၇-၂၀၁၈(တနင်္လာနေ့) နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းမှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

## အနိစ္စ

### ခရမ်းမြို့နယ်အသင်း(ရန်ကုန်)
**ဦးတင်မောင်ဆွေ(ခရမ်းမြို့)**

**အသက်(၈၈)နှစ်**

**အသင်းဝင်အမှတ်(၇၁၀)**

ရန်ကုန်မြို့၊ (၆ မိုင်ခွဲ)၊ အမှတ်(၃၁/ဒီ)၊ အမက(၁၀)၊ ကျောင်းလမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ခင်သန်းနွဲ့၏ ချစ်လှစွာသောခင်ပွန်း ဦးတင်မောင်ဆွေသည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

### ရဟန်းဒါယိကာမကြီး
**ဒေါ်သောင်း (၈၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၂၀၃/က)၊ ပါရမီလမ်း၊ (၄)ရပ်ကွက်နေ (ဦးအောင်ခင်)၏ဇနီး၊ ဦးအောင်ကြည်မင်း-Dr. ဒေါ်အေးအေးသိန်း(ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးခင်မောင်ညို-ဒေါ်အေးအေးရီ၊ (ဦးဝင်းမောင်)-ဒေါ်အေးအေးကြည်၊ ဒုအရာခံဗိုလ်ကျော်လွင်-ဒေါ်ဝေနွယ်စိုး၊ ဦးဇော်လွင်-ဒေါ်အေးအေးအောင်၊ ဦးမျိုးမင်းမင်းလတ်-ဒေါ်အေးအေးထွေး၊ ဦးလှမြင့်ထွန်း-ဒေါ်ရီရီသန့်တို့၏မွေးသမိခင်၊ မြေး ၁၃ ယောက်တို့၏အဘွားသည် ၉-၇-၂၀၁၈ရက် နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးဝင်းစိုးနိုင် (၅၅)နှစ်
**ပုဇွန်တောင်တပ်မြေ**

ရန်ကုန်မြို့၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ မြခွာညိုလမ်း၊ အမှတ် (၁၂)နေ (ဦးသိန်းအောင်)၊ ဒေါ်ခင်ရီတို့၏ချစ်လှစွာသောသားကြီး၊ (ဒေါ်ခင်ညို)၏တူ၊ ဦးသိန်းဇော်ဝင်း(ပထဝီဝင်ဌာန၊ ဟင်္သာတတက္ကသိုလ်)-ဒေါ်ခင်ယုလှိုင်၊ ဦးဝင်းထွဋ်ဝင်း(ဆက်သွယ်ရေး)-ဒေါ်ခင်ခင်ယု(ဆက်သွယ်ရေး)၊ ဦးဝင်းမြင့်အောင်(ခ)ဦးကိုကိုဝင်း-ဒေါ်ခင်မို့မို့စိမ်းတို့၏အစ်ကိုကြီး၊ မောင်ဝေဖြိုးအောင် (အရှေ့ပိုင်းတက္ကသိုလ်)၊ မရည်မွန်သီရိသိမ်း(T.T.C)၊ မောင်ကောင်းထက်အောင်(လသာ-၁)၊ မဖြူစင်သီရိနိုင်(T.T.C)တို့၏ ဘဘကြီးသည် ၈-၇-၂၀၁၈ ရက် နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၈ (စနေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**မိုဟာမက်ရာကွတ်(ခ)**
**မိုးကျော်ကျော် အသက်(၄၀)**

**(HARLEY-DAVIDSON @ of MANDALAY, MYANMAR,**
**(St.Augustine 96 batch)**
**အထက(၂) ကမာရွတ်**
**ကျောင်းသားဟောင်း၊**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**
**(စာရင်းအင်းပညာ)၊ ကျောင်းဟောင်း**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းတောင် အနောက်ရပ်ကွက်၊ အမှတ်(၁၈)၊ ဦးကြွယ်ဟိုးလမ်းနေ [ဦးကစ္စနား-ဒေါ်လှရီ(ခ) ဒေါ်ဒါဘီယာ]၊ မန္တလေးမြို့နေ (ဦးအဒူကနီ)-ဒေါ်နန်းခင်တို့၏မြေးဦး၊ ဦးမောင်မောင်လှ-ဒေါ်မာလာတို့၏တစ်ဦးတည်းသောသား၊ ဒေါ်စန်းစန်းမြင့်၏တူ၊ မမိုးမိုးသူ၊ မမိုးသန္တာတို့၏အစ်ကိုကြီး မိုဟာမက်ရာကွတ်(ခ)မိုးကျော်ကျော်သည် ၆-၇-၂၀၁၈ (သောကြာနေ့) နံနက် ၁၁း၀၃ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ အစ်ရှာချိန်အပြီးတွင် မန္တလေးမြို့၊ စိန်ပန်းဇလီမှ မန္တလေးမြို့လုံးဆိုင်ရာ အေးရိပ်ငြိမ်မွတ်စလင်(မ်)ကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေ သူငယ်ချင်းများ အားလုံးကို အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဘဒ္ဒန္တ ပရမ မထေရ် (ဓမ္မာစရိယ) (ထမ္မဒိုင်)**

**သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅)နှစ်**

**စံကျောင်းတော်ချနှင့် အန္တိမအဂ္ဂိစျာပန ကျင်းပပူဇော်ပွဲ**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်း၏/မြောက် ရပ်ကွက်၊ ရွှေနားပန် ပရိယတ္တိစာသင်တိုက်နှင့် သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁၈)ရပ်ကွက်၊ သီဟိုဠ်ကျောင်းတိုက်တို့၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပရမ မဟာထေရ် သိက္ခာတော် (၅၅)ဝါ၊ သက်တော် (၇၅)နှစ်သည် ၃-၇-၂၀၁၈ (အင်္ဂါနေ့) ည ၁၀း၄၅ နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် စံကျောင်းတော်ချပူဇော်ခြင်းကို (၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလကွယ်နေ့)၊ ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) နှင့် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်)၊ ၁၃-၇-၂၀၁၈ (သောကြာနေ့)များတွင် ကျင်းပပြီး အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကို (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်)၊ ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ အဂ္ဂိစျာပနပူဇော်မည်ဖြစ်ပါကြောင်း။ (မွန်းတည့် ၁၂ နာရီတွင် တရားနာပြီး မွန်းလွဲ ၁ နာရီတွင် ကျောင်းမှကားများ ထွက်ပါမည်။) တပည့် ဒါကာ/ဒါယိကာမများ

### ရဟန်းဒါယကာကြီး
**ဦးအေးလွင် (၈၇)နှစ်**

**ဟင်္သာတရာသက်ပန်အသင်းဝင်**

(ဦးအေးမောင်-ဒေါ်စောမြိုင်)တို့၏ သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့ (၁၀)လမ်း၊ အမှတ်(၉၀၁)နေ (ဒေါ်ဝင်းကြည်)၏ခင်ပွန်း၊ ဦးစိုးနိုင်-ဒေါ်တင်တင်အေးတို့၏အစ်ကို၊ ဦးဇော်ဝင်း-(ဒေါ်ခင်သီတာလွင်)၊ ဦးတင်ရွှေ-ဒေါ်ဥမ္မာလွင်၊ (ဦးမြင့်စိုး)-ဒေါ်ချယ်ရီလွင်၊ ဦးသောင်းထိုက်-ဒေါ်ခင်စိုးဦး၊ ဦးကျော်ဇေယျ-ဒေါ်စန္ဒာလွင်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၉-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
**ဒေါ်တင်တင်ရီ(ဗမာအမျိုးသမီးပုံနှိပ်တိုက်)**

**အသက် (၈၇)နှစ်**

အမှတ်(၉၉)၊ မန္တလေးလမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးမောင်မောင်-ဒေါ်စောညွန့်)တို့၏သမီး၊ [ဦးစောလွင်(လမ်းစဉ်သတင်းစာ)]၏ဇနီး၊ (ဦးချစ်ရီဦး)၊ ဦးချစ်ရီလေး-ဒေါ်စန်းစန်းမြင့်၊ ဦးချစ်ရီထွေး-ဒေါ်စိုးစိုးဦး၊ ဒေါ်နွယ်လွင်ဦး၊ ဗိုလ်မှူးကြီးကြည်ဇော်-ဒေါ်နွယ်လွင်လေး၊ ဦးညီညီထွန်း-ဒေါ်နွယ်လွင်ထွေး၊ ဦးချစ်ရီတိုး-ဒေါ်ချိုဝင်းသန့်တို့၏မွေးသမိခင်သည် ၈-၇-၂၀၁၈ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၉၉)၊ မန္တလေးလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဆရာမကြီး ဒေါ်ခင်သောင်းရွှေ(နတ်တလင်း)**

**အသက် (၈၇) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ဈေးလမ်း၊ အမှတ်(၁)နေ (ပန်းထိမ်ဆရာကြီး ဦးအေးမောင်-ဒေါ်သိန်းရင်)တို့၏သမီးကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ [ဦးတင်ထွန်း(ဗဟိုဘဏ်-ငြိမ်း)-ဒေါ်တင်ရွှေ]တို့၏ အစ်မ၊ ကာယဆရာကြီးဦးလှ၏ချစ်လှစွာသောဇနီး၊ နတ်တလင်းမြို့၊ မြို့မကျောင်းလမ်းနေ ဆရာဦးသောင်းတင်-ဆရာမဒေါ်ကြူကြူဆွေ၊ ပျဉ်းမနားမြို့နေ ဦးလှဘုန်းမြင့် (RIT ,75-81)-ဒေါ်မူမူခိုင်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ် (၁၈)နေ ဦးလှမိုးအောင် (E/O, Norstar Ship Management)၊ ကိုအောင်ကျော်ဖြိုး-မနှင်းဖွေးဖွေး၊ ကိုရဲမင်းမင်းလတ်-မတင်ဥမ္မာဖြိုး၊ ကိုဇော်ဇော်အောင်(လ/ထမန်နေဂျာ၊ ကသာ အရှေ့သစ်ထုတ်လုပ်ရေး)-မမြမိုးမိုးကျော်၊ (ကိုတိုးထက်အောင်)၊ မောင်မျိုးဟန်ကျော်လှမိုး(2nd year, English)၊ မောင်ဇွဲရန်နိုင်လှမိုး(4th Year,Archi)၊ မောင်အာကာဘုန်းမြင့်၊ မောင်ဥက္ကာဘုန်းမြင့်၊ မဆုမြတ်ဘုန်းမြင့်၊ မသံသာဘုန်းမြင့်၊ မြစ်ခြောက်ယောက်တို့၏ ချစ်လှစွာသောဘွားဘွား ဆရာမကြီး ဒေါ်ခင်သောင်းရွှေသည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ် ၁၈ နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၆ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးအေးကျော် (၅၄)နှစ်**

**ရွှေပြည်တန် အထည်ဆိုင်**
**မင်္ဂလာဈေး**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးရွှေမြိုင်)-ဒေါ်သိန်းမြတို့၏သားကြီး၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးလှထွန်းဦး)-ဒေါ်သိန်းရှင်တို့၏သားသမက်၊ ဦးမင်းအောင်ဆွေ-(ဒေါ်စမ်းစမ်းအေး)တို့၏မောင်၊ ဗိုလ်မှူးစိုးဝင်းအောင်-ဒေါ်စမ်းစမ်းမွှေးတို့၏ အစ်ကို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၅၇)၊ သုံးလွှာ၊ (၁၂၁)လမ်းနေ ဒေါ်ရည်မေ၏ချစ်လှစွာသောခင်ပွန်း၊ မမိုးမိုးထက်ကျော်၏ ချစ်လှစွာသောဖခင် ဦးအေးကျော်သည် ၉-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကိုမျိုး(ခ)ကိုမျိုးညွှန့်သန်း
**(ကားရောင်းဝယ်ရေး)**

**အသက် (၅၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ အမှတ်(၉၅)၊ (၉၄)လမ်း၊ ကန်တော်ကလေးနေ (ဦးကျင်သန်း-ဒေါ်အုန်းကျင်)၊ ဦးတင်အောင်-(ဒေါ်စိန်မြ)တို့၏မြေး၊ [ဦးခွေး(ခ) ဦးအောင်ညွှန့်-ဒေါ်သန်းမြင့်]တို့၏ ချစ်လှစွာသောသားကြီး၊ ကိုဝင်းညွှန့်သန်း၊ ကိုရဲညွှန့်သန်း-ဒေါ်အေးမာတို့၏အစ်ကိုကြီး၊ မောင်ထက်နိုင်ထွန်း၊ မောင်ဇေလင်းထွန်းတို့၏ ဘဘကြီး ကိုမျိုး(ခ)ကိုမျိုးညွှန့်သန်းသည် ၉-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအစည်းအဝေး တက်ရောက်





ဒုတိယသမ္မတ ဦးမြင့်ဆွေ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၁၈ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။**

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

# (၁၆)ကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

(၁၆)ကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပသည်။

(၁၆)ကြိမ်မြောက် အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာတင်မျိုးဝင်း၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဦးသုဝေ၊ ပူးတွဲကော်မတီဝင်များဖြစ်ကြသည့် အစိုးရ၊ လွှတ်တော်၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❋**



(၁၆)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကျင်းပစဉ်။

## အာဆီယံ ယူ-၁၉ ပြိုင်ပွဲ မြန်မာနှင့် မလေးရှား ယနေ့ကစားမည်

**ပလန်ဘမ် ဇူလိုင် ၉**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စု(ခ)နောက်ဆုံးနေ့ပွဲများကို ဇူလိုင် ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရေး အဆုံးအဖြတ်အဖြစ် မလေးရှားနှင့် ကစားရမည်ဖြစ်ကာ အနိမ့်ဆုံးသရေကျရုံဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

### ညနေ ၃ နာရီတွင် ကစားမည်

နောက်ဆုံးနေ့နှစ်ပွဲစလုံးမှာ ဆီမီးဖိုင်နယ်တက်ရောက်ရေး အဆုံးအဖြတ်ပွဲ ဖြစ်နေသောကြောင့် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲအဖြစ် မြန်မာအသင်းနှင့် မလေးရှားအသင်း၊ တီမောအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

### အပြောင်းအလဲ ပြုလုပ်ရမည်

မြန်မာအသင်းသည် အနိုင်ရပါက အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ကမ္ဘောဒီးယားကို လေးဂိုး-တစ်ဂိုး၊ ဘရူနိုင်းအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တီမောအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းသည် အုပ်စုအဆင့်သုံးပွဲတွင် ၁၃ ဂိုးသွင်းယူနိုင်သော်လည်း ပွဲတိုင်းဂိုးပေးထားရသောကြောင့် ခံစစ်ပိုင်းအမှားနည်းစေရန် အပြောင်းအလဲ ပြုလုပ်ရမည်ဖြစ်သည်။ မလေးရှားအသင်းမှာမူ ကမ္ဘောဒီးယားကို နှစ်ဂိုး-ဂိုးမရှိ၊ ဘရူနိုင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး တီမောအသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။

**ရှိုင်းထက်ဇော်**

" 30 % ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့် အခွင့်အရေး "













(36)လတိတိ အရစ်ကျပေးချေနိုင်သည့် အခွင့်အရေး.......

- လှိုင်သာယာမြို့နယ်စက်မှုဇုန်များ၏အနီးတွင်တည်ရှိသောကြောင့်စီးပွားရေးအတွက်အကွင်းကျသောနေရာ ..........
- ပန်းလှိုင်၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ ရွှေပြည်သာ တံတား(၄)စင်းအနီးတွင်တည်ရှိ၍လွယ်ကူစွာသွားလာနိုင်သောနေရာ ..........
- နေထိုင်ရန်နှင့်စီးပွားရေးလုပ်ရန်အတွက်ပေါင်းစုထားသောနေရာ .............
- နေထိုင်သူများအတွက်အဆင်ပြေကျေနပ်မှုရရှိစေရုံသာမက စီးပွားရေးလုပ်ရန်၊ ဆိုင်ခန်းဖွင့်ရန် ကောင်းမွန်သောနေရာ ..........
- ခေတ်မီကလေးကစားကွင်း၊ ဘောလုံးကွင်းနှင့်အားကစားလေ့ကျင့်နိုင်သည့် ပစ္စည်းများပါရှိမည်ဖြစ်သောကြောင့် လူကြီးလူငယ်အပန်းဖြေပျော်ရွှင်စေနိုင်မည့်နေရာ....



ဖုန်း-၆၅၀၅၃၅၊၆၆၆၀၈၃၊၆၅၀၄၃၆၊၀၉-၇၃၀၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။